ကြေးမုံ
The Mirror
Established in 1957
၁၃၇၅ ခုနှစ်၊ တန်ခူးလဆန်း ၁ ရက်၊ တနင်္လာနေ့ (31-3-2014) (၇၈၀၁)

ပြည်သူ့စွမ်းအားဖြင့်
နိုင်ငံတော်ကို
တည်ဆောက်အံ့

ထူးခြားသည့် နေ့အပူချိန်များ

ချောက်	၄၃	ဒီဂရီစင်တီဂရိတ်
မုံရွာ	၄၂	ဒီဂရီစင်တီဂရိတ်
မြင်းခြံ	၄၂	ဒီဂရီစင်တီဂရိတ်
ညောင်ဦး	၄၂	ဒီဂရီစင်တီဂရိတ်
ကျောက်ဆည်	၄၂	ဒီဂရီစင်တီဂရိတ်
မင်းဘူး	၄၂	ဒီဂရီစင်တီဂရိတ်
မကွေး	၄၂	ဒီဂရီစင်တီဂရိတ်

နိုင်ငံတစ်ဝန်း ပြည်လုံးကျွတ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းများ စတင်ဆောင်ရွက်

နေပြည်တော် မတ် ၃၀

ယနေ့တွင် မြန်မာနိုင်ငံတစ်ဝန်း၌ ပြည်လုံးကျွတ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းများ စတင်ဆောင်ရွက်ပြီး ဧပြီ ၁၀ ရက်အထိ ၁၂ ရက်ကြာ ဆောင်ရွက်သွားမည်ဖြစ်သည်။ သန်းခေါင်စာရင်း ရည်ညွှန်းချိန်အဖြစ် မတ် ၂၉ ရက် ညသန်းခေါင်ယံကို သတ်မှတ်ထားပြီး ထိုအချိန်ရှိ နိုင်ငံလူဦးရေနှင့် အိမ်အကြောင်းအရာကို မှတ်တမ်းတင်မည် ဖြစ်သည်။

ယနေ့ နံနက် ၁၀ နာရီတွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်း မိသားစု၏ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းအား လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမြင့် ဦးဆောင်၍ နေပြည်တော်ကောင်စီနယ်မြေ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနမှူး ညွှန်ကြားရေးမှူး ဦးချိုထွန်း၊ ဇမ္ဗူသီရိမြို့နယ်ဦးစီးမှူး ဦးမုံဇာခုပ်၊ စာရင်းကောက် ဒေါ်ဟေမာန်မြတ်တို့ပါဝင်သည့် သန်းခေါင်စာရင်းကောက်ယူရေးအဖွဲ့သည် နိုင်ငံတော်သမ္မတအိမ်တော်သို့ လာရောက်၍ သန်းခေါင်စာရင်းကောက်ယူခဲ့ကြသည်။**(ဝဲပုံ) စာမျက်နှာ ၃ ကော်လံ ၁ သို့** ☆

မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ကောက်ကွက်ပေါင်း ၈၀၉၈၅ ကွက်ရှိပြီး မြေပြင်စာရင်းကောက်ယူမည့် စာရင်းစစ်၊ စာရင်းကောက် စုစုပေါင်းအင်အား ၁၁၁၂၅၄ ဦးအား သင်တန်းများပေး၍ စာရင်းကောက်ယူခြင်းလုပ်ငန်းများ စနစ်တကျဆောင်ရွက်လျက်ရှိ။

ယ နေ့ မှာ တိ ကာ

လူမှုဖူလုံရေးဥပဒေသစ်
စာမျက်နှာ- ၆

အကြည့်ရဆိုးစေသည့် အလုပြင်မှားယွင်းနည်း ခြောက်မျိုး
စာမျက်နှာ- ၁၀

ဘိုင်ယန်မြူးနစ်သည် ဥရောပကို လွှမ်းမိုးနိုင်ကြောင်း ရော်ဘင်ပြောကြား
စာမျက်နှာ- ၁၃

မန္တလေးမြို့၏ အထင်ကရ ပြယုဂ်တစ်ခုဖြစ်သည့် ဦးပိန်တံတားကို ၁၈၄၉ ခုနှစ်က တိုင်လုံးရေ ၁၀၈၆ လုံး၊ အခန်းပေါင်း ၄၈၂ ခန်း၊ ဇရပ်လေးဆောင်နှင့် ဖောင်ကြောင်း ကိုးခုတို့ဖြင့် တည်ဆောက်ခဲ့ပြီး အရှည် ၇ ဒသမ ၈ ဖာလုံရှိ ဦးပိန်တံတား၌ လာရောက်ကြည့်ရှုလေ့လာသူများနှင့် စည်ကားနေသည်ကို မတ် ၃၀ ရက် နံနက်ပိုင်းက တွေ့မြင်ရစဉ်။
(ဓာတ်ပုံ-ရာမည)

ကြေးမုံစာတည်းရှုထောင့် ၃၁-၃-၂၀၁၄၊ တနင်္လာနေ့

စပါးနှံများ

မိမိတို့နိုင်ငံသည် တိုင်းရင်းသားလူမျိုးပေါင်းစုံ ဉမကွဲသိုက်မပျက် စုပေါင်းလျက် အေးအတူပူအမျှ ကိုင်းကျွန်းမှီ၊ ကျွန်းကိုင်းမှီနေထိုင်လျက်ရှိနေသော ပြည်ထောင်စုနိုင်ငံတစ်ခုဖြစ်သည်။ တရားဝင်ကိန်းဂဏန်းအရ တိုင်းရင်းသား လူမျိုးစုပေါင်း ၁၃၅ မျိုးအတူလက်တွဲခိုင်မြဲတည်နေကြဆဲဖြစ်သည်။

တစ်ချိန်ကသူ့ကျွန်ဘဝမှာ နယ်ချဲ့တို့၏နှစ်ပေါင်းတစ်ရာကျော်တိုင်သွေးခွဲအုပ်ချုပ်မှုကိုခံခဲ့ကြရသည်။ ပစ္စက္ခကမ္ဘာ့နိုင်ငံတချို့ဆိုလျှင်လည်း အမျိုးမျိုးသောပယောဂများကြောင့် နှစ်ပရိစ္ဆေဒကြာမြင့်စွာခိုင်မြဲလာခဲ့သော သူတို့၏ပြည်ထောင်စုများ အစိတ်စိတ်အမြွှာမြွှာပြိုကွဲ ကြေကွဲစရာအဖြစ်မျိုးစုံမြင်တွေ့ကြုံတွေ့နေရသည်။ မိမိတို့ နိုင်ငံကား မည်သူခွဲခွဲဗို့မကွဲ သွေးစည်းလျက်တည်မြဲနေဆဲ။မိမိတို့နိုင်ငံနည်းတူ သူ့ကျွန်ဖြစ်ခဲ့ရသော အိန္ဒိယနိုင်ငံဆိုလျှင် လွတ်လပ်ရေးရခါစ အမျိုးမျိုးသော ဘေးပယောဂများကြောင့်သွေးကွဲခဲ့ရသည်။ အစိတ်စိတ်အမြွှာမြွှာနှင့်လွတ်လပ်ရေးကို ရယူခဲ့ရသည်။ သို့သော် မိမိတို့နိုင်ငံကား ထိုသို့မဖြစ်ခဲ့ပါ။ ပင်လုံစာချုပ်၏ သွေးစည်းညီညွတ်မှုအောက်မှာ လွတ်လပ်ရေးကိုတစုတစည်းတည်း ကျစ်လျစ်ခိုင်မာရယူနိုင်ခဲ့သည်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဟူ၍ ကမ္ဘာ့အလယ် ဣန္ဒြေရရထွန်းပလာနိုင်ခဲ့သည်။

ရေကြောမြေကြောတစ်ဆက်တစ်စပ်တည်းဆိုတိုင်းလည်း အယူအစွဲနှင့်စိတ်ဓာတ်၊ ရိုးရာဓလေ့၊ ယဉ်ကျေးမှု မတူသလို တွေးခေါ်မြော်မြင်စိတ်ဓာတ်အင်အားလည်း ကွဲပြားတတ်ကြောင်း သမိုင်းသက်သေတစ်ရပ်ဟုဆိုနိုင်သည်။ ဤသည်ပင် မိမိတို့နိုင်ငံ၏ပကတိအခြေအနေတစ်ရပ်လည်းဖြစ်သည်။ မတူကွဲပြားလည်း အတူလက်တွဲနေနိုင်မှုသည် မိမိတို့နိုင်ငံ၏ ဝိသေသထူးခြားမှုတစ်ရပ်ဖြစ်သည်။ ဤသမိုင်းအစဉ်အလာကောင်းမွေများကို သားစဉ်မြေးဆက် လက်ဆင့်ကမ်းလာခဲ့ကြသည်မှာ မျက်မှောက်ကာလထိတိုင် ခိုင်မြဲနေမှုက သက်သေပြလျက်ရှိနေသည်။

မိမိတို့နိုင်ငံ၏တိုင်းရင်းသားလူမျိုးစုတိုင်းတွင် ကိုယ်ပိုင်ရိုးရာဓလေ့ထုံးစံ၊ ကိုယ်ပိုင်စကား၊ ကိုယ်ပိုင်စာနှင့် ကိုယ်ပိုင်ယဉ်ကျေးမှုကိုယ်စီရှိနေကြသည်။ တချို့လူမျိုးစုများတွင် သမိုင်းမှတ်တမ်းများကို ကျောက်ထက်အက္ခရာ၊ ပေထက်အက္ခရာတင်မှတ်တမ်းမှတ်ရာများ ထားရစ်ခဲ့ကြသလို တချို့တွင်ကား အိပ်ရာဝင်ပုံပြင်လေးများဖြင့် သားစဉ်မြေးဆက်လက်ဆင့်ကမ်း သမိုင်းအမွေပေးခဲ့ကြသည်။ ထိုထိုသော ရိုးရာပုံပြင်လေးများသည် လူမျိုးရေး၊ ဘာသာရေး၊ ယဉ်ကျေးမှုအမျိုးစုံသည်။ လိုက်နာကျင့်ကြံနေထိုင်တတ်အောင် ထိုပုံပြင်လေးများက တစ်ဆင့်လမ်းပြခဲ့ကြသည်။

တိုင်းရင်းသားများ၏ ရိုးရာပုံပြင်များအနက် ကချင်တိုင်းရင်းသားပုံပြင်လေးတစ်ပုဒ်ကို လက်ဆင့်ကမ်းလိုက်ပါသည်။ အဖေသူကြီးအရှိန်အဝါနှင့် ထိန်းမနိုင်သိမ်းမရ ရမ်းကားလွန်းသော သူကြီးသားတစ်ယောက်အကြောင်း၊ ရွာသားများ သူကြီးသားဒဏ်ကို မခံနိုင်၍ အဖေသူကြီးကိုလာတိုင်ကြသည်။ သူ့သားကိုဆုံးမပေးမည်ဟု တာဝန်ယူလိုက်ရသည်။ တစ်နေ့သားငယ်ကို ယာတောသို့ခေါ်သွားသည်။ ကွင်းတစ်ပြင်လုံးဝင်းမှည့်နေသော တောအလယ်မှာ ရပ်လျက် သူကြီးကသားငယ်အားမေးသည်။ ဘာတွေမြင်သလဲပေါ့။ စပါးခင်းတစ်ခုလုံး ဝတ်ဆံပြည့်နှင့်ဝင်းမှည့် အိညွတ်နေချိန် တချို့စပါးနှံများ မတ်မတ်ထောင်လျက် လေကစားနေသည့်မြင်ကွင်းကို သူကြီးသားက ထောင်နေသောစပါးနှံတချို့ကို စပါးခင်းတစ်ခုလုံးဦးညွတ် အရိုအသေပေးနေလိုက်တာဟုဖြေသည်။ ထောင်နေသော စပါးနှံနှင့်အိညွတ်နေသော စပါးတစ်နှံကိုဆွဲနုတ်ယူပြီး သားငယ်လက်သို့အပ်သည်။ စပါးစေ့များကို ကွဲပြားသိစေပြီးမှ “သားငယ်အနှစ်အဆန်ပြည့်ရင် ဦးငိုက်တတ်တယ်၊ ထို့အတူပဲ အသိပညာပြည့်ဝသူများ မိမိကိုယ်ကိုနှိမ့်ချဂါရဝတရားနှင့် ရှိနေတတ်သလို ပညာမဲ့သူလူဗာလများသာ နေရာတကာတစ်ထောင်ထောင်နဲ့မောက်မာတတ်ကြတယ်” ဟု တုတ်တစ်ချက်မကိုင်၊ အော်ငေါက်ဆူပူခြင်းအလျဉ်းမရှိ မေတ္တာတရား နှင့်နူးညံ့သိမ်မွေ့စွာ ကောင်းမွေပေးသွားခဲ့ခြင်း။ စပါးနှံဥပမာ ကချင်ရိုးရာပုံပြင်လေး။

သဘာဝပတ်ဝန်းကျင်သည် ဖြူစင်မှုပကတိနှင့်။ ယူတတ်လျှင်လူသားကမ္ဘာအတွက် အကျိုးပွားစရာ တစ်ပုံတစ်ပင်ကြီး။ လူသားတစ်ဦးချင်းစီအတွက်လည်း ဘဝနေနည်း နည်းကောင်းများကိုရယူနိုင်ကြောင်း ပုံပြင်လေးက နည်းကောင်းညွှန်ပြလျက်ရှိနေပါကြောင်း။ ။

ပုသိမ်မှန်စက်ရုံနှင့်အဆင့်မြင့်စက္ကူစက်ရုံ(သာပေါင်း)တို့ကို ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့် ကြည့်ရှုစစ်ဆေး

နေပြည်တော် မတ် ၃၀

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်သည် မတ် ၂၈ ရက် နံနက် ၁၁ နာရီခွဲတွင် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ အမှတ်(၃)အကြီးစား စက်မှုလုပ်ငန်းကြီးကြပ်မှုအောက်ရှိ ပုသိမ်မှန်စက်ရုံရှင်းလင်းဆောင်၌ စက်ရုံမှူးနှင့်ဝန်ထမ်းများအားတွေ့ဆုံ၍ မှန်ရည်ကျို မီးဖိုကြီးအား ပြန်လည်တည်ဆောက်နိုင်ခဲ့ခြင်းကြောင့် နိုင်ငံခြားငွေများစွာ ချွေတာနိုင်ခဲ့ကြောင်း၊ ဝန်ထမ်းများ၏ လုပ်ငန်းကျွမ်းကျင်မှု၊ ကြိုးစားအားထုတ်မှု၊ စည်းလုံးညီညွတ်မှု၊ ကြံ့ရည်ဖန်ရည်ရှိမှုနှင့် စေတနာရှိမှုတို့ကို အသိအမှတ်ပြုပါကြောင်း၊ မကြာမီကာလအတွင်း စက်ရုံပြန်လည်လည်ပတ်နိုင်ရေးအတွက် လိုအပ်သည်များကို အသေးစိတ်ပြင်ဆင်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ဈေးကွက်လိုအပ်ချက်နှင့်အညီ Colour မှန်များ ထုတ်လုပ်နိုင်ရေးအတွက်လည်း ကြိုးစားသွားကြရမှာဖြစ်ကြောင်း မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် စက်ရုံအတွင်း မှန်ရည်ကျိုမီးဖိုတည်ဆောက်နေမှုနှင့် ပြီးစီးမှုများကို ကြည့်ရှုစစ်ဆေးကာ**(အောက်ပုံ)** ကုန်ကျစရိတ်အသက်သာဆုံးဖြင့် လုပ်ငန်းအောင်မြင်အောင် ကြိုးပမ်းအားထုတ်ဆောင်ရွက်နေကြသော ဝန်ထမ်းများအား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။

ပုသိမ်မှန်စက်ရုံသည် ၁၉၇၉ ခုနှစ်မှ စတင်၍ မှန်အကြည်များကို တစ်ရက်လျှင် မှန်တန် ၃၀ ထုတ်လုပ်နိုင်ခဲ့သော စက်ရုံဖြစ်ကြောင်း၊ မှန်ရည်ကျိုမီးဖိုများ၏ သဘောသဘာဝအရ မီးဖိုသက်တမ်းလေးနှစ်ကျော် ကာလအတွင်းမှန်များကို စဉ်ဆက်မပြတ်ထုတ်လုပ်ရပြီး အဆိုပါမီးဖိုသက်တမ်းကုန်ဆုံးပါက ကုန်ထုတ်လုပ်မှုကို ရပ်နား၍ မီးဖို၏ ယိုယွင်းပျက်စီးသွားသော မီးခံအုတ်များကို အစားထိုးလဲလှယ်လျက် မီးဖိုကို ပြန်လည်တည်ဆောက်ရကြောင်း၊ ထိုကဲ့သို့ ပြန်လည်ပြုပြင်တည်ဆောက်ခြင်းကို လေးကြိမ်ဆောင်ရွက်ခဲ့ပြီး နိုင်ငံခြားငွေ အခက်အခဲကြောင့် မီးဖိုပြန်လည်ပြုပြင်နိုင်မှုမရှိဘဲ ၂၀၀၀ ခုနှစ် ဒီဇင်ဘာလမှစ၍ မှန်ထုတ်လုပ်မှုများ ရပ်ဆိုင်းခဲ့ရကြောင်း၊ ပြည်ထောင်စုဝန်ကြီး၏ လမ်းညွှန်ချက်အရ စက်ရုံဝန်ထမ်းများနှင့် ဝန်ထမ်းဟောင်းများ၏ အတွေ့အကြုံနှင့် ကျွမ်းကျင်မှုများကိုရယူပြီး ကိုယ့်အားကိုယ်ကိုးဖြင့် မှန်ရည်ကျိုမီးဖိုကို ပြန်လည်ပြုပြင်တည်ဆောက်ခဲ့ကြောင်း၊ မီးဖိုအတွက် လိုအပ်သည့် မီးခံအုတ်နှင့် ဆက်စပ်ပစ္စည်းများကို ပြည်ပမှ မှာယူတင်သွင်းပါက အမေရိကန် ဒေါ်လာ ၂ ဒသမ ၅ သန်းခန့် ကုန်ကျမည်ဖြစ်ကြောင်း၊ နိုင်ငံခြားငွေကုန်ကျမှု မရှိစေရန်နှင့် နိုင်ငံခြားသား ပညာရှင်များ၏ အကူအညီမယူဘဲ မီးဖိုကြီးအား ပြန်လည်တည်ဆောက်ခဲ့ရာ ၉၅ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ကြောင်း၊ မကြာမီစက်ရုံကြီး ပြန်လည် လည်ပတ်တော့မည်ဖြစ်ကြောင်း သိရှိရသည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးသည် သာပေါင်းမြို့နယ်ရှိ အဆင့်မြင့်စက္ကူစက်ရုံ(သာပေါင်း)သို့ ရောက်ရှိရာ စက်ရုံမှူးနှင့် တာဝန်ရှိသူများက စက်ရုံဆိုင်ရာအချက်အလက်များ၊ Double A (1991) Pubilc Co.,Ltd. Thailand သို့ နှစ်ရှည်ငှားရမ်းခြင်းဆိုင်ရာ ဆောင်ရွက်နေမှုအခြေအနေများ၊ တစ်နေ့တန် (၆၀) CTMP သတင်းစာစက္ကူစက်ရုံ(စီမံကိန်း) အကောင်အထည်ဖော်ဆောင်ရွက်နေမှုအခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက အလုပ်ရှင်နှင့် ဝန်ထမ်းများအကြား Industrial Relation ကောင်းမွန်ရေး၊ ဝန်ထမ်းများ ခံယူချက်မှန်ကန်မှုရှိစေရေး၊ မိမိတို့အမျိုးသားအကျိုးစီးပွားကိုကာကွယ်စောင့်ရှောက်ရေး၊ ငှားရမ်းကုမ္ပဏီအနေဖြင့်လည်း လုပ်ငန်းအစီအမံများကို အသေးစိတ်ရေးဆွဲဆောင်ရွက်ရေး၊ စက်ရုံကြီးပြန်လည်လည်ပတ်မှသာ တိုင်းပြည်၏ ကုန်ထုတ်တန်ဖိုးမြင့်တက်လာပြီး တန်ဖိုးရှိလာမှာဖြစ်သည့်အတွက် စက်ရုံကြီးအမြန်ဆုံး ပြန်လည်လည်ပတ်နိုင်ရေးကို ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး၊ တန်(၆၀) သတင်းစာစက္ကူစက်ရုံ စီမံကိန်းလုပ်ငန်းများ သတ်မှတ်လျာထားချက်အတိုင်းပြီးစီးရေး၊ သတ်မှတ် Quality များရှိစေရေး၊ စက်ရုံနှင့် ဝန်ထမ်းအိမ်ရာများတွင် စိမ်းလန်းစိုပြည်စေရေးတို့ကို မှာကြားပြီး စက်ရုံအတွင်း လှည့်လည် ကြည့်ရှုစစ်ဆေးသည်။

အဆင့်မြင့်စက္ကူစက်ရုံ(သာပေါင်း)တွင် တစ်နေ့တန်(၂၀၀)ပျော့ဖတ်စက္ကူစက်ရုံနှင့်တစ်နေ့တန်(၅၀) အဆင့်မြင့်စက္ကူစက်ရုံအပြင် တစ်နေ့တန်(၆၀)သတင်းစာစက္ကူစက်ရုံ စီမံကိန်းကို Tianjin Machinery Import & Export Corporation (China) ဖြင့် စာချုပ်ချုပ်ဆိုဆောင်ရွက်ခဲ့ပြီး ၂၀၀၉ ခုနှစ်မှစ၍ စီမံကိန်းလုပ်ငန်းများ စတင်ခဲ့ရာ ၈၀ ရာခိုင်နှုန်းကျော် ပြီးစီးနေပြီဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

☆ ရှေ့ဖုံးမှ

သန်းခေါင်စာရင်းမေးခွန်း(၄၁)ချက်အား သန်းခေါင်စာရင်းကောက်ယူရေးအဖွဲ့က မေးမြန်းဖြည့်စွက်ကြရာ နိုင်ငံတော်သမ္မတနှင့် ဇနီးတို့က ဖြေကြားခဲ့ကြသည်။

မြန်မာနိုင်ငံ တစ်ဝန်းလုံးတွင် ကောက်ကွက်ပေါင်း ၈၀၉၈၅ ကွက်ရှိပြီး မြေပြင်စာရင်းကောက်ယူမည့် စာရင်းစစ်၊ စာရင်းကောက် စုစုပေါင်း အင်အား ၁၁၁၂၅၄ ဦးအား သင်တန်းများပေး၍ စာရင်းကောက်ယူခြင်း လုပ်ငန်းများ စနစ်တကျ ဆောင်ရွက်လျက်ရှိသည်။

သန်းခေါင်စာရင်းကောက်ယူခြင်း လုပ်ငန်းတွင် အသုံးပြုရန် သန်းခေါင်စာရင်းမေးခွန်းပုံစံပေါင်း ၁၄၈၃၅၆၀၀ နှင့် လက်စွဲစာစောင်များ၊ လုပ်ငန်းဆိုင်ရာ အထောက်အကူပြုပစ္စည်းများနှင့်စာရွက်စာတမ်း အပြည့်အစုံအား နိုင်ငံတစ်ဝန်းရှိ သက်ဆိုင်ရာဒေသ ရပ်ကွက်၊ ကျေးရွာကွပ်ကဲရေးရုံးများတွင် ဖြန့်ဝေထားပြီး သန်းခေါင်စာရင်း မေးခွန်းများကို အိမ်ထောင်စုတစ်စုလျှင် မေးခွန်း(၄၁)ချက်၊ အဖွဲ့အစည်းများတွင် (၁၁)ချက် မေးမြန်းကောက်ယူမည်ဖြစ်သည်။

မြန်မာနိုင်ငံတွင် ရှေးမြန်မာမင်းများ လက်ထက်ကစ၍ သန်းခေါင်စာရင်း ကောက်ယူခြင်းလုပ်ငန်းကို ဆောင်ရွက်ခဲ့ကြောင်း၊ သာလွန်မင်းတရား လက်ထက်က တစ်ကြိမ်နှင့် ဘိုးတော်ဘုရားလက်ထက်တွင် တစ်ကြိမ် သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းကို ဆောင်ရွက်ခဲ့ကြောင်းမှတ်တမ်းများအရ သိရှိရသည်။

ထို့နောက် ဗြိတိသျှကိုလိုနီခေတ်၌ ၁၈၇၂ ခုနှစ်နှင့် ၁၈၈၁ခုနှစ်တို့တွင် အောက်မြန်မာနိုင်ငံမှ စတင်၍ လူဦးရေသန်းခေါင်စာရင်းကို ကောက်ယူခဲ့ပြီး ၁၈၉၁ ခုနှစ်မှ စတင်ကာ (၁၀) နှစ်တစ်ကြိမ် နှစ်စဉ်လူဦးရေ သန်းခေါင်စာရင်းကို ကောက်ယူခဲ့သည်။

လွတ်လပ်ရေးရပြီးနောက် ၁၉၅၃ ခုနှစ်၊ ၁၉၅၄ခုနှစ်၊ ၁၉၇၃ ခုနှစ်နှင့် ၁၉၈၃ ခုနှစ်တို့တွင် ကောက်ယူခဲ့ပြီး ယခုအခါ နှစ်ပေါင်း(၃၀)ကျော်ကြာမှ ထပ်မံကောက်ယူနိုင်ခြင်းဖြစ်သည်။

ယခုအကြိမ် မြန်မာနိုင်ငံ၌ ပြည်လုံးကျွတ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူခြင်းလုပ်ငန်းကို ကုလသမဂ္ဂလူဦးရေနှင့် ရန်ပုံငွေအဖွဲ့အပါအဝင် အလှူရှင်နိုင်ငံများက နည်းပညာအကူအညီ၊ ငွေကြေးအကူအညီများ ပေးအပ်ပြီး ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ **(သတင်းစဉ်)**

နေပြည်တော်ကောင်စီနယ်မြေအတွင်း သန်းခေါင်စာရင်းကောက်ယူ

နေပြည်တော် မတ် ၃၀

၂၀၁၄ ခုနှစ် ပြည်လုံးကျွတ်လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်း၏ နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ မြို့နယ်၊ ဝန်ထမ်းအိမ်ရာ၊ ရပ်ကွက်များ၌ သန်းခေါင်စာရင်းဆိုင်ရာ အချက်အလက်များ ကောက်ယူရေးအစီအစဉ်များကို နေပြည်တော်ကောင်စီ သန်းခေါင်စာရင်းကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသိန်းညွန့်**(အပေါ်ပုံ)**နှင့်အဖွဲ့ဝင်များသည် ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်စည်ပင်သာယာရေးကော်မတီ အိမ်ရာဝင်းအတွင်းရှိ နှစ်ခန်းတွဲ လုံးချင်းအိမ်ရာကော်မတီဝင် ဦးမင်းမင်းဇော်၏ နေအိမ်သို့ လည်းကောင်း၊ တိုက်အမှတ် (ဘီ-၂) အခန်း (၀၄) ဦးစောညီညီထွန်း အငယ်တန်းအင်ဂျင်နီယာ-၃၏ နေအိမ်ခန်းသို့လည်းကောင်း သွားရောက်၍သန်းခေါင်စာရင်းကောက်ယူရေးအဖွဲ့ စာရင်းကောက်ယူနေမှုများအား ကြည့်ရှုအားပေးသည်။

ဆက်လက်၍ ဇမ္ဗူသီရိမြို့နယ်အတွင်းရှိ ရွှေကြာပင်ရပ်ကွက် ချင်းတွင်း (၁)လမ်း အိမ်အမှတ် (၂၀၈၀)ရှိ ဒေါ်လှချို၏ နေအိမ်သို့လည်းကောင်း၊ သပြေကုန်းရပ်ကွက် နယ်မြေ-၃ ကံ့ကော်လမ်း အိမ်အမှတ်(၄)ရှိ ဦးဌေးဝင်း၏ နေအိမ်သို့လည်းကောင်း သွားရောက်၍ သန်းခေါင်စာရင်းကောက်ယူရေးအဖွဲ့များ၏ စာရင်းကောက်ယူနေမှုများအား ကြည့်ရှုအားပေးသည်။

ထို့နောက် ဇမ္ဗူသီရိမြို့နယ် ဝန်ထမ်းအိမ်ရာ ရပ်ကွက်ကြီး(၉)ရပ်ကွက်အတွင်းရှိ ဝဏ္ဏသိဒ္ဓိရပ်ကွက် တိုက်အမှတ် (၅၂၀၄) အခန်း(၀၂)ရှိ ဒေါ်သီသီလွင် ဒု-လ/ထညွှန်ကြားရေးမှူး၊ စက္ကူနှင့် အိမ်သုံးပစ္စည်းလုပ်ငန်း၊ တိုက်အမှတ် (၅၂၀၇) အခန်း(၀၂)ရှိ ဒေါ်လှလှမြင့် ဒု-လ/ထညွှန်ကြားရေးမှူး၊ ဆေးဝါးနှင့် စားသောက်ကုန်လုပ်ငန်း၊ သုခသိဒ္ဓိရပ်ကွက်ရှိ တိုက်အမှတ် (၄၃၇၉) အခန်း (၀၆)ရှိ ဦးအောင်မြင့် ယာဉ်မောင်း စက်မှုလယ်ယာဦးစီးဌာန လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဉာဏသိဒ္ဓိရပ်ကွက် တိုက်အမှတ် (၃၃၂၄) အခန်း(၀၃)ရှိ ဦးသန်းလှိုင် လ/ထ ကွန်ပျူတာလုပ်ဆောင်ရေးမှူး ဝန်ကြီးရုံးပြည်ထဲရေးဝန်ကြီးဌာနတို့၏ နေအိမ်အခန်းများသို့လည်းကောင်း သွားရောက်၍ သန်းခေါင်စာရင်းကောက်ယူရေးအဖွဲ့ ကောက်ယူနေမှုများအား ကြည့်ရှုအားပေးသည်။

ထိုမှတစ်ဆင့် နေပြည်တော် သန်းခေါင်စာရင်းကြီးကြပ်မှုကော်မတီဥက္ကဋ္ဌသည် လယ်ဝေးမြို့သို့ဆက်လက်ထွက်ခွာပြီးအမှတ်(၆)ရပ်ကွက် ရန်-မန်းလမ်းရှိ ဒေါ်သီတာမောင်မောင် နေအိမ်သို့လည်းကောင်း၊ အမှတ်(၁)ရပ်ကွက် အိမ်အမှတ် (၂၃၇)ရှိ ဦးလှအောင်၏ နေအိမ်သို့လည်းကောင်း သွားရောက်၍ သန်းခေါင်စာရင်းကောက်ယူရေးအဖွဲ့များ၏ စာရင်းကောက်ယူနေမှုများအား ကြည့်ရှုအားပေးသည်။

ဆက်လက်၍ ပျဉ်းမနားမြို့သို့ ရောက်ရှိပြီး ပျဉ်းမနားမြို့ ရွာကောက်ရပ်ကွက် သာယာကုန်း-၂ ရန်-မန်းလမ်း အမှတ်(၁၂/၃၇) ရှိ ဦးမြင့်အောင်၏ နေအိမ်သို့လည်းကောင်း၊ ပျဉ်းမနားမြို့ ရွာကောက်ရပ်ကွက် ပန်းခင်း-၁ အိမ်အမှတ် (၁၀၈)ရှိ ဦးဝင်းတင်၏ နေအိမ်သို့လည်းကောင်း ရောက်ရှိ ပြီး သန်းခေါင်စာရင်း ကောက်ယူရေးအဖွဲ့များ၏ စာရင်းကောက်ယူနေမှုများအား ကြည့်ရှုအားပေးသည်။

နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ မြို့နယ်(၈)မြို့နယ်အတွင်း လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းဆိုင်ရာ အချက်အလက်များ ကောက်ယူရေးအတွက် ကောက်ကွက်ပေါင်း ၁၈၇၆ ကွက် သတ်မှတ်၍ အိမ်ထောင်စု ၂၄၃၂၅၅ စုအား စာရင်းစစ်၊ စာရင်းကောက်အင်အား ၂၇၉၆ ဦးဖြင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၏ ပူးပေါင်းကူညီမှုဖြင့် ၂၀၁၄ ခုနှစ် မတ် ၃၀ ရက်မှစ၍ ဧပြီ ၁၀ ရက်အထိ ပြီးစီးအောင် ကောက်ယူသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပဲခူး-စစ်တောင်းတူးမြောင်းအသစ် ပြန်လည်တူးဖော်ရေးလုပ်ငန်းများ ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်နှင့် ဦးဝင်းမြင့် ကြည့်ရှုစစ်ဆေး

ရန်ကုန် မတ် ၃၀

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်နှင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်တို့သည် မတ် ၂၉ ရက် နံနက် ၉ နာရီခွဲတွင် စစ်တောင်းမြစ်နှင့် ပဲခူးမြစ်တို့အား ဆက်သွယ်၍ ၁၈၇၃ ခုနှစ်က စတင်ဖောက်လုပ်ခဲ့ပြီး ၁၈၇၈ ခုနှစ်တွင် ပြီးစီးခဲ့သော သက်တမ်း(၁၃၆)နှစ်ရှိပြီဖြစ်သည့် ပဲခူး-စစ်တောင်း တူးမြောင်း၏ မြစ်ကျိုးရေတံခါးနေရာမှ ပဲခူးမြစ်ဝအထိ အင်ဂျင်နီယာများ၊ စက်ယန္တရားကျွမ်းကျင်ပညာရှင်များဖြင့် တူးမြောင်းကြီးအား အသစ်ပြန်လည်ဖောက်လုပ်ခြင်း၊ ဂဝံကျောက်စီ၊ မြေထိန်းနံရံတည်ဆောက်ခြင်း၊ ၁၈ ပေ အကျယ် ဂဝံကျောက်ချောလမ်းဖောက်လုပ်ခြင်းလုပ်ငန်းနှင့် သက်တမ်းကြာရင့်သော ရေတံခါးများအား အသစ်တပ်ဆင်ခြင်းလုပ်ငန်းတို့ကို လိုက်လံကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် ရှင်းလင်းဆောင်၌ ဒုတိယဝန်ကြီး ဦးခင်ဇော်နှင့် တာဝန်ရှိသူများက လုပ်ငန်းများမိုးမကျမီတွင် မူလလျာထားချက်၏ ရာနှုန်းပြည့်အကောင်အထည်ဖော်ပြီးစီးမည့် အခြေအနေများကို တင်ပြကြရာ ပြည်ထောင်စုဝန်ကြီးဦးမြင့်လှိုင်က ဒေသနေပြည်သူများ အမှန်တကယ် ဖွံ့ဖြိုးတိုးတက်လာမည့် အလားအလာများနှင့်စပ်လျဉ်း၍အသေးစိတ်ဆွေးနွေးမှာကြားသည်။ ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်ကလည်း ဤစီမံကိန်းကြီး ပြီးစီးပါက ဒေသနေပြည်သူများအတွက်သာမက မြန်မာနိုင်ငံ၏ စီးပွားရေးကဏ္ဍကို ကြီးမားစွာ အကျိုးသက်ရောက်မှုရရှိနိုင်မည့် ကဏ္ဍများကို ဆွေးနွေးသည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးများသည် ရဟတ်ယာဉ်ဖြင့် ပဲခူး-စစ်တောင်းတူးမြောင်း ဝဲ-ယာရှိ နွေစပါးများ ဖြစ်ထွန်းအောင်မြင်နေမှုနှင့် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်ရှိ ခေတ်မီစံပြစက်မှုလယ်ယာမြေ တစ်ဆက်တစ်စပ်တည်းဧက ၁၀၀၀၀ စိုက်ကွင်းရှိ နွေစပါးခင်းကြီးများ ရင့်မှည့်ဖြစ်ထွန်းမှုများကို စစ်ဆေးကြည့်ရှုခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

လူ့မှုဖူလုံရေးဥပဒေသစ်အကြောင်း အသိပညာပေးဟောပြော

ညောင်လေးပင် မတ် ၃၀

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် အလုပ်သမား၊အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန လူမှုဖူလုံရေးအဖွဲ့က ကြီးမှူးကျင်းပသော ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေသစ်အကြောင်း အသိပညာပေးဟောပြောပွဲကို မတ် ၂၆ ရက် နံနက် ၉နာရီခွဲက အာဇာနည်လမ်းရှိ သီရိရတနာခန်းမ၌ ကျင်းပသည်။

ဟောပြောပွဲတွင် ညောင်လေးပင်မြို့နယ်လူမှုဖူလုံရေးအဖွဲ့မှ အငြိမ်းစားဆရာဝန်ဒေါက်တာ မြင့်သန်း (ညောင်လေးပင်)ကအဖွင့်အမှာစကား ပြောကြားသည်။ ပဲခူးတိုင်းဒေသကြီး လူမှုဖူလုံရေးအဖွဲ့ရုံးမှ ဦးစီးအရာရှိ ဦးစောတင်ဦးက ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေသစ်နှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး တာဝန်ခံဒေါက်တာ မဥ္ဇူကောင်းက ဆေးကုသရေးနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။ ထို့နောက် တက်ရောက်လာကြသူများက သိရှိလိုသည်များကိုမေးမြန်းကြရာ ဦးစီးအရာရှိက ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့သည်။ **(၅၆၈)**

တရုတ်ကမ်းရိုးတန်းစောင့်တပ်ဖွဲ့၏ပိတ်ဆို့မှု ဖိလစ်ပိုင်သယ်ယူပို့ဆောင်ရေးသင်္ဘော ဖောက်ထွက်နိုင်ခဲ့

မနီလာ မတ် ၃၀

တောင်တရုတ်ပင်လယ်ရှိ ပိုင်နက်နယ်မြေအငြင်းပွားနေသောနေရာအနီး ရေကြောင်းပိုင်နက်ကို ကာကွယ် စောင့်ရှောက်နိုင်ရန် ဖြန့်ကြက်ထားသည့် အခြေစိုက်သင်္ဘောပေါ်မှ ရေတပ်တပ်ဖွဲ့ဝင်များထံသို့ စားရေရိက္ခာပို့ဆောင်ပေးသော သယ်ယူပို့ဆောင်ရေးသင်္ဘောတစ်စင်းကို တရုတ်ကမ်းရိုးတန်းစောင့်တပ်ဖွဲ့က နောက်ကြောင်းပြန်လှည့်သွားစေရန် ပိတ်ဆို့ခဲ့သော်လည်း ယင်းသင်္ဘောမှာ ဖောက်ထွက်နိုင်ခဲ့ကြောင်း ဒေသဆိုင်ရာသတင်းဌာန သတင်းများက မတ် ၃၀ ရက်တွင် သတင်းထုတ်ပြန်သည်။

မှတ်တမ်းတင်

ဖိလစ်ပိုင်သယ်ယူပို့ဆောင်ရေး သင်္ဘောနှင့်အတူလိုက်ပါလာခဲ့ကြသော သတင်းထောက်များက ယင်းဖြစ်ရပ်နှင့်ပတ်သက်၍ ကိုယ်တွေ့မှတ်တမ်းတင်နိုင်ခဲ့ကြသည်။ အဆိုပါသတင်းထောက်များကို သတင်းရယူနိုင်ရန် ဖိလစ်ပိုင်စစ်ဘက်က ဖိတ်ကြားခဲ့သည်။

ပိတ်ဆို့ဟန့်တား

သောမတ်ပင်လယ်ရေတိမ်ဒေသ၌ သောင်တင်နေသော စစ်သင်္ဘောဟောင်းတစ်စင်းအား ရေတပ်စခန်းငယ်တစ်ခုအဖြစ် အသုံး ပြုနေသော ရေတပ်တပ်ဖွဲ့ဝင်များထံ စားရေရိက္ခာပို့ဆောင်ပေးသည့် သယ်ယူပို့ဆောင်ရေးသင်္ဘောတစ်စင်းကို လမ်းခုလတ်မှနေ၍ တရုတ်ကမ်းရိုးတန်းစောင့်တပ်ဖွဲ့က ပိတ်ဆို့ဟန့်တားခဲ့သည်ဆို၏။

မတ် ၉ ရက်ကလည်း အလားတူပိတ်ဆို့ ဟန့်တားမှုဖြစ်ရပ်ပေါ်ပေါက်ခဲ့ကြောင်း သတင်းတွင်ဖော်ပြသည်။ **ပီတီအိုင်။**

မြောက်ကိုရီးယားနိုင်ငံက ပြန်ပေးဆွဲခြင်းခံခဲ့ရသူများ၏ ဆွေမျိုးသားချင်းများအား ကုလသမဂ္ဂ စုံစမ်းစစ်ဆေးရေးမှူးများက တွေ့ဆုံမေးမြန်းသည့် မှတ်တမ်းပုံ။

ဂျပန်နှင့် မြောက်ကိုရီးယား အထက်တန်းတာဝန်ရှိသူအဆင့် တရုတ်နိုင်ငံ ပေကျင်း၌ ဆွေးနွေးပွဲ စတင်

ပေကျင်း မတ် ၃၀

ဂျပန်နှင့် မြောက်ကိုရီးယားနိုင်ငံတို့မှ အစိုးရ အထက်တန်း တာဝန်ရှိသူအဆင့် ဆွေးနွေးပွဲကို တရုတ်နိုင်ငံမြို့တော် ပေကျင်း၌ စတင်ပြုလုပ်ကြောင်း ဒေသဆိုင်ရာသတင်းဌာနများက မတ် ၃၀ ရက်တွင် သတင်းထုတ်ပြန်သည်။

ဂျပန်နှင့် မြောက်ကိုရီးယားနိုင်ငံတို့သည် ၁၆လအတွင်း ပထမဆုံးအကြိမ် ဆွေးနွေးပွဲ ပြုလုပ်နိုင်ခြင်းဖြစ်သည်။ ယခုပြုလုပ်သော ဆွေးနွေးပွဲတွင် အဓိကဆွေးနွေးမည့် အကြောင်းအရာမှာ ၁၉၇၀ ပြည့်လွန်နှစ်များနှင့် ၁၉၈၀ ပြည့်လွန်နှစ်များက ပြန်ပေးဆွဲခံခဲ့ရသော ဂျပန်နိုင်ငံသား ၁၂ ဦးခန့်၏ ကံကြမ္မာနှင့် ပတ်သက်ကြောင်း သတင်းတွင် ဖော်ပြသည်။ အဆိုပါ ဂျပန်နိုင်ငံသားများကို မြောက်ကိုရီးယား ထောက်လှမ်းရေးတပ်ဖွဲ့ဝင်များက ပြန်ပေးဆွဲခဲ့ခြင်း ဖြစ်သည်ဆို၏။

ဂျပန်နှင့် မြောက်ကိုရီးယားနိုင်ငံတို့သည် သံတမန်ဆက်ဆံရေး ထူထောင်ထားခြင်းမရှိပေ။ နှစ်နိုင်ငံ ဆက်ဆံရေး ပြန်လည်နွေးထွေးလာသည့် ၂၀၁၂ ခုနှစ်က ဆွေးနွေးပွဲ တစ်ရပ်ကို ကျင်းပနိုင်ခဲ့သော်လည်း ယင်းနှစ် ဒီဇင်ဘာတွင် မြောက်ကိုရီးယားက ဒုံးပျံစမ်းသပ်ပစ်ခတ်ရာမှ တင်းမာမှုများ ပြန်လည်ဖြစ်ပေါ်ခဲ့သည်။

ဂျပန်နှင့် မြောက်ကိုရီးယားနိုင်ငံခြားရေးဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများသည် ယခုလအစောပိုင်းက တရုတ်နိုင်ငံ အရှေ့မြောက်ပိုင်း ရှန်းယန်မြို့၌တွေ့ဆုံခဲ့ကြပြီးနောက် ဆွေးနွေးပွဲပြန်လည်စတင်ရန် သဘောတူညီခဲ့ကြသည်။ **ပီတီအိုင်။**

ကဘူးရှိ ရွေးကောက်ပွဲကော်မရှင် ရုံးကို တာလီဘန်စစ်သွေးကြွများတိုက်ခိုက်

ကဘူး မတ် ၃၀

အာဖဂန်နစ္စတန်နိုင်ငံ မြို့တော်ကဘူးရှိ လွတ်လပ်သောရွေးကောက်ပွဲကော်မရှင်ဌာနချုပ်ရုံးကို တာလီဘန်စစ်သွေးကြွတို့က မတ် ၂၉ ရက်တွင် တိုက်ခိုက်ခဲ့ကြောင်း၊ လာမည့်ရက်သတ္တပတ်၌ ကျင်းပမည့် သမ္မတရွေးကောက်ပွဲအကြိုကာလတွင် အကြမ်းဖက်တိုက်ခိုက်မှုများကို တာလီဘန်အဖွဲ့က ပြုလုပ်လာကြောင်း ဒေသဆိုင်ရာသတင်းဌာနများက သတင်းထုတ်ပြန်သည်။

ပြန်လည်ချေမှုန်း

မြို့တော်ကဘူး၌ လုံခြုံရေးအထူးတင်းကျပ်သော ရွေးကောက်ပွဲကော်မရှင်ရုံးကို တာလီဘန်စစ်သွေးကြွတို့က တိုက်ခိုက်ခဲ့ရာတွင် လျှပ်တစ်ပြက် တုံ့ပြန်တိုက်ခိုက်ရေး တပ်ဖွဲ့ဝင်များက ပြန်လည်ချေမှုန်း တိုက်ခိုက်ခဲ့သည်။

တာလီဘန်စစ်သွေးကြွများသည် ရွေးကောက်ပွဲကော်မရှင်ရုံးအနီးရှိ အဆောက်အအုံတစ်လုံးမှနေ၍ ဒုံးကျည်များနှင့် သေနတ်များကိုအသုံးပြု၍ ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

ရွေးကောက်ပွဲကော်မရှင်ရုံးဝင်းအတွင်းမှ ပေါက်ကွဲသံနှစ်ကြိမ်ပေါ်ထွက်ခဲ့ကြောင်း၊သို့ရာတွင် အဆောက်အအုံအတွင်းရှိနေသူများ ထိခိုက်မှုမရှိကြောင်း တာဝန်ရှိသူများက ပြောကြားကြသည်။

မြို့တော်ကဘူးတွင် အမေရိကန်မြေမြုပ်မိုင်းဖုံးတိုက်ဖျက်ရေး ပရဟိတအဖွဲ့အစည်းတစ်ရပ်က ငှားရမ်းအသုံးပြုနေသော ဧည့်ဂေဟာတစ်ခုကို တာလီဘန်တိုက်ခိုက်ရေးသမားများက အကြမ်းဖက်တိုက်ခိုက်ခဲ့မှုကြောင့် နှစ်ဦးသေဆုံးရသည့်ဖြစ်ရပ်ပေါ်ပေါက်ခဲ့ပြီး နောက်တစ်ရက်အကြာတွင် ရွေးကောက်ပွဲကော်မရှင်ရုံး တိုက်ခိုက်ခံရခြင်းဖြစ်သည်။ **ရိုက်တာ။**

ဂျပန်တွင် ကြိုးတိုက်ကျခံနေရသူ၏အမှု

၄၆နှစ်ကြာမှ ပြန်လည်စစ်ဆေးမည်

တိုကျိုမြို့ရှိ တရားရုံးပြင်ပ၌ ဟာကာမာဒါး၏ အစ်မတော်စပ်သူက သတင်းထောက်များနှင့် တွေ့ဆုံစဉ်။

တိုကျို မတ် ၃၀

ဂျပန်နိုင်ငံတွင် လူသတ်မှုဖြင့် ကြိုးတိုက်ကျခံနေရသူတစ်ဦး၏ အမှုကို နှစ်ပေါင်း ၄၀ ကျော်ကြာမှ ပြန်လည်စစ်ဆေးရန် တိုကျိုမြို့ရှိ တရားရုံးတစ်ရုံးက ခွင့်ပြုလိုက်ပြီဖြစ်ကြောင်း မကြာသေးမီက ဘီဘီစီသတင်းတွင် ဖော်ပြသည်။

အီဝါအို ဟာကာမာဒါးကို ၎င်း၏ အလုပ်ရှင်နှင့် အလုပ်ရှင်၏ ဇနီး၊ သားသမီးနှစ်ယောက်တို့ကိုသတ်သည့် ပြစ်မှုအတွက် ၁၉၆၈ ခုနှစ်တွင် သေဒဏ်ချမှတ်ခဲ့သည်။

ယခုအခါ အသက် ၇၈ နှစ်သို့ ရောက်ရှိနေပြီဖြစ်သည့် ဟာကာမာဒါးသည် ရက်ပေါင်း ၂၀ကြာ စစ်ဆေးခြင်း ခံနေရစဉ်အတွင်း ရိုက်နှက်ခြင်း ခံရသောကြောင့် ဝန်ခံခဲ့သော်လည်း တရားရုံးသို့ ရောက်ရှိသောအခါ ၎င်း၏ ထွက်ဆိုချက်များကို ပြန်လည်ရုပ်သိမ်းခဲ့သည်။

ဂျပန်ရဲတပ်ဖွဲ့သည် ထုံးစံအားဖြင့် သံသယရှိသူ၏ ဝန်ခံထွက်ဆိုချက်ပေါ်တွင် အခြေတည်၍ တရားရုံးတော်သို့ စွဲချက်တင်လေ့ရှိသည်။ သို့သော် ၎င်းတို့သည် သံသယရှိသူထံမှ ထွက်ဆိုချက်များကို အင်အားသုံး၍ ရယူလေ့ရှိသည်ဟု ဝေဖန်သူများက ပြောကြားသည်။

နိုင်ငံတကာ လွတ်ငြိမ်းချမ်းသာခွင့်မှ ကြေညာချက်ထုတ်ပြန်ရာတွင် ၎င်းသည် ကြိုးတိုက်၌ အချိန်ကာလ အကြာမြင့်ဆုံး နေရသော အကျဉ်းသားဖြစ်မည်ဟု ယုံကြည်ကြောင်း ဖော်ပြထားသည်။

၁၉၆၆ခုနှစ်၌ ရှီဇူအိုကာရှိ ပဲပုပ်စက်ရုံတစ်ရုံတွင် ကြေးစားလက်ဝှေ့သမားဟောင်းသည် ၎င်း၏ အလုပ်ရှင်နှင့် မိသားစုတစ်စုလုံးကို သတ်ဖြတ်ခဲ့သည်ဟု စွပ်စွဲထားခြင်းဖြစ်သည်။ မီးလောင်မှုဖြစ်ပွားပြီးနောက် ဓားထိုးခံရသော ဒဏ်ရာများဖြင့် သေဆုံးနေကြသည်ကို တွေ့ခဲ့ရခြင်းဖြစ်သည်။

လူသတ်သမားဝတ်ဆင်သော အဝတ်အစားများပေါ်တွင် စွန်းထင်နေသော သွေးကွက်များမှ ဒီအန်အေသည် ဟာကာမာဒါး၏ ဒီအန်အေနှင့် တူညီမှုမရှိကြောင်း တရားခံ၏ ရှေ့နေများက ပြသနိုင်ခဲ့သဖြင့် တရားရုံးက ယင်းအမှုကို ပြန်လည်စစ်ဆေးရန် အမိန့်ချမှတ်ခဲ့ခြင်းဖြစ်သည်ဟု ကျိုဒိုသတင်းဌာနက ဖော်ပြသည်။

ဥက္ကဋ္ဌ တရားသူကြီး ဟီရိုအာကီမူရာယာမက အဆိုပါ အဝတ်အစားများသည် တရားခံ၏ အဝတ်အစားများ မဟုတ်ကြောင်း တရားခံကို ဆက်လက်ချုပ်နှောင်ထားခြင်းသည် တရားမျှတမှုရှိမည်မဟုတ်ကြောင်း၊ တရားခံ၌ အပြစ်မရှိကြောင်း သိက္ခာသမာဓိရှိသော စစ်ဆေးခြင်းများမှာ ရှင်းရှင်းလင်းလင်းရှိလာဖွယ်ရာရှိကြောင်း ပြောခဲ့သည်။

ဟာကာမာဒါ၏ အစ်မ အသက် ၈၁နှစ်ရှိ ဟိုင်ဒီကိုက အမှုကို ပြန်လည်စစ်ဆေးခွင့် ရရှိရန် နှစ်ပေါင်းများစွာ တိုက်ပွဲဝင်ခဲ့ရသည်။

ဤသို့ ပြန်လည်စစ်ဆေးခွင့် ရရှိသည့်အတွက် ၎င်းကို ကူညီခဲ့ကြသော ပုဂ္ဂိုလ်များအားလုံးကို ကျေးဇူးတင်ကြောင်း၊ ယခုအခါ သူမအလွန်ပျော်ရွှင်လျက်ရှိကြောင်း တရားရုံး၏ အပြင်ဘက်တွင် သတင်းထောက်များကို ပြောကြားခဲ့သည်ဟု အေအက်ဖ်ပီသတင်းဌာနက ကိုးကားဖော်ပြသည်။ **ဘီဘီစီ။**

လက်နက်မှောင်ခိုနှိမ်နင်းရေးလုပ်ငန်း တရုတ်နိုင်ငံတစ်ဝန်း စတင်ပြီ

ပေကျင်း မတ် ၃၀

သေနတ်နှင့်ဖောက်ခွဲရေးပစ္စည်းများအား ဥပဒေမဲ့လက်ဝယ်ထားရှိမှု တိုက်ဖျက်ရေးအထူးစစ်ဆင်ရေးလုပ်ငန်းတစ်ရပ်ကို တရုတ်နိုင်ငံတစ်ဝန်းတွင် စတင်လိုက်ပြီဖြစ်ကြောင်း ပြည်သူ့လုံခြုံရေးဝန်ကြီးဌာနက မတ် ၃၀ ရက်တွင် ပြောကြားသည်။

နိုင်ငံတစ်ဝန်း ရာဇဝတ်မှုခင်းကျဆင်းစေရန်ရည်ရွယ်လျက် လက်နက်မှောင်ခိုနှိမ်နင်းရေး အထူးစစ်ဆင်ရေးလုပ်ငန်းကို အကောင်အထည်ဖော်ရခြင်းဖြစ်ကြောင်း၊ ဥပဒေအရ ပြည်သူများသည် သေနတ်နှင့် ဖောက်ခွဲရေးပစ္စည်းများကို လက်ဝယ်ပိုင်ဆိုင်ခွင့်မရှိကြောင်း ပြည်သူ့လုံခြုံရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဟွန်မင်းက ပြောကြားသည်။

လက်နက်မှောင်ခိုရှာဖွေဖော်ထုတ်သိမ်းဆည်းရေး အထူးစစ်ဆင်ရေးလှုပ်ရှားမှုကို မတ် ၂၈ ရက်တွင် စတင်ခဲ့သည်။ တရုတ်နိုင်ငံ၌ မကြာသေးမီနှစ်များကလည်း အလားတူ စစ်ဆင်ရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့ရာ ရာဇဝတ်မှုခင်းများကျဆင်းခဲ့သည်။ ၂၀၀၉ ခုနှစ်မှ ၂၀၁၃ ခုနှစ်အထိ ကာလအတွင်း သေနတ်နှင့် ဖောက်ခွဲရေးပစ္စည်းများနှင့် နီးနွယ်ပတ်သက်နေသော မှုခင်းအရေအတွက်ပျမ်းမျှ ၃၅ ရာခိုင်နှုန်းကျဆင်းခဲ့ကြောင်း ပြည်သူ့လုံခြုံရေးဝန်ကြီးဌာန၏ လေ့လာချက်တွင် ဖော်ပြသည်။

၂၀၁၃ ခုနှစ်တွင် အလားတူမှုခင်းအရေအတွက် ၃၇ ဒသမ ၉ ရာခိုင်နှုန်းကျဆင်းခဲ့သည်။ ပြည်သူများလုံခြုံရေးအတွက် အရေးကြီးသောလုပ်ငန်းတစ်ရပ်မှာ လက်နက်မှောင်ခိုနှိမ်နင်းရေးလုပ်ငန်းဖြစ်ပြီး ပြည်သူများအနေဖြင့် ပူးပေါင်းဆောင်ရွက်မှုသာ ရဲတပ်ဖွဲ့၏ မှုခင်းကျဆင်းရေးလှုပ်ရှားမှု အောင်မြင်မည်ဖြစ်ကြောင်း ဒုတိယဝန်ကြီး ဟွန်မင်းက ပြောကြားသည်။ **ဆင်ဟွာ။**

နိုင်ငံပေါင်း ၁၇ နိုင်ငံမှ ရေတပ်တပ်ဖွဲ့ဝင်များ ပူးတွဲစစ်ရေးလေ့ကျင့်

ဂျကာတာ မတ် ၃၀

သဘာဝဘေးအန္တရာယ် ကယ်ဆယ်ရေးလုပ်ငန်းတွင် ဒေသဆိုင်ရာနိုင်ငံများအချင်းချင်းပိုမိုပူးပေါင်းဆောင်ရွက်နိုင်ရန်ရည်ရွယ်လျက် အရှေ့တောင်အာရှနိုင်ငံများအသင်း (အာဆီယံ)နှင့် ယင်းအသင်း၏ ဆွေးနွေးဘက်နိုင်ငံများမှ ရေတပ်တပ်ဖွဲ့ဝင်များ၏ ပူးတွဲစစ်ရေးလေ့ကျင့်မှုကို တောင်တရုတ်ပင်လယ်တွင် မတ် ၂၉ ရက်က စတင်လိုက်သည်။

အာဆီယံနိုင်ငံများ၊ တရုတ်၊ အိန္ဒိယ၊ ဂျပန်၊ နယူးဇီလန်၊ ရုရှား၊ တောင်ကိုရီးယားနှင့် အမေရိကန်ပြည်ထောင်စုတို့မှ ရေတပ်တပ်ဖွဲ့ဝင်များ၏ ပူးတွဲစစ်ရေးလေ့ကျင့်မှု ဖွင့်ပွဲအခမ်းအနားကို အင်ဒိုနီးရှားနိုင်ငံ ဘာတန်ကျွန်း၌ ကျင်းပခဲ့သည်။ **ကျိုဒို။**

သန်းခေါင်စာရင်းကောက်ယူမှု ပြည်သူများ ပူးပေါင်းပါဝင်

နေပြည်တော် မတ် ၃၀

နိုင်ငံတော်၏လူသားအရင်းအမြစ်၊ လူမှုဘဝအဆင့်အတန်းနှင့်ပြည်သူတို့၏ လိုအပ်ချက်၊ အားသာချက်များကို တိကျစွာဖော်ပြနိုင်မည့် သန်းခေါင်စာရင်းကောက်ယူမှုများကို နေပြည်တော်ပုဗ္ဗသီရိမြို့နယ် ကျည်တောင်ကန် (၂) ရပ်ကွက်၌ ကောက်ယူခဲ့ရာ၌ "မတ် ၂၉ ရက် နံနက်ပိုင်းမှစတင်ပြီး ရဲစခန်း၊ အချုပ်သား၊ တပ်၊ သီလရှင်ကျောင်း၊ ဘုန်းကြီးကျောင်း၊ ဗလီအစရှိတဲ့ နေရာတွေမှာ ကောက်ယူခဲ့ပါတယ်။ ပညာရေးဝန်ကြီးဌာနမှ စာရင်းကောက်ဆရာမများ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးနဲ့အမျိုးသမီးရေးရာအဖွဲ့များ၊ ရာ/ဆယ်/ထောက်ကူပြုအဖွဲ့နဲ့ လဝကတိုက်နယ်မှူး ဦးစန်းရီတို့ကလည်း ပူးပေါင်းကူညီကြပါတယ်။ ရပ်/ကျေး ရွာသူရွာသားတွေကလည်း လိုလိုချင်ချင်နဲ့ ပူးပေါင်းပါဝင် ဖြေဆိုကြပြီး သတ်မှတ်ရက်ထက်စောပြီးမယ်ထင်ပါတယ်" ဟု ကျည်တောင်ကန်(၂)ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးထွန်းမြင့်က ပြောကြားသည်။

"ရုပ်သံ၊ ရေဒီယိုနဲ့ သတင်းစာတွေမှာကြည့်ထားတော့ ကျွန်တော်တို့ဘက်ကလည်း တာဝန်သိသိနဲ့ဖြေဆိုရမှာပါပဲ" ဟု (၁)ရပ်ကွက်မှ တောင်သူ ဦးဝင်းနိုင်က ပြောသည်။

ဇေယျာသီရိမြို့နယ် ခေတ်အေးကျေးရွာတွင်လည်း ခေတ်အေးကျေးရွာကျောင်းအုပ်ဆရာမ ဒေါ်အေးအေးသန်းနှင့်အဖွဲ့တို့ သန်းခေါင်စာရင်းကောက်ယူမှုပြုလုပ်ကြပြီး **(အောက်ပုံ)** ကျေးရွာသားများကလည်း ပူးပေါင်းဆောင်ရွက်ကြ ကြောင်းနှင့် ဇေယျာသီရိမြို့နယ် ဝဲကြီးကျေးရွာအုပ်ချုပ်ရေးမှူး ဦးဝင်းရွှေကလည်း မိမိတို့ကျေးရွာသားများ အဆင်ပြေစွာသန်းခေါင်စာရင်းကောက်ယူနိုင်ကြကြောင်း၊ သတင်းမီဒီယာတို့၏ လှုံ့ဆော်ပညာပေးမှုတို့ကြောင့် လုပ်ငန်းများ အဆင်ပြေချောမွေ့ကြောင်း ပြောကြားသည်။ **(ကိုကိုနေ)**

ရင်ခွဲပင်ကျေးရွာ သန်းခေါင်စာရင်းကောက်ယူမှု စတင်

နေပြည်တော် မတ် ၃၀

နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ် ခေတ်အေးကျေးရွာအုပ်စု ရင်ခွဲပင်ကျေးရွာတွင် ယနေ့ နံနက် ၇ နာရီမှ စတင်၍ သန်းခေါင်စာရင်းကောက်ယူရေးအဖွဲ့မှ တစ်အိမ်ချင်း လိုက်လံ၍ သန်းခေါင်စာရင်း ကောက်ယူလျက်ရှိသည်။

သန်းခေါင်စာရင်းကောက်ယူရေးအဖွဲ့ ကောက်ကွက် (၄) တွင် လက်ထောက်လဝကမှူးဦးဥက္ကာကျော်၊ အင်းသာအထကကျောင်းမှ ဆရာမ ဒေါ်အေးမာခိုင်နှင့် ရာအိမ်မှူး ကိုမြင့်မောင်၊ မီးသတ်တပ်ကြပ်ကြီး ကိုတိုးအောင်နှင့် အုပ်ချုပ်ရေးအဖွဲ့ဝင်များမှ ကျေးရွာရှိ အိမ်ခြေ ၁၃၂ အိမ်အား သန်းခေါင်စာရင်းမေးခွန်း ၄၁ ချက်ကို အတိအကျ မေးမြန်းကာ သန်းခေါင်စာရင်းကောက်ယူမှုအား ဧပြီ ၁၀ ရက်အထိ ကောက်ယူသွားမည်ဖြစ်ကြောင်း သိရသည်။ **(မြင့်သန်း)**

ဒုတိယဝန်ကြီး ဦးစိုးတင့် မကွေးတိုင်းဒေသကြီး ဂန့်ဂေါခရိုင်အတွင်းရှိ ပြည်သူ့ကိုယ်စားလှယ်များ ခရိုင်/မြို့နယ်များနှင့် ရပ်ကွက်၊ ကျေးရွာများမှ အထောက်အကူပြုအဖွဲ့ဝင်များနှင့် တွေ့ဆုံ

နေပြည်တော် မတ် ၃၀

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရအဖွဲ့၊ စီးပွားရေးရာကော်မတီ၏ ပို့ဆောင်ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆပ်ကော်မတီ (Delivery Unit) ဥက္ကဋ္ဌ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးတင့်သည် ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးဝင်းသန်းနှင့်အတူ မတ် ၂၇ ရက် မွန်းလွဲပိုင်းတွင် မကွေးတိုင်းဒေသကြီး ဂန့်ဂေါမြို့နယ် မြစ်သာခန်းမ၌ ဂန့်ဂေါခရိုင်အတွင်းရှိ ပြည်သူ့ကိုယ်စားလှယ်များ၊ ခရိုင်/မြို့နယ်များနှင့် ရပ်ကွက်၊ ကျေးရွာများမှ အထောက်အကူပြုအဖွဲ့ဝင်များ၊ စည်ပင်သာယာရေးအဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများနှင့်တွေ့ဆုံပြီး အမှာစကားပြောကြားသည်။**(အပေါ်ယာပုံ)**

ဆက်လက်၍ ဆပ်ကော်မတီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးဝင်းသန်းက လိုအပ်သည်များ ရှင်းလင်းဆွေးနွေးသည်။ ထို့နောက် တွေ့ဆုံဆွေးနွေးပွဲသို့ တက်ရောက်လာကြသည့် ပြည်သူ့ကိုယ်စားလှယ်များမှ မေးခွန်းပေါင်း ၁၄ ခု တင်ပြဆွေးနွေးခဲ့ရာ ဆပ်ကော်မတီအနေဖြင့် ချက်ချင်းဆောင်ရွက်ပေးခြင်း ကိုးခု၊ ဆက်လက်တင်ပြဆောင်ရွက်ပေးခြင်း သုံးခု၊ ညှိနှိုင်းဆောင်ရွက်ပေးခြင်းနှစ်ခုရှိခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အမှိုက်သိမ်းယာဉ်၊ မီးငြိမ်းသတ်ယာဉ်နှင့် ရေလေလွင့်မှုလျှော့ချရေး စီမံကိန်းများအတွက် ဒေါ်လာ ၇၄၇၄၈၀ကျော်ဖိုး ဂျပန်အစိုးရမှပံ့ပိုး

စီမံကိန်းပေါင်း ၆၈၈ခုကို ထောက်ပံ့ပေးပြီးဖြစ်

ဂျပန်-မြန်မာ နှစ်နိုင်ငံချစ်ကြည်ရေးကို တိုးတက်ခိုင်မာမှုများပိုမိုစေ

ရန်ကုန် မတ် ၃၀

အမှိုက်သိမ်းယာဉ်၊ မီးငြိမ်းသတ်ယာဉ်နှင့် ရေလေလွင့်မှုလျှော့ချရေး စီမံကိန်းများအတွက် အမေရိကန်ဒေါ်လာ ၇၄၇၄၈၆ ဖိုး တန်ဖိုးရှိသည့် ပံ့ပိုးကူညီမှုများကို ဂျပန်အစိုးရက လုပ်ဆောင်ပေးခဲ့ကြောင်း မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

အဆိုပါပံ့ပိုးကူညီသော စီမံကိန်းများနှင့်ပတ်သက်၍ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံရုံးမှသံအမတ်ကြီးက သက်ဆိုင်ရာစီမံကိန်းသုံးခုရှိ ကော်မတီဥက္ကဋ္ဌများနှင့် ပံ့ပိုးကူညီမှုသဘောတူလက်မှတ်ရေးထိုးခြင်းကို မတ် ၂၈ ရက်က လုပ်ဆောင်ခဲ့ကြောင်း သိရသည်။

ထိုဒေါ်လာ ၇၄၇၄၈၆ အနက်မှ ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့နယ်ရှိ အမှိုက်စွန့်ပစ်ရေးစနစ် အဆင့်မြှင့်တင်ရေးစီမံကိန်းအတွက် ၅၃၃၄၈ ဒေါ်လာတန်ဖိုးရှိသော အမှိုက်သိမ်းယာဉ်နှစ်စီးကို ပံ့ပိုးပေးမည်ဖြစ်သောကြောင့် လူဦးရေ ၁၁၀၀၀၀ခန့်ရှိသော ဟင်္သာတမြို့နယ်တွင် သန့်ရှင်းသာယာသည့် သဘာဝပတ်ဝန်းကျင်ကောင်း ဖြစ်စေရန် အထောက်အကူပြုစေမည်ဖြစ်ကြောင်း၊ မီးသတ်စွမ်းဆောင်ရည်မြှင့်တင်ရေးစီမံကိန်းအတွက် ၈၃၈၂၁ ဒေါ်လာတန်ဖိုးရှိသောကူညီမှုတွင် မီးသတ်ယာဉ် ၁၀ စီးနှင့် မီးသတ်ပိုက် ၄၈၈ ခု တို့ပါဝင်ခြင်းဖြစ်ပြီး မီးလောင်မှုကြောင့် တိုင်းပြည်တိုးတက်မှုအရှိန်ကို ဟန့်တားစေကာ ပျက်စီးဆုံးရှုံးမှုများဖြစ်စေခြင်းကြောင့် နိုင်ငံတစ်ဝန်းလုံးတွင် မီးလောင်ကျွမ်းမှုများ လျှော့နည်း သက်သာစေရန်အတွက် မီးငြိမ်းသတ်မှုအပိုင်းတွင် အထောက်အကူပြုစေမည် ဖြစ်ကြောင်း၊ မရမ်းကုန်းမြို့နယ်အတွင်း ရေလေလွင့်မှုလျှော့ချရေး စီမံကိန်းအတွက် ၆၁၀၃၁၇ ဒေါ်လာတန်ဖိုးရှိသော ကူညီမှုလည်း ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

မြို့ပြလူနေမှုစနစ်တွင် စနစ်ကျကောင်းမွန်သော ရေပေးဝေရေးစနစ်မှာ မရှိမဖြစ်လိုအပ်ပြီး ၂၀၁၂ ခုနှစ်အတွင်း စစ်တမ်းကောက်ယူချက်များအရ ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်အတွင်း ရေပိုက်ယိုစိမ့်မှုကို ပြန်လည်ပြုပြင်ပေးရခြင်းက အများဆုံးရှိသည်ကို တွေ့ရှိရပြီး ရေလေလွင့်မှု လျှော့ချရေးအတွက် ရည်ရွယ်ကာ ရေပေးဝေရေးစနစ် အဆင့်မြှင့်တင်ရေးအတွက် ယင်းကဲ့သို့ ပံ့ပိုးကူညီခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံတွင် အသေးစားစီမံကိန်းများ ထောက်ပံ့ရေးအစီအစဉ်ဖြင့် ပံ့ပိုးကူညီမှုများကို ၁၉၉၃ခုနှစ်မှ စတင်ပြီး ဂျပန်အစိုးရကလုပ်ဆောင်ခဲ့ရာ စီမံကိန်းပေါင်း ၆၈၈ခုကို ထောက်ပံ့ပေးပြီးဖြစ်ကြောင်း၊ ယင်းတို့အနက် လူမှုဖူလုံရေးနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှု စီမံကိန်းပေါင်း ၁၃၆ ခု၊ ကျောင်းပညာရေးစီမံကိန်းပေါင်း ၃၁၁ခု၊ မြို့နယ်ဆေးရုံ၊ တိုက်နယ်ဆေးရုံ၊ ကျေးလက်ကျန်းမာရေးဆေးပေးခန်း တည်ဆောက်ခြင်းနှင့် ဆေးရုံဆေးခန်း အဆင့်မြှင့်တင်ရေး စီမံကိန်းပေါင်း ၁၇၅ခုတို့ကို ဆောက်လုပ်ကူညီပေးပြီးဖြစ်ကြောင်းသိရသည်။ ထိုကဲ့သို့သော ပံ့ပိုးကူညီမှုများကြောင့် ဂျပန်-မြန်မာ နှစ်နိုင်ငံချစ်ကြည်ရေးပိုမိုတိုးတက်ခိုင်မာလာစေမည်ဖြစ်ပြီး ယခုနှစ်တွင် မြန်မာ-ဂျပန် သံတမန်တည်ထောင်မှုမှာ နှစ် (၆၀)ပြည့်ခဲ့ပြီဖြစ်သည်။ **(၆၈၀)**



လူမှုဖူလုံရေးဥပဒေသစ်

ပြည်သူတစ်ဦး

အစိုးရသစ်သည် နိုင်ငံတော်အား စတင်ပြောင်းလဲတာဝန်ယူချိန်မှစ၍ ကဏ္ဍပေါင်းစုံတွင် ပြည်သူလူထုအတွက် အမှန်တကယ်ပြုပြင်ပြောင်းလဲရန် လိုအပ်ချက်များကို ဒီမိုကရေစီစနစ်၏ အခြေခံအုတ်မြစ်ဖြစ်သည့် ပြည်သူ့ဗဟိုပြုစနစ်အား ပီပီပြင်ပြင်စတင်ပြောင်းလဲ အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိပါသည်။ ပြည်သူလူထု အကျိုးဖြစ်ထွန်းစေနိုင်မည့် ဥပဒေများကိုလည်း လွှတ်တော်တွင် တင်ပြဆွေးနွေးပြဋ္ဌာန်းအတည်ပြုပေးလျက်ရှိပါသည်။ ဖော်ပြပါပြဋ္ဌာန်းမှုများတွင် အလုပ်သမားထုအပေါ် ကျန်းမာရေး ဝန်ဆောင်မှုအပြည့်အဝပေးသွားနိုင်ရန်ရည်ရွယ်၍ "လူမှုဖူလုံရေးဥပဒေသစ်" ကို ၂၀၁၂ ခုနှစ် ဩဂုတ် ၃၁ ရက်တွင် အတည်ပြုပြဋ္ဌာန်းပေးနိုင်ခဲ့ပြီး ယခု ဧပြီ ၁ ရက်တွင် လူမှုဖူလုံရေးဥပဒေသစ်အား စတင်အာဏာသက်ရောက်တော့မည်ဖြစ်ကြောင်းလည်း သိရှိရပါသည်။

ဥပဒေသစ်ဖြင့် အကောင်အထည်ဖော်မည့် လူမှုဖူလုံရေးစီမံကိန်းအတွက် ပိုမိုစနစ်ကျပြီး အလေအလွင့်မရှိသော စီမံချက်များကြိုတင်ရေးဆွဲဆောင်ရွက်ထားရှိရန် အားနည်းခဲ့ပါက ရေရှည်တွင် ဝင်ငွေ/ထွက်ငွေမမျှ၍ နိုင်ငံတော်မှနှစ်ရှည်ထောက်ပံ့ပေးနေရပါက နိုင်ငံတော်၏ဘတ်ဂျက်နှစ်အလိုက် လိုငွေပြနေမှုများအပေါ် တစ်စိတ်တစ်ဒေသ ဝန်ထုပ်ဝန်ပိုးဖြစ်လာနိုင်။

ဥပဒေသစ်နှင့်အညီ စတင်အကောင်အထည်ဖော်တော့မည့် လူမှုဖူလုံရေးစီမံကိန်းအကြောင်း သိကောင်းစရာများအား သက်ဆိုင်ရာအလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန လူမှုဖူလုံရေးအဖွဲ့ဥက္ကဋ္ဌဖြစ်သော ဒုတိယဝန်ကြီး၊ အဖွဲ့၏ညွှန်ကြားရေးမှူးချုပ်နှင့် အခြားတာဝန်ရှိသူများမှ သက်ဆိုင်ရာစက်မှုဇုန်များ၊ စက်ရုံအလုပ်ရုံများမှ အလုပ်ရှင်များနှင့် အလုပ်သမားများအား ဥပဒေသစ်တွင်ပါရှိသော အလုပ်သမားများ၏ အကျိုးခံစားခွင့်များနှင့် ကျန်းမာရေးဆိုင်ရာ ဝန်ဆောင်မှုပေးရန်အတွက် စီစဉ်ဆောင်ရွက်ထားရှိမှုများအား သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်အလိုက် လိုက်လံ၍ အသိပညာပေးမှုများဆောင်ရွက်လျက်ရှိကြောင်း ကြားသိနေရပါသည်။

မတ်လ ၂၃ ရက်နေ့ထုတ် ကြေးမုံသတင်းစာ ပြည်တွင်းရေးရာကဏ္ဍတွင် အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးမှ လူမှုဖူလုံရေးဥပဒေသစ်၏ ကောင်းမွန်သော ကျန်းမာရေးအာမခံစနစ်နှင့် စနစ်ဟောင်းကဲ့သို့မဟုတ်ဘဲ ပြီးပြည့်စုံသော ဝန်ဆောင်မှုဖြင့် အကောင်အထည်ဖော်သွားရန် ပြင်ဆင်ဆောင်ရွက်ထားကြောင်း ရှင်းလင်းပြောကြားထားသည့်သတင်းအား ဖတ်ရှုလိုက်ရသောကြောင့် အလုပ်သမားထုတစ်ရပ်လုံး၏ကိုယ်စား လွန်စွာဝမ်းမြောက်ဝမ်းသာဖြစ်မိပါသည်။

ဒုတိယဝန်ကြီးမှ ရှင်းလင်းပြောကြားသွားသည့် လူမှုဖူလုံရေးဥပဒေသစ်အရ အလုပ်ရှင်/အလုပ်သမားများထံမှ ဥပဒေအရ ကောက်ခံရရှိသော ထည့်ဝင်ကြေးနှင့် အလုပ်သမားထုအတွက် ပြန်လည်ကုန်ကျသော ကျန်းမာရေး အကျိုးခံစားခွင့်နှင့် ငွေကြေးအကျိုးခံစားခွင့်များအတွက် ကုန်ကျငွေမှာ မျှ/မမျှ။ မမျှတခဲ့ရင်လည်း "ဥပဒေအရ"နိုင်ငံတော်မှ ထောက်ပံ့ပေးရမယ်လို့ ပါသည့်အတွက် "စိုးရိမ်စရာမလိုကြောင်း"ပြောကြားသွားမှုအပေါ် ပြန်လည်ဂရုပြုသင့်ပါကြောင်း စာရေးသူအနေဖြင့် ထင်မြင်ယူဆမိပါသည်။

အဘယ်ကြောင့်ဆိုသော် နိုင်ငံတော်အနေဖြင့် ဒီမိုကရေစီနိုင်ငံတော်သစ်အား အကောင်အထည်ဖော်ဆောင်ရွက်နေချိန်တွင် အစိုးရအဖွဲ့အနေဖြင့် နှစ်စဉ်ဘတ်ဂျက်လိုငွေမြောက်မြားစွာ ဖြစ်ပေါ်နေသည့်အတွက် ပြည်ထောင်စုလွှတ်တော်မှာပင် အဆိုတင်သွင်း ဘတ်ဂျက်ငွေများအပေါ် စိစစ်ခွင့်ပြုလျက်ရှိကြောင်း သိရှိရပါသည်။ မတ် ၁၉ ရက်တွင် နေပြည်တော်ရှိ သမ္မတအိမ်တော်အစိုးရအဖွဲ့ အစည်းအဝေးခန်းမ၌ပြုလုပ်သော အစည်းအဝေးတွင် သမ္မတကြီးက ဘတ်ဂျက်လိုငွေ ၂၃၆၄ သန်းတိုးလာပါကြောင်း၊ အနာဂတ်တွင် နိုင်ငံတော်၏အသုံးစရိတ်များကို နိုင်ငံတော်ကကောက်ခံရရှိသော အခွန်ငွေအပေါ် ရပ်တည်ဆောင်ရွက်ကြရမည်ဖြစ်သည့်အလျောက် ရသင့်ရထိုက်သည့် အခွန်များ တိုးတက်ရရှိရေးသည် အရေးကြီးသည့်ကဏ္ဍတစ်ရပ်ဖြစ်ကြောင်းလည်း ပြောကြားသွားပါသည်။ သို့ဖြစ်ပါ၍ ဥပဒေသစ်ဖြင့် အကောင်အထည်ဖော်မည့် လူမှုဖူလုံရေးစီမံကိန်းအတွက် ပိုမိုစနစ်ကျပြီး အလေအလွင့်မရှိသော စီမံချက်များကြိုတင်ရေးဆွဲဆောင်ရွက်ထားရှိရန် အားနည်းခဲ့ပါက ရေရှည်တွင် ဝင်ငွေ/ထွက်ငွေမမျှ၍ နိုင်ငံတော်မှနှစ်ရှည်ထောက်ပံ့ပေးနေရပါက နိုင်ငံတော်၏ ဘတ်ဂျက်နှစ်အလိုက် လိုငွေပြနေမှုများအပေါ် တစ်စိတ်တစ်ဒေသ ဝန်ထုပ်ဝန်ပိုးဖြစ်လာနိုင်စေပါသည်။

လူမှုဖူလုံရေးစနစ်သည် အာမခံစနစ်ဖြစ်သောကြောင့် ထည့်ဝင်ကြေးအား ထိမ်ချန်မှုမရှိနိုင်အောင် ဥပဒေပါပြဋ္ဌာန်းချက်များကိုသာ အားကိုးမနေဘဲ စနစ်တကျ မဟာဗျူဟာ နည်းဗျူဟာအစီအမံများရေးဆွဲ၍ အပြည့်အဝကောက်ခံရရှိအောင် ပထမဦးစားပေးဆောင်ရွက်သင့်ပါကြောင်း အကြံပြုအပ်ပါသည်။ ထည့်ဝင်ကြေးအားအပြည့်အဝ ကောက်ခံရရှိမှုမရှိပါက မည်ကဲ့သို့ပင် စေတနာထားဝန်ဆောင်မှုပေးစေလိုကာမူ အဖွဲ့အနေဖြင့် ဘတ်ဂျက်လိုငွေဖြစ်ပေါ်လာပြီး အလုပ်သမားထုအပေါ် ကျန်းမာရေးစောင့်ရှောက်မှုနှင့် ငွေကြေးအကျိုးခံစားမှုများ ခွင့်ပြုပေးရာတွင် အခက်အခဲများရှိလာနိုင်ပါသည်။ မိမိနိုင်ငံထက် အကျုံးဝင်အာမခံလုပ်သားအင်အား/အာမခံအမျိုးအစားနှင့် ထည့်ဝင်ကြေးပမာဏ သာလွန်ကောင်းမွန်သော အင်အားကြီးနိုင်ငံတချို့တွင်ပင် မကြာခဏ ငွေကြေးအခက်အခဲ (Financial Crisis) နှင့် ရင်ဆိုင်ကြုံတွေ့နေရမှုများအား ကြားသိနေရပါသည်။

လူမှုဖူလုံရေးဥပဒေသစ်တွင် အလုပ်သမားငါးဦးနှင့်အထက် အလုပ်လုပ်ကိုင် ဆောင်ရွက်လျက်ရှိသော အလုပ်ဌာနများမှ အစပြု၍ အကျုံးဝင်မှတ်ပုံတင်ရမည်ဖြစ်ကြောင်း၊ အကျုံးဝင်မှတ်ပုံတင်ရန် ပျက်ကွက်ပါက ဥပဒေသစ်တွင် လူမှုဖူလုံရေးအဖွဲ့အစည်းအနေဖြင့် တရားစွဲဆိုနိုင်ကြောင်းနှင့် ငွေဒဏ်/ထောင်ဒဏ်များအထိ ကျခံရနိုင်ကြောင်း ပြဋ္ဌာန်းထားသည်ဟု သိရှိရသော်လည်း လူမှုဖူလုံရေးအဖွဲ့ဝန်ထမ်းများအနေဖြင့် စနစ်ဟောင်းမှအားနည်းချက်များအားပြုပြင်၍ လုပ်ငန်းစွမ်းဆောင်ရည်များ လွန်စွာမြင့်မားရန် လိုအပ်မည့်အပြင် အဂတိတရားကင်းရှင်းရန်လည်း လိုအပ်မည်ဖြစ်ပါသည်။ စာရေးသူတို့နိုင်ငံတွင် ဘိုးဘွားဘီဘင်လက်ထက်ကပင် ဥပဒေပြဋ္ဌာန်း၍ ငွေဒဏ်၊ ထောင်ဒဏ်သတ်မှတ်ကောက်ခံခဲ့သော အခွန်များပင် ယနေ့တိုင်ရှောင်တိမ်းလျက်ရှိကြောင်း ကြားသိတွေ့မြင်နေရဆဲဖြစ်သည့်အတွက် လူမှုဖူလုံရေးထည့်ဝင်ကြေးကောက်ခံသည့်ကိစ္စရပ်တွင် သက်ဆိုင်ရာမိတ်ဖက်ဌာနများ၊ တိုင်းဒေသကြီး/ပြည်နယ်ရှိ ဒေသဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့များနှင့် ညှိနှိုင်းပူးပေါင်း၍ တင်းတင်းကျပ်ကျပ်ဆောင်ရွက်နိုင်မှသာ ဥပဒေသစ်ဖြင့် ဆက်လက်အကောင်အထည်ဖော်ဆောင်မည့် လူမှုဖူလုံရေးစီမံကိန်းအတွက် အထောက်အပံ့ကောင်းများ ရရှိလာနိုင်မည်ဖြစ်ပါသည်။

အာမခံအလုပ်သမားများ လုပ်ငန်းခွင်မပျက် ဆေးကုသမှုခံယူနိုင်စေရန် ရွေ့လျားဆေးကုသယာဉ်များ Mobile Medical Unit ဖြင့် လိုက်လံဆေးကုသပေးသည့်အတွက် ဆေးကုသချင်သည့် အလုပ်သမားတွေများလာကြောင်း၊ စက်ရုံကို ကားကြီးထိုးလိုက်တာနှင့် ကျွန်တော့်ကိုတော့ဖြင့် ECG လေးဆွဲပေးပါ။ ကျွန်မကတော့ဖြင့် ဘာရောဂါဖြစ်နေသလဲ စမ်းသပ်ချင်လို့ပါဆိုသည့် ပြောကြားလာမှုအပေါ် ဝမ်းသာကြောင်း၊ ဒါကြောင့် ဒီလိုကားမျိုး "ရန်ကုန်တစ်မြို့ထဲမှာ" အနည်းဆုံးငါးစီးလောက်ထားရှိပြီး ဆေးဝါးကုသနိုင်စေရန် မျှော်မှန်းထားကြောင်းလည်း ဒုတိယဝန်ကြီးက ရှင်းလင်းပြောကြားသွားမှုအား ဖတ်ရှုခဲ့ရပါသည်။ ဖော်ပြပါရှင်းလင်းပြောကြားမှုအပေါ်ကို ရိုသေစွာဖြင့် အကြံပြုအပ်ပါသည်။ စာရေးသူ၏ "လူမှုဖူလုံရေး စီမံကိန်းအောင်မြင်ရန်" ဟူသော နိုင်ငံအကျိုးပြုဆောင်းပါးတွင် ရွေ့လျားဆေးကုသယာဉ်များသည် စာရေးသူတို့နိုင်ငံတွင် လတ်တလောအနေဖြင့် အာမခံလုပ်သားထုတစ်ရပ်လုံးအပေါ် လက်လှမ်းမီနိုင်သော ဆေးဝါးကုသမှုမဖြစ်နိုင်သေးဟု အကြံပြုထားပါသည်။ ဖော်ပြပါ ရွေ့လျားဆေးကုသယာဉ်များအား စက်ရုံ၊ အလုပ်ရုံများတွင် အခါအားလျော်စွာ ကူးစက်ရောဂါဖြစ်ပွားခြင်း၊ ကြီးမားသောလုပ်ငန်းခွင်ထိခိုက်မှုဖြစ်ပွားခြင်းနှင့် သဘာဝဘေးအန္တရာယ်ရင်ဆိုင်ကြုံတွေ့နေရသော ဒေသရှိ အလုပ်သမားများအား သွားရောက်ကုသပေးခြင်းနှင့် ဆေးရုံ၊ ဆေးခန်း လက်လှမ်းမီမှုအားနည်းသည့် တိုင်းဒေသကြီး/ပြည်နယ်များရှိ လူမှုဖူလုံရေး အကျုံးဝင်အာမခံလုပ်သားများအတွက် လိုအပ်သည့်အခါ သွားရောက်ဆေးစစ်ခြင်းနှင့် ကုသပေးခြင်းပြုလုပ်ရန် စီမံဆောင်ရွက်ပေးပါက ပိုမိုလျော်ကန်သင့်မြတ်မည့်အပြင် လိုအပ်သည်ထက် ပိုမိုငွေကြေးကုန်ကျမှုများ ဖြစ်ပေါ်လာနိုင်သည့်ကိစ္စရပ်များအပေါ် စိစစ်ကြပ်မတ်ဆောင်ရွက်သွားနိုင်မည်ဟု ထင်မြင်မိပါသည်။ လူမှုဖူလုံရေးအဖွဲ့သည် တစ်နိုင်ငံလုံးရှိ အာမခံလုပ်သားထုအပေါ် အခြေခံဖွဲ့စည်းထားသောကြောင့် ယနေ့နိုင်ငံတော်မှ ကျင့်သုံးနေသော ဒီမိုကရေစီစနစ်သည် ပွင့်လင်းမြင်သာပြီး သာတူညီမျှမှုအပေါ်အခြေခံသည့် ပြည်သူ့ဗဟိုပြုစနစ်အား ပြောင်းလဲကျင့်သုံးအကောင်အထည်ဖော်နေသောကြောင့်လည်း ဖြစ်ပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အနေဖြင့် အလုပ်သမားများ၏ ကျန်းမာရေးနှင့် လူမှုရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးနိုင်ရန်အတွက် အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာအဖွဲ့ (ILO)၏ လမ်းညွှန်ပြဋ္ဌာန်းချက်နှင့်အညီ လူမှုဖူလုံရေးအဖွဲ့ (Social Security Board)ဖွဲ့စည်းနိုင်ရန်အတွက် လိုအပ်သောဥပဒေ၊ နည်းဥပဒေများ ရေးဆွဲပြဋ္ဌာန်းခဲ့ပြီး ၁၉၅၆ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့မှစပြီး လူမှုဖူလုံရေးစီမံကိန်းအား အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ နှစ်(၆၀)ခန့် ကြာမြင့်ခဲ့သည်အထိ တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် အာမခံအကျုံးဝင်လုပ်သား ခြောက်သိန်းကျော်ခန့်သာ အကျုံးဝင်မှတ်ပုံတင်မှုပြုလုပ်နိုင်ခဲ့ကြောင်းလည်း လေ့လာသိရှိခဲ့ရပါသည်။ အောင်မြင်မှုနှေးကွေးသည့်အပြင် အလုပ်သမားများအပေါ် ဝန်ဆောင်မှုပေးရန် လိုအပ်ချက်များစွာရှိခဲ့သော စနစ်ဟောင်းအား ၂၀၁၄ ခုနှစ် ဧပြီလ ၁ ရက်နေ့မှစ၍ အလုပ်သမားများအပေါ် ကျန်းမာရေးဝန်ဆောင်မှု အပြည့်အဝပေးသွားမည်ဟု ကြွေးကြော်လာသော ဥပဒေသစ်သည်နိုင်ငံတော်၏ ထောက်ပံ့မှုကိုအားကိုးမျှော်လင့်နေသော အဖွဲ့အစည်းမဟုတ်ဘဲ အနာဂတ်တွင် မိမိအဖွဲ့ထာဝရရှင်သန်ဖွံ့ဖြိုးတိုးတက်ရန်အတွက် ကောင်းမွန်သော အစီအမံ၊ အရည်အချင်းပြည့်ဝသော အဖွဲ့ဝန်ထမ်းများ၏ စွမ်းပကားဖြင့် အလုပ်သမားများ၏ ကျန်းမာရေးနှင့် လူမှုရေးစောင့်ရှောက်မှုများအပေါ် လက်တွေ့ကျသော ဝန်ဆောင်မှုများပေးသွားရန် လိုအပ်မည်ဖြစ်ပါသည်။

လူမှုဖူလုံရေးအဖွဲ့အနေဖြင့် ဒီမိုကရေစီစနစ်ဖြင့် နိုင်ငံတော်အား ပြောင်းလဲတည်ဆောက်နေသည့်ကာလတွင် အရေးပါသော တစ်ထောင့်တစ်နေရာမှ ပါဝင်အကောင်အထည်ဖော်ဆောင်ရွက်နေရသော အပြည်ပြည်ဆိုင်ရာ လူမှုဖူလုံရေးအသင်းကြီး (ISSA)၏ အဖွဲ့ဝင်အဖွဲ့အစည်းတစ်ခုဖြစ်သောကြောင့် ရည်မှန်းချက်တူ နိုင်ငံတကာအဖွဲ့အစည်းများနှင့် အဆင့်တူလိုက်ပါဆောင်ရွက်နိုင်အောင် ကြိုးစား၍သော်လည်းကောင်း၊ နိုင်ငံတော်၏ ဘတ်ဂျက်မှ ထောက်ပံ့မှုအနည်းဆုံးရယူသော အဖွဲ့အစည်းတစ်ခုဖြစ်အောင် စီမံဆောင်ရွက်၍သော်လည်းကောင်း၊ လူမှုဖူလုံရေးစီမံကိန်းအား ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားသင့်ပါကြောင်း မွန်မြတ်သော စိတ်စေတနာဖြင့် အပြုသဘောဆောင် ရေးသားတင်ပြအပ်ပါသည်။ ။

ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီး၌ ပြည်လုံးကျွတ်သန်းခေါင်စာရင်း ကောက်ယူရေးလုပ်ငန်းများ စတင်ဆောင်ရွက်

ရန်ကုန် မတ် ၃၀

ရန်ကုန်အနောက်ပိုင်းခရိုင် ပန်းဘဲတန်း မြို့နယ်အတွင်း ကောက်ကွက်ပေါင်း ၅၄ ခု၊ အိမ်ထောင်စုပေါင်း ၆၄၅၈ စု၊ လူဦးရေခန့်မှန်းသုံးသောင်းကျော်ခန့်၊ ၁၁ ရပ်ကွက်ရှိရာ စာရင်းစစ်/စာရင်းကောက် ၇၃ ဦးက ကောက်ယူသွားမည်ဖြစ်ကြောင်း သိရသည်။ ထိုသို့ စာရင်းကောက်မှု ပထမနေ့တွင် မြို့နယ်သန်းခေါင်စာရင်းကော်မတီဝင်များ၊ ရပ်ကွက်သန်းခေါင်စာရင်းကော်မတီဝင်များက လိုက်လံကြည့်ရှုစစ်ဆေးခဲ့ပြီး လိုအပ်သည်များ ဖြည့်ဆည်းပေးလျက်ရှိသည်။

မြို့နယ်အတွင်း စာရင်းကောက်အဖွဲ့များမှ နံနက် ၇ နာရီမှ ညနေ ၅ နာရီအထိ နေ့စဉ် ကောက်ယူသွားမည်ဖြစ်သည်။ **(မြို့နယ်ပြန်/ဆက်)**

လသာမြို့နယ်

အလားတူ လသာမြို့နယ် အမှတ်(၇)ရပ်ကွက် မဟာဗန္ဓုလလမ်း တိုက်အမှတ်(၆၀၁-၆၀၃)တွင် လသာမြို့နယ်သန်းခေါင်စာရင်းအဖွဲ့ဝင်များ စာရင်းစစ်၊ စာရင်းကောက် ဆရာမများက မတ် ၃၀ ရက် နံနက် ၇ နာရီမှ စတင်၍ ၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း စတင်ကောက်ယူနေကြောင်း သိရသည်။ **(မြို့နယ်ပြန်/ဆက်)**

စစ်ကိုင်းတိုင်းဒေသကြီး

၂၀၁၄ ခုနှစ် ပြည်လုံးကျွတ်သန်းခေါင်စာရင်း စတင်ကောက်ယူခြင်းလုပ်ငန်းကို မတ် ၃၀ ရက် နံနက် ၇ နာရီ မှစတင်ပြီး ညနေ ၆ နာရီအထိ စစ်ကိုင်းတိုင်းဒေသကြီး တစ်ခုလုံးတွင် တစ်ပြိုင်နက်တည်း စတင်ကောက်ယူလျက် ရှိသည်။

နံနက် ၇ နာရီမှ စတင်ပြီး လူဦးရေ အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူခြင်းလုပ်ငန်းကို ရပ်ကွက်/ကျေးရွာ တာဝန်ရှိသူများနှင့် ပူးပေါင်းပြီး အိမ်တိုင်ရာရောက် စာရင်းစစ်၊ စာရင်းကောက်အဖွဲ့များမှ လိုက်လံကွင်းဆင်းပြီး ကောက်ယူလျက်ရှိရာ ဒေသခံပြည်သူများကလည်း မေးခွန်းများကို တိကျမှန်ကန်စွာ ဖြေကြားလျက်ရှိသည်။ **(မြို့နယ်ပြန်/ဆက်)**

လွိုင်ကော်မြို့နယ်

ကယားပြည်နယ် လွိုင်ကော်မြို့၌ မတ် ၂၉ ရက် နံနက် ၇ နာရီမှစတင်ပြီး လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းများ စတင်ကောက်ယူလျက်ရှိရာ မြို့နယ်အတွင်းရှိ ရပ်ကွက် ကျေးရွာအသီးသီးမှ ကောက်ကွက်များဖြစ်သည့် ဘုန်းတော်ကြီးကျောင်းများ၊ ခရစ်ယာန်ဘုန်းတော်ကြီးကျောင်းများ၊ သီလရှင်ကျောင်းများ၊ ဘော်ဒါဆောင်များ၊ လူငယ်ပရဟိတကျောင်းများ၊ ဘိုးဘွားရိပ်သာများ၊ ဗလီကျောင်းများတွင် စုဖွဲ့နေထိုင်ကြသည့် လူဦးရေစာရင်းကို ပထမဦးစွာ သွားရောက်ကောက်ယူခဲ့ကြသည်။ **(မြို့နယ်ပြန်/ဆက်)**

မြိတ်မြို့နယ်

ထို့အတူ ၂၀၁၄ ခုနှစ် ပြည်လုံးကျွတ်သန်းခေါင်စာရင်း ကောက်ယူရေးလုပ်ငန်းကို မြိတ်ခရိုင် မြိတ်မြို့၌ သန်းခေါင်စာရင်း ကောက်ယူရေးကော်မတီများက ကြီးကြပ်ကာ စာရင်းစစ်၊ စာရင်းကောက်များဖြင့် စတင်ဆောင်ရွက်လျက်ရှိသည်။

ယနေ့တွင် မြိတ်မြို့နယ်အတွင်း စာရင်းစစ်၊ စာရင်းကောက်များဖြင့် အဖွဲ့အစည်းမေးခွန်းပုံစံ (၁၁)ချက်ဖြင့် ဟိုတယ်ငါးလုံး၊ တည်းခိုခန်း ၃၀ ခန်း၊ ပြည်သူ့ဆေးရုံနှင့် မိခင်နှင့်ကလေး ဆေးရုံ၊ ပုဂ္ဂလိကဆေးရုံ သုံးရုံနှင့် မြိတ်တက္ကသိုလ်တို့တွင် သန်းခေါင်စာရင်း ကောက်ယူရေးလုပ်ငန်းကို စတင်ဆောင်ရွက်လျက်ရှိသည်။ အိမ်ထောင်စုများတွင် စာရင်းကောက်ယူခြင်းကို မတ် ၃၀ ရက်မှ ဧပြီ ၁၀ ရက်အတွင်း နံနက် ၇ နာရီမှ ည ၆ နာရီအထိ ဆောင်ရွက်သွားမည်ဖြစ်သည်။ သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းတွင် ပြည်သူအားလုံး ပူးပေါင်းပါဝင်ခြင်းဖြင့် သန်းခေါင်စာရင်းမှရရှိသော အချက်အလက်များဖြင့်သာ နိုင်ငံတော်အစိုးရမှ ပြည်သူများအတွက် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်မည်ဖြစ်သည်။

(မြို့နယ်ပြန်/ဆက်)

ကျောက်မဲမြို့နယ်

ထို့ပြင် ရှမ်းပြည်နယ် ကျောက်မဲမြို့တွင် ၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူခြင်းလုပ်ငန်းကို မတ် ၂၉ ရက် ည ၁၀ နာရီမှစတင်ပြီး မြို့အတွင်းရှိ တည်းခိုခန်းများ၊ ကားဂိတ်များ၊ အိမ်ခြေမဲ့များနှင့် ပြည်သူ့ဆေးရုံတွင် ဆေးကုသမှုခံယူနေသူများကို မြေပြင်ကွင်းဆင်းဆောင်ရွက်သည်။

ထို့နောက် မတ် ၃၀ ရက် နံနက် ၆ နာရီတွင် ရပ်ကွက်/ကျေးရွာများ အလိုက် ဆက်လက်ကွင်းဆင်း ဆောင်ရွက်နိုင်စေရန်အတွက် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်လွင်၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန၊ ခရိုင်ရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးကျော်ကျော်၊ မြို့နယ်ဦးစီးအရာရှိ ဦးအောင်သွင်ဦးနှင့် အဖွဲ့ဝင်များက စာရင်းစစ်၊ စာရင်းကောက်များနှင့် တွေ့ဆုံ၍ သန်းခေါင်စာရင်း ကောက်ယူခြင်းလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ရာတွင် သိရှိလိုက်နာရမည့်အချက်များကို ရှင်းလင်းမှာကြားခဲ့ပြီး သန်းခေါင်စာရင်းကောက်ယူခြင်း ဆောင်ရွက်မှုများကို လိုက်လံကြည့်ရှုခဲ့ကြသည်။

ရပ်ကွက်နှင့် ကျေးရွာများအလိုက် မြေပြင်ကွင်းဆင်းပြီး သန်းခေါင်စာရင်းကောက်ယူရာတွင် စာရင်းစစ်၊ စာရင်းကောက်များမှ တစ်အိမ်တက်ဆင်း စာရင်းကောက်ယူခြင်း၊ စာရင်းကောက်ယူပြီးသော အိမ်များကို အမှတ်အသားထားရှိခြင်းများ ဆောင်ရွက်ခဲ့ကြကြောင်းနှင့် နေ့စဉ် နံနက် ၇ နာရီမှ ညနေ ၆ နာရီအထိ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

(မြို့နယ်ပြန်/ဆက်)

တောင်ကြီးမြို့

၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူမှုလုပ်ငန်းကို ရှမ်းပြည်နယ် တောင်ကြီးမြို့တွင် မတ် ၃၀ ရက် နံနက် ၈ နာရီမှစတင်၍ စာရင်းကောက် ဆရာမများမှ တစ်အိမ်တက်ဆင်း ကောက်ယူလျက်ပြီး တောင်ကြီးမြို့ မြို့ပေါ်ရပ်ကွက် ၂၂ ရပ်ကွက်တွင် ကောက်ယူခဲ့ကြောင်းနှင့် တောင်ကြီး ဟိုတယ်ဝန်ထမ်းအိမ်ရာတို့တွင် ဆက်လက်ကောက်ယူခဲ့ကြောင်း သိရှိရသည်။

(မြို့နယ် ပြန်/ဆက်)

လောင်းလုံမြို့နယ်

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင် လောင်းလုံမြို့နယ် ၂၀၁၄ ခုနှစ် ပြည်လုံးကျွတ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်း စတင်ကောက်ယူခြင်း အခမ်းအနားဖွင့်ပွဲကို စုပေါင်းရုံးဝင်း အမှတ်(၂) မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနရုံးရှေ့တွင် ယနေ့နံနက် ၆ နာရီခွဲက ကျင်းပသည်။ အခမ်းအနားသို့ မြို့နယ်သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌနှင့် ကော်မတီဝင်များ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်း အဖွဲ့ဝင်များ တက်ရောက်ကြပြီး မြို့ပေါ်စာရင်းကောက်ကွက်များ၌ စာရင်းကောက်များ ကောက်ယူနေမှုများကို ကြည့်ရှုခဲ့ကြောင်းသိရသည်။

(မြို့နယ်ပြန်/ဆက်)

ပထမအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် နဝမပုံမှန်အစည်းအဝေး (ဆဋ္ဌမ) နေ့ကျင်းပ

ပဲခူး မတ် ၃၀

ပထမအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် နဝမပုံမှန်အစည်းအဝေး (ဆဋ္ဌမ)နေ့ကို မတ် ၂၈ ရက် နံနက် ၁၀ နာရီတွင် ပဲခူးတိုင်းဒေသကြီးလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ ပဲခူးတိုင်းဒေသကြီး ဂုဏ်ထူးဆောင်လက်မှတ်များနှင့် ဂုဏ်ထူးဆောင် ဆုပစ္စည်းများ ချီးမြှင့်ခြင်းဆိုင်ရာဥပဒေ(မူကြမ်း)အား ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ကြီးကလည်းကောင်း၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ရသုံးခန့်မှန်းခြေငွေစာရင်းနှင့် ၂၀၁၄ ခုနှစ် ပဲခူးတိုင်းဒေသကြီး၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေ(မူကြမ်း)အား တိုင်းဒေသကြီးလွှတ်တော် ပြည်သူ့ငွေစာရင်းကော်မတီမှ စိစစ်တွေ့ရှိချက် တင်ပြရာ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဘဏ္ဍာရေးဝန်ကြီးဌာန ဝန်ကြီးကလည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ဒေသန္တရစီမံကိန်း ဥပဒေ(မူကြမ်း)အား တိုင်းဒေသကြီးလွှတ်တော် ဥပဒေပြုရေးနှင့် စီမံရေးရာကော်မတီဥက္ကဋ္ဌက စိစစ်တွေ့ရှိချက် အစီရင်ခံစာအား တင်ပြရာ ပဲခူးတိုင်းဒေသကြီးစီမံကိန်းနှင့် စီးပွားရေးဝန်ကြီးဌာန ဝန်ကြီးကလည်းကောင်း၊ တိုင်းဒေသကြီးလွှတ်တော်သို့ အတည်ပြုပေးရန် တင်ပြရာ တိုင်းဒေသကြီးလွှတ်တော်၏ အတည်ပြုချက်ရယူခဲ့သည်။

ယင်းနောက် ပထမအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် နဝမပုံမှန်အစည်းအဝေးတွင် တိုင်းဒေသကြီးလွှတ်တော်၏ ဆောင်ရွက်ချက်များ တင်ပြသည်ကို လွှတ်တော်မှ မှတ်တမ်းတင်ခဲ့သည်။ ယင်းနောက် တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက နိဂုံးချုပ်စကား ပြောကြားပြီး ပထမအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် နဝမပုံမှန်အစည်းအဝေး အောင်မြင်စွာ ပြီးစီးကြောင်း ကြေညာခဲ့သည်။ **(သတင်းစဉ်)**

ရန်ကုန်အနောက်ပိုင်းခရိုင် အလုံမြို့နယ်၌ ၂၀၁၄ ခုနှစ် ပြည်လုံးကျွတ်လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကို မတ် ၃၀ ရက် နံနက် ၇ နာရီမှစတင်၍ အလုံမြို့နယ်အတွင်းရှိ ရပ်ကွက် ၁၁ ရပ်ကွက်တို့တွင် ကောက်ယူကြစဉ်။

တင်မောင်ဦး(အလုံ)

ရန်ကုန်တိုင်းဒေသကြီး စမ်းချောင်းမြို့နယ် ရပ်ကွက်များရှိ နေအိမ်များ၌ မိသားစုဝင်များအား သန်းခေါင်စာရင်း ကောက်ယူရေးအဖွဲ့မှ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူကြစဉ်။

(သတင်းစဉ်)

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ်အတွင်း ရပ်ကွက်များရှိ နေအိမ်များ၌ မိသားစုဝင်များအား သန်းခေါင်စာရင်းကောက်ယူရေးအဖွဲ့မှ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူကြစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်၏ မိသားစုများအား သန်းခေါင်စာရင်းကောက်ယူ

နေပြည်တော် မတ် ၃၀

နိုင်ငံတစ်ဝန်းတွင် ပြည်လုံးကျွတ်လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းများကို ယနေ့တွင် စတင်ကောက်ယူလျက်ရှိရာ နံနက် ၁၁ နာရီတွင် ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် ဇနီး ဒေါ်ခင်လေးသက် မိသားစု၏ လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကို သန်းခေါင်စာရင်းကောက်ယူရေးအဖွဲ့က ပြည်ထောင်စုလွှတ်တော်နာယက၏ နေအိမ်၌ သွားရောက်ကောက်ယူခဲ့ကြသည်။

သန်းခေါင်စာရင်းအဖွဲ့က သန်းခေါင်စာရင်းဆိုင်ရာမေးခွန်းများကို မေးမြန်းဖြည့်စွက်ကြရာ ပြည်ထောင်စုလွှတ်တော်နာယကနှင့်ဇနီးတို့က ပြန်လည်ဖြေကြားခဲ့ကြသည်။ **(ယာပုံ)**

ထို့နောက် မွန်းတည့် ၁၂ နာရီတွင် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ဦးခင်အောင်မြင့်နှင့် ဇနီး ဒေါ်ခင်ပြုံးမိသားစု၏ သန်းခေါင်စာရင်းဆိုင်ရာ အချက်အလက်များအား သန်းခေါင်စာရင်းကောက်ယူရေးအဖွဲ့က သွားရောက်ကောက်ယူပြီး မေးခွန်းများမေးမြန်းရာ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၏ ဇနီးက မေးခွန်းများကို ဖြေကြားပေးခဲ့သည်။ **(အောက်ပုံ)**

(သတင်းစဉ်)

❖ **တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးမှ**

ဗိုလ်ချုပ်မောင်မောင်အုန်းက ရခိုင်ပြည်နယ်အတွင်းရှိ နိုင်ငံတကာအဖွဲ့အစည်းများမှ နိုင်ငံခြားသားများ အဆင်ပြေလုံခြုံစွာ နေထိုင်နိုင်ရေးကိစ္စရပ်များကို လည်းကောင်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးလှမင်းနှင့် ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ကျော်ထွန်းတို့က ပြည်နယ်အတွင်း နယ်မြေအေးချမ်းလုံခြုံရေးဆိုင်ရာဆောင်ရွက်ထားရှိမှုအခြေအနေများနှင့်စပ်လျဉ်း၍ လည်းကောင်း၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးထိန်လင်းက ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ်များတွင် သန်းခေါင်စာရင်းကောက်ယူမှု လုပ်ငန်းစဉ်များ၌ လွှတ်တော်ကိုယ်စားလှယ်များ ပါဝင်ဆောင်ရွက်ပေးနေမှုအခြေအနေများကိုလည်းကောင်း အသေးစိတ်ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဒုတိယသမ္မတက ရှင်းလင်းတင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားရာတွင် နိုင်ငံတော်၏ လက်ရှိနှင့် အနာဂတ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် တိကျမှန်ကန်သောလူဦးရေဆိုင်ရာကိန်းဂဏန်းများရရှိရန် လိုအပ်ချက်အရ သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းစဉ်ကြီးကို ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ လွန်ခဲ့သော(၃)နှစ်ခန့်က စတင်စီမံပြင်ဆင်ပြီး ကမ္ဘာ့ကုလသမဂ္ဂ လူဦးရေရန်ပုံငွေအဖွဲ့နှင့် နီးကပ်စွာ ပူးပေါင်းကြိုးပမ်းခဲ့ကြပါကြောင်း၊ သန်းခေါင်စာရင်းဆိုသည်မှာ လူဦးရေစုစုပေါင်းအရေအတွက်မျှကိုသာ ဖော်ထုတ်ရရှိနိုင်ခြင်းမဟုတ်ဘဲ နိုင်ငံ့လူဦးရေတည်ရှိမှု၊ မျိုးနွယ်စု ပါဝင်ဖွဲ့စည်းမှုတို့ကိုပါ ဖော်ညွှန်းနိုင်ပါကြောင်း၊ နိုင်ငံ၏ အမျိုးသား အကျိုးစီးပွားကို ထိရောက်စွာ ကာကွယ်မြှင့်တင်ရန်နှင့် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သော အချက်အလက်ပေါင်းများစွာကို သန်းခေါင်စာရင်းမှ ရရှိနိုင်မည်ဖြစ်ရာ နိုင်ငံတော်၏ အနာဂတ်၊ လူထု၏ မျှော်လင့်ချက်များကို ပုံဖော်ပေးနိုင်ရန် ယခုဆောင်ရွက်မည့် သန်းခေါင်စာရင်းကြီးတွင် လူတိုင်း အကောက်ခံပြီး မှန်မှန်ကန်ကန် ဖြေကြားပေးကြရန် လိုပါကြောင်း။

သန်းခေါင်စာရင်းကောက်ယူခြင်း လုပ်ငန်းစဉ်ကြီးအပေါ် မရိုးမဖြောင့်သော သဘောဖြင့် အခွင့်ကောင်းယူ အမြတ်ထုတ်ရန် ကြိုးပမ်းမှုများကိုလည်း သတိကြီးစွာဖြင့် စောင့်ကြည့်ကာကွယ်သွားရမှာဖြစ်ပါကြောင်း။

အဆင့်ဆင့်သော သန်းခေါင်စာရင်းကော်မတီများက မြေပြင်အရောက်ကွင်းဆင်းထိတွေ့ပြီး အသေးစိတ်လိုအပ်ချက်များ ဖြည့်ဆည်းပေးကာ လုပ်ငန်းအရှိန်အဟုန်မြှင့်တင်ပေးကြရန်ဖြစ်ကြောင်း၊ အနှောင့်အယှက် အခက်အခဲများကိုလည်း အချင်းချင်းနားလည်မှု၊ ပူးပေါင်းဆောင်ရွက်မှုတို့ဖြင့် ကျော်လွှားသွားရန်ဖြစ်ကြောင်း၊ နိုင်ငံတော်၏ အမျိုးသားရေးလုပ်ငန်းတာဝန်အဖြစ်ခံယူပြီး လူတိုင်းပါဝင်ရန် လိုအပ်ပါကြောင်း၊ လုပ်ငန်းစဉ် နှောင့်နှေးရပ်တန့်မှုမရှိဘဲ ပြီးပြည့်စုံအောင်မြင်သည်အထိ လူတိုင်းကိုယ်စီပါဝင်ကြရန်ဖြစ်ပါကြောင်း၊ လုံခြုံတည်ငြိမ်အေးချမ်းစွာဖြင့် စည်းကမ်းရှိရှိစနစ်တကျလုပ်ဆောင်နိုင်ရေးအတွက် တာဝန်ရှိအဖွဲ့အစည်းအသီးသီးမှ လက်တွဲပူးပေါင်းဆောင်ရွက်သွားကြရန် လိုအပ်ပါကြောင်းဖြင့် မှာကြားခဲ့သည်။

ညနေပိုင်းတွင် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် စစ်တွေမြို့ ကျည်းပင်ကြီးရပ်ကွက် ရွှေသာလမ်းနှင့် ဘာဆာရာကျေးရွာရှိ ပြည်သူများအား သန်းခေါင်စာရင်းကောက်ယူနေမှုအခြေအနေများကို သွားရောက်ကြည့်ရှုပြီး ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးတွေ့ဆုံအားပေးခဲ့သည်။

(သတင်းစဉ်)

အမြို့မြို့အနယ်နယ်၌ သန်းခေါင်စာရင်းကောက်ယူမှု ဆောင်ရွက်

တောင်တွင်းကြီးမြို့နယ်။ (ဓာတ်ပုံ-ဖြဝ)

ကျောက်တန်းမြို့နယ်။ (ဓာတ်ပုံ-၇၄)

မြစ်ငယ်မြို့နယ်။ (ဓာတ်ပုံ-မောင်မောင်စိုး)

ပျဉ်းမနားမြို့နယ်။ (ဓာတ်ပုံ-သူဇာလှိုင်)

မကွေးမြို့နယ်။ (ဓာတ်ပုံ-ခင်မာလာ)

ပုသိမ်မြို့နယ်။ (ဓာတ်ပုံ-ခရိုင်ပြန်/ဆက်)

❂ **ကျောဖုံးမှ**

အလှူရှင်ကိုလည်း များစွာကျေးဇူးတင်ရှိပါကြောင်း၊ ဆက်လက်၍ ယခုကဲ့သို့ လှူဒါန်းနိုင်ပါစေဟု ဆန္ဒပြုပါကြောင်း။

ဆေးရုံကြီးကို လှည့်လည်ကြည့်ရှုလေ့လာပြီး တွေ့ရှိရသည်မှာ အဆောက်အအုံနှင့်အထောက်အကူပြုပစ္စည်းများမှာ အသစ်များဖြစ်နေသည့်အတွက် လိုအပ်ချက်အနည်းငယ်သာတွေ့ရှိရကြောင်း၊ သို့သော်လည်း တာဝန်ကျဝန်ထမ်းပိုင်း လိုအပ်မှုရှိနေသေးသည်ကို တွေ့ရှိရပါကြောင်း၊ တက်ရောက်ဆေးဝါးကုသသည့် လူနာများပြားလာသည့်အတွက် လုံလောက်သည့်ပြုစုကုသမှုပေးနိုင်ရန်အတွက် ဝန်ထမ်းအလုံအလောက်ရှိရန်လိုအပ်ပါကြောင်း။

ပြီးခဲ့သည့်လကုန်ပိုင်းက မွေးရာပါ ခြေလေးချောင်းပါသည့် ကလေးလူနာကို ခွဲစိတ်ကုသမှုပြုခဲ့သည်ကို သိရှိရပါကြောင်း၊ မကြာခင်မှာလည်း အလားတူမွေးရာပါခြေလေးချောင်း ကလေးလူနာတစ်ဦးကို ထပ်မံခွဲစိတ်မည်ဟု သိရှိရပါကြောင်း၊ ဆေးရုံများ၏ အဓိက တင်ပြတောင်းဆိုမှုများသည် ဝန်ထမ်းမလုံလောက်မှု၊ မမျှတမှုကိစ္စများပင်ဖြစ်ပါကြောင်း၊ လိုအပ်သည့်ဝန်ထမ်းများဖြည့်ဆည်းပေးနိုင်ရန် နိုင်ငံတော်က တာဝန်ယူဆောင်ရွက်ပေးရမည့်အပိုင်းဖြစ်ပါကြောင်း၊ ကလေးဆေးရုံကြီးမှ အထူးကုဆရာဝန်ကြီးများအပါအဝင် ဝန်ထမ်းများအားလုံး ယခုကဲ့သို့ဆက်လက်ကြိုးစား ဆောင်ရွက်သွားစေလိုကြောင်း၊ အဆောက်အအုံသစ်များ ဆောက်မည်ဆိုကလည်း မြေနေရာအနေအထားအရ ရေရှည်ကိုမျှော်ကိုး၍ ထည့်သွင်းစဉ်းစားဆောင်ရွက်ကြစေလိုကြောင်း၊ လိုအပ်ချက်များကိုလည်း အတတ်နိုင်ဆုံး ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် ဗဟိုအမျိုးသမီးဆေးရုံကြီး (မန္တလေး)သို့ ရောက်ရှိကြပြီး သားဖွားမီးယပ်ကုသဆောင်၊ ဆေးသိုလှောင်ခန်း၊ ရောဂါရှာဖွေစိစစ်ရေးဌာန၊ ခွဲစိတ်ခွဲနမူနာလက်ခံဌာန၊ သွေးဘဏ်၊ ဓာတ်မှန်ဌာနတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဆေးရုံတက်ရောက်ကုသကြသည့် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ထို့နောက် ဒုတိယသမ္မတသည် သားဖွားသင်တန်းကျောင်းသို့ရောက်ရှိပြီး သားဖွားသင်တန်းကျောင်း သရုပ်ပြခန်းအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေး၍ ဝန်ထမ်းများနှင့် သင်တန်းသားများအား ခန်းမအတွင်း၌ တွေ့ဆုံအမှာစကားပြောကြားသည်။

ထို့နောက် ဒုတိယသမ္မတသည် မန္တလေးမြို့ အရိုးအထူးကုဆေးရုံကြီးသို့ရောက်ရှိကာ ဆေးသိုလှောင်ခန်း၊ အရိုးကုသဆောင်၊ အထူးကြပ်မတ်ကုသဆောင်၊ အရိုးခွဲစိတ်ခန်းတို့အတွက် လှည့်လည်ကြည့်ရှုစစ်ဆေးပြီး အစည်းအဝေးခန်းမ၌ အထူးကုဆရာဝန်ကြီးများနှင့် ဆရာဝန်များ အားတွေ့ဆုံရာ ဆရာဝန်ကြီးများက ဆေးရုံကြီး၏ လိုအပ်ချက်များကို ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါက်တာ ဒေါ်သိန်းသိန်းဌေးနှင့် တာဝန်ရှိသူတို့က ဖြည့်စွက်တင်ပြရာ တင်ပြချက်များအပေါ် ဒုတိယသမ္မတက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းပေးသည်။ **(သတင်းစဉ်)**

ရန်ကုန်တိုင်းဒေသကြီး လသာမြို့နယ် ရန်ကုန်ပြည်သူ့ဆေးရုံကြီးတွင် တက်ရောက်ကုသလျက်ရှိသော လူနာများအား သန်းခေါင်စာရင်း ကောက်ယူရေးအဖွဲ့မှ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း အဖွဲ့အစည်း မေးခွန်းပုံစံများဖြင့် စာရင်းကောက်ယူစဉ်။ (သတင်းစဉ်)

ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် နှင်းဆီကုန်းဘိုးဘွားရိပ်သာရှိ အဘိုးအဘွားများအား သန်းခေါင်စာရင်း ကောက်ယူရေးအဖွဲ့မှ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းအဖွဲ့အစည်း မေးခွန်းပုံစံများဖြင့် စာရင်းကောက်ယူစဉ်။ (သတင်းစဉ်)

၂၀၁၄ ခုနှစ် ပြည်လုံးကျွတ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်း စတင်ဆောင်ရွက်

နေပြည်တော် မတ် ၃၀

မန္တလေးတိုင်းဒေသကြီး

၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်း လုပ်ငန်းများကို မန္တလေးတိုင်းဒေသကြီး မြို့နယ်အသီးသီးတွင် မတ် ၃၀ ရက်မှ စတင်၍ သန်းခေါင်စာရင်းကောက်ယူခြင်း လုပ်ငန်းများ ဆောင်ရွက်နေပြီဖြစ်သည်။

မြို့နယ်အသီးသီးအလိုက်ကောက်ယူရာတွင် ရပ်ကွက်အလိုက်ကွပ်ကဲရေးရုံးများဖွင့်လှစ်၍ ကောက်ကွက်အလိုက် စာရင်းစစ်၊ စာရင်းကောက်ဆရာ ဆရာမများ၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ တာဝန်ရှိ ဝန်ထမ်းများ၊ ရပ်ကွက်အထောက်အကူပြုအဖွဲ့များ၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေးနှင့် အမျိုးသမီးရေးရာအဖွဲ့များ လိုက်ပါလျက် နံနက် ၇ နာရီမှစတင်၍ ညနေ ၆ နာရီအထိ လုပ်ငန်းများဆောင်ရွက်လျက်ရှိသည်။

မန္တလေးတိုင်းဒေသကြီးအတွင်း၌ သန်းခေါင်စာရင်းများကောက်ယူရာတွင် စာရင်းကောက် ဆရာ ဆရာမ ၁၀၀၆၃ ဦး၊ စာရင်းစစ်ဆရာ ဆရာမ ၂၀၀၀ ကျော်တို့က ကောက်ကွက်ပေါင်း ၉၅၀၇ ကွက် သတ်မှတ်၍ ကောက်ယူသွားမည် ဖြစ်သည်။ စာရင်းများ ကောက်ယူရာသို့ လွတ်လပ်သောလေ့လာရေးအဖွဲ့မှ ဦးကျော်လင်းသန့်နှင့် ဖိလစ်ပိုင်နိုင်ငံမှ Mrs. Margarita Guerrero တို့ကလည်း ကောက်ကွက်များသို့ နေ့စဉ်လိုက်လံ၍ လေ့လာကြည့်ရှုမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါသန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းကို မြန်မာနိုင်ငံတစ်ဝန်းလုံး၌ မတ် ၃၀ ရက်မှ ဧပြီ ၁၀ ရက်အထိ ဆောင်ရွက်သွားမည်ဖြစ်သည်။

မင်းထက်အောင်၊ အေးမြ(မန္တလေး)

သရက်ခရိုင်

သရက်ခရိုင်အတွင်း မြို့နယ်များတွင် ၂၀၁၄ ခုနှစ် မတ် ၃၀ ရက်တွင် စတင်ကောက်ယူသည့် ပြည်လုံးကျွတ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူရေးလုပ်ငန်းကို ယနေ့ နံနက် ၇ နာရီတွင် စတင်ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ သန်းခေါင်စာရင်းကောက်ယူရာတွင် သရက်မြို့နယ်၌ မြို့ပေါ်ကောက်ကွက် ၃၂ ကွက်၊ ကျေးရွာကောက်ကွက် ၁၇၄ ကွက်နှင့် အဖွဲ့အစည်းငါးခုရှိပြီး စာရင်းစစ် ၆၇ ဦး၊ စာရင်းကောက် ၂၀၈ ဦးတို့က တစ်အိမ်တက်ဆင်းလိုက်လံစာရင်းကောက်ယူလျက်ရှိရာ မြို့နယ်သန်းခေါင်စာရင်းကော်မတီအဖွဲ့ဝင်များက ကွပ်ကဲရေးရုံးများတွင် ကြီးကြပ်ဆောင်ရွက်ကြပြီး ပြည်သူများက မေးခွန်းများ မှန်မှန်ကန်ကန်ဖြေကြားခြင်းဖြင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ သရက်ခရိုင်အတွင်းရှိ အောင်လံ၊ မင်းတုန်း၊ မင်းလှ၊ ကံမ၊ ဆင်ပေါင်ဝဲ မြို့နယ်များတွင်လည်း အလားတူ ဆောင်ရွက်လျက်ရှိသည်။

(ခရိုင်ပြန်/ဆက်)

ဆင်ပေါင်ဝဲမြို့နယ်

သရက်ခရိုင် ဆင်ပေါင်ဝဲမြို့နယ်တွင် ၂၀၁၄ ခုနှစ် ပြည်လုံးကျွတ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူရေးလုပ်ငန်းကို ယနေ့နံနက် ၇ နာရီတွင် စတင်၍ မြို့နယ်အတွင်းရှိ ကောက်ကွက်အသီးသီးတွင် တာဝန်ကျစာရင်းကောက်များက ကောက်ယူခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

ဆင်ပေါင်ဝဲမြို့နယ်တွင် ၂၀၁၄ ခုနှစ် သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းဆောင်ရွက်ရာတွင် ရပ်ကွက်/ကျေးရွာအုပ်စုများရှိ ကောက်ကွက် ၁၉၅ ကွက်နှင့် အဖွဲ့အစည်းကောက်ကွက် ၁၁ ကွက်တွင် စာရင်းစစ် ၆၂ ဦး၊ စာရင်းကောက် ၂၀၆ ဦးဖြင့် ဆောင်ရွက်သွားမည်ဖြစ်သည်။

ဆင်ပေါင်ဝဲမြို့နယ်အတွင်းတွင် ၂၀၁၄ ခုနှစ် ပြည်လုံးကျွတ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူရေးလုပ်ငန်းအတွက် မြို့နယ်ကွပ်ကဲရေးရုံးနှင့် ရပ်ကွက်/ကျေးရွာအုပ်စု ကွပ်ကဲရေးရုံး ၄၉ ရုံးဖွင့်လှစ်၍ ကော်မတီအသီးသီးနှင့် ပြည်သူများ အေးချမ်းစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

○ **မကွေးအသင်းမှ**

မကွေးဂိုးသမားကျော်ဇင်ဖြိုး လက်စွမ်းပြကာကွယ်နေ၍ ရှုံးပွဲဆက်သွားရခြင်းဖြစ်သည်။ မကွေးအသင်းအတွက် တစ်လုံးတည်းသောအနိုင်ဂိုးကို ပွဲပြီးခါနီးနာကျင်အချိန်ပိုတွင် အောင်ရှိုးသာမောင်က သွင်းယူခဲ့ခြင်းဖြစ်သည်။

ပွဲစဉ်(၉)အပြီးတွင် နေပြည်တော်အသင်းက ၂၂ မှတ်ဖြင့် ပထမ၊ ရတနာပုံအသင်းက ၂၁ မှတ်ဖြင့် ဒုတိယ၊ မကွေးအသင်းက ၁၈ မှတ်ဖြင့် တတိယ၊ ရန်ကုန်အသင်းက ၁၇ မှတ်ဖြင့် စတုတ္ထ၊ ကမ္ဘောဇအသင်းက ၁၅ မှတ်ဖြင့် ပဉ္စမနေရာတို့တွင် ရပ်တည်နေသည်။ **(သတင်းနှင့်ဓာတ်ပုံ-ရှိုင်းထက်ဇော်)**

မကွေးနှင့် ဖွဲ့ကပင်တို့ ယှဉ်ပြိုင်နေစဉ်။



ဝိပါတ်တော်(၁၂)ပါးနှင့် ပုံပြသိမှတ်စရာများ

(ဓမ္မခဆရာတော် အရှင်ကုဝေရသာရ)၏ သားငယ်သမီးငယ်များ ဗုဒ္ဓဘာသာဆိုင်ရာ ဓလေ့ထုံးတမ်းများ၊ ဗဟုသုတနှင့် အခြေခံဗုဒ္ဓဓမ္မဆိုင်ရာများကို သိရှိနားလည်၍ ဘဝတွင် ယဉ်ကျေးလိမ္မာစွာ ဖြတ်သန်းနေထိုင်နိုင်စေရန်အတွက် ဝိပါတ်တော်(၁၂)ပါးနှင့် ပုံပြသိမှတ်စရာများ စာအုပ်ထွက်ရှိလာပြီဖြစ်သည်။

နိုင်ငံခြားသားများ ဖတ်ရှုလေ့လာနိုင်စေရန် အင်္ဂလိပ်ဘာသာဖြင့် ဖော်ပြထားသဖြင့် လက်ဆောင်ပေးရန် အသင့်တော်ဆုံးစာအုပ်လေးဖြစ်သည်။

၎င်းစာအုပ်ကို စာပေလောက(၅) အမှတ် ၁၃၈/၁၄၀ ပထမထပ် ပန်းဆိုးတန်းလမ်းနှင့် မဟာဗန္ဓုလလမ်းထောင့် ကျောက်တံတားမြို့နယ် ရန်ကုန်မြို့မှ တန်ဖိုးငွေကျပ် ၁၅၀၀ ဖြင့် တစ်ပြည်လုံးသို့ ဖြန့်ချိလိုက်ပြီဖြစ်သည်။

....

ရင်သွေးငယ်များအတွက် ဗုဒ္ဓဘာသာသိကောင်းစရာအဖြာဖြာ



ရင်သွေးငယ်များအတွက် ဗုဒ္ဓဘာသာသိကောင်းစရာအဖြာဖြာကို မြန်မာလူငယ်လေးများသာမက လူတိုင်း သိရှိနားလည်စေရန်အတွက် သတ္တဝတီစာပေတိုက်မှ ထုတ်ဝေလိုက်သည်။

ယင်းဗုဒ္ဓဝင်အကျဉ်း ပုံပြစာအုပ်လေးဟာ အင်္ဂလိပ်စာ-မြန်မာနှစ်ဘာသာနဲ့ ဖော်ပြထားပြီး မြန်မာလူငယ်များသာမက နိုင်ငံခြားသားများပါ လေ့လာဖတ်ရှုနိုင်ကာ ပန်းချီကိုကံကောင်း၏ လှပသေသပ်ပြီး ဆွဲဆောင်မှုရှိသည့် သရုပ်ဖော် ပုံတွေကိုလည်း ရှုမငြီးနိုင်အောင် တွေ့မြင်နိုင်သည်။ ယင်းစာအုပ်တွင် ဗုဒ္ဓဝင်အကျဉ်းကို ဦးစွာဖော်ပြထားပြီး အမေးအဖြေ ၆၂ ပုဒ်ကို လိုရင်းတိုရှင်း အဓိပ္ပာယ်ပြည့်ဝစွာ ရေးသားထားသည်။

ယင်းစာအုပ်ကို စာပေလောက ၅ အမှတ် ၁၃၈/၁၄၀ ပထမထပ် ပန်းဆိုးတန်းလမ်းနှင့် မဟာဗန္ဓုလလမ်းထောင့် ကျောက်တံတားမြို့နယ် ရန်ကုန်မြို့မှ တန်ဖိုးငွေကျပ် ၁၅၀၀ ဖြင့် တစ်ပြည်လုံးသို့ ဖြန့်ချိလိုက်ပြီဖြစ်သည်။

....

ဖြူစင်ရှင်းသန့်သော ရပ်ဝန်းဆီသို့ စာအုပ်ထွက်ရှိ



စာရေးသူ စိန်လင်း (ခွဲစိတ်နှင့် ကင်ဆာပါရဂူ)၏ ဖြူစင်ရှင်းသန့်သော ရပ်ဝန်းဆီသို့ စာအုပ်ကို ထုတ်ဝေဖြန့်ချိလိုက်ကြောင်း သိရသည်။

အဆိုပါ စာအုပ်တွင် နေ့သစ်များကိုဖြတ်သန်းခြင်း၊ သီလ၏စင်ကြယ်ခြင်း၊ စိတ်၏စင်ကြယ်ခြင်း၊ အယူ၏စင်ကြယ်ခြင်း၊ ယုံမှားသံသယမှ စင်ကြယ်ခြင်း၊ လမ်းမှန်ကို သိသောဉာဏ်၏ စင်ကြယ်ခြင်း၊ အရိယာမဂ်ကိုရသော ဉာဏ်၏ စင်ကြယ်ခြင်း၊ သစ္စာလေးပါးကိုသိသော ဉာဏ်၏ စင်ကြယ်ခြင်းနှင့် ဖြူစင်ရှင်းသန့်သော ရပ်ဝန်းဆီသို့ဟူသည့် အခန်းကိုးခန်းခွဲ၍ စိတ်ဝင်စားဖွယ်ဖြစ်အောင် ရေးသားထားသည်။

စာအုပ်ကို ရွှေပြည်သာစာပေက ထုတ်ဝေပြီး တန်ဖိုးငွေကျပ် ၃၀၀၀ ဖြစ်သည်။

....

သက်ရှည်ကျန်းမာ အသက်(၁၀၀)နေလိုလျှင်



ပေါက်ပေါက်ရေးသားသော သက်ရှည်ကျန်းမာ အသက် (၁၀၀)နေလိုလျှင် စာအုပ်ထွက်ရှိလာပါသည်။ ပန်းနာရင်ကျပ်ရောဂါအတွက် ဆေးမြီးတိုနှင့် အိမ်တွင်းကုထုံးများ၊ ပလတ်စတစ်သောက်ရေဘူးများက ရင်သားကင်ဆာဖြစ်စေနိုင်၊ ဦးနှောက်ကောင်းစေဖို့ ဆောင်ရန်/ရှောင်ရန်နည်းလမ်းများ၊ ခြေထောက်ကိုအနှိပ်ခံခြင်းမှ ရရှိသည့် အကျိုးကျေးဇူးများ၊ ငါးမိနစ်အတွင်းခေါင်းကိုက်ပျောက်နည်း၊ အသင့်စားခေါက်ဆွဲခြောက်များနှင့် ကျန်းမာရေးအန္တရာယ်စသည့် ဗဟုသုတရရှိစေမည့်နည်းလမ်းပေါင်း မြောက်မြားစွာကို စာရေးသူက လမ်းညွှန်ထားသည်။ မဇ္ဈိမစာပေ အမှတ်(၂၃၇) ပထမထပ် (၃၉)လမ်း (အထက်) ကျောက်တံတားမြို့နယ် ဖုန်း-၀၁-၃၉၂၈၃၅၊ ၀၉-၅၀၅၆၈၄၃ မှ တန်ဖိုးငွေကျပ် ၁၀၀၀ ဖြင့် ဖြန့်ချိထားသည်။

....

ချိုချဉ်စပ် ဝတ္ထုတိုများ



လူကုန်ကူးပြီး တစ်ဖက်နိုင်ငံသို့ ရောင်းစားခံရသည့်အဖြစ်၊ နှစ်လုံးထီ၊ ချဲထီကြောင့် ဒုက္ခရောက်ရသည့်အဖြစ်တို့မှသည် ဆိုင်ကယ်စီးစဉ် ဦးထုပ်ဆောင်းရမည့် စည်းကမ်းကိုမလိုက်နာသည့်အတွက် ဒုက္ခရောက်ရသည့်အဖြစ်တို့ကို ဝတ္ထုတိုများဖြင့်ဖွဲ့ပြထားသည်။

ဉသြ(ချယ်ရီမြေ)၏ ဝတ္ထုတိုများသည် ချိုချဉ်စပ်ဟူသော ဝိသေသနနှင့်အညီ မြိုးမြိုးမြက်မြက်အရသာရှိသော ထမင်းဝိုင်းလေးသဖွယ်ဖြစ်သည်ဟု စာရေးဆရာမောင်ခင်မင် (ဓနုဖြူ)က တင်စားထားသည်။

ဉသြ(ချယ်ရီမြေ) ရေးသားသည့် ချိုချဉ်စပ်ဝတ္ထုတိုများစာအုပ်ကို တန်ဖိုးငွေကျပ် ၂၅၀၀ ဖြင့် နိုင်ရတနာစာပေ အမှတ် (၁၈) ယူဂိုဆလပ်သီရိရိပ်သာရပ်ကွက် ပြင်ဦးလွင်မြို့မှ ထုတ်ဝေလိုက်ပြီဖြစ်သည်။

ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

ကျောက်တန်း မတ် ၃၀

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်နှင့်အဖွဲ့သည် ရန်ကုန်တောင်ပိုင်းခရိုင် ကျောက်တန်းမြို့နယ် တံတားမြို့နယ်ခွဲ မြို့ပေါ် လေးရပ်ကွက်နှင့် ကျေးရွာ ၁၂ ရွာရှိ ရပ်/ကျေးအုပ်ချုပ်ရေးမှူးများ၊ အထောက်အကူပြုအဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများ၊ ဒေသခံပြည်သူများ၊ ကျေးလက်နေ လူငယ်များအား တံတားမြို့အမှတ် (၁)ရပ်ကွက် သုံးလောကထွဋ်ရှုခေါင် မာရ်အောင်ရတနာဘုရားကြီးဝင်းအတွင်း မတ် ၃၀ ရက် နံနက် ၁၁ နာရီက တွေ့ဆုံခဲ့သည်။ **(ယာပုံ)**

တွေ့ဆုံရာတွင် ပြည်ထောင်စုဝန်ကြီးက ရပ်/ကျေးအုပ်ချုပ်ရေးမှူးများ၊ အထောက်အကူပြုအဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများနှင့် ဒေသခံပြည်သူများတင်ပြသည့် ပညာရေး၊ ကျန်းမာရေး၊ လမ်း၊ တံတား၊ သောက်သုံးရေရရှိရေး စသည့် ကျေးလက်ဒေသ ဖွံ့ဖြိုးမှုလုပ်ငန်းများအပေါ် ကဏ္ဍအလိုက်ခွဲ၍ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အောင်ဆွေ(ရွှေတံတား)

ရန်ကုန်တိုင်းဒေသကြီးအတွင်း သန်းခေါင်စာရင်းကောက်ယူ

ရန်ကုန် မတ် ၃၀

မြန်မာနိုင်ငံ၌ နှစ်ပေါင်း(၃၀) ကျော်ကြာမှ ပြန်လည်ကောက်ယူသော ပြည်လုံးကျွတ် သန်းခေါင်စာရင်းကို ယနေ့နံနက်ပိုင်းမှစ၍ ဒေသအသီးသီး၌ ကောက်ယူရာ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များ၌လည်း တစ်ပြိုင်တည်း စာရင်းကောက်ယူကြသည်။

လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရာတွင် ရန်ကုန်တိုင်းဒေသကြီး အတွင်း မြို့နယ် ၄၅ မြို့နယ်ရှိသည့်အနက် လမ်းပန်းဆက်သွယ်မှု ခက်ခဲသည့် ရန်ကုန်တောင်ပိုင်းခရိုင် ကိုကိုးကျွန်းမြို့နယ်၏ သန်းခေါင်စာရင်းကောက်ယူမှုကို မတ် ၉ ရက်က အပြီး ကောက်ယူခဲ့ပြီးဖြစ်သည်။

ယနေ့တွင် ကျန် ၄၄ မြို့နယ်၌ နံနက် ၇ နာရီမှစတင်၍ သန်းခေါင်စာရင်းကောက်ယူရာ ရန်ကုန်တိုင်းဒေသကြီး သန်းခေါင်စာရင်းကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေနှင့် တာဝန်ရှိသူများသည် နံနက် ၇ နာရီ ၄၅ မိနစ်မှစ၍ ဒဂုံမြို့နယ် အလုံလမ်း၊ စမ်းချောင်းမြို့နယ် ဗားကရာလမ်းနှင့် ဗဟန်းမြို့နယ် ရွှေတောင်ကြား (၂)ရပ်ကွက်အတွင်းရှိ နေအိမ်များ၌ သန်းခေါင်စာရင်းကောက်ယူနေမှုများကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း၌ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရာတွင် မြို့နယ် ၄၄ မြို့နယ်နှင့် ရန်ကုန်တောင်ပိုင်းခရိုင် တံတားမြို့နယ်ခွဲ အပါအဝင် မြို့နယ်များရှိ လူဦးရေ ၆၈၃၆၀၅၀ ကိုအိမ်ထောင်စု ကောက်ကွက်ပေါင်း ၁၀၇၅၄ ကွက်တွင် စာရင်းစစ် ၂၆၃၃ ဦး၊ စာရင်းကောက် ၁၁၃၉၁ ဦး၊ အဖွဲ့အစည်းကောက်ကွက်ပေါင်း ၂၅၄ ကွက်တွင် စာရင်းစစ် ၂၆၄ ဦး၊ စာရင်း ကောက် ၅၀၇ ဦးနှင့် ကွပ်ကဲရေးရုံး ၁၆၉၈ ရုံး ဖွင့်လှစ်ထားရှိကာ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူလျက်ရှိသည်။**(သတင်းစဉ်)**

ပဲခူးတိုင်းဒေသကြီး၌ သန်းခေါင်စာရင်းစတင်ကောက်ယူ

နေပြည်တော် မတ် ၃၀

ပဲခူးတိုင်းဒေသကြီး ၂၀၁၄ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းအား မတ် ၃၀ ရက် နံနက်ပိုင်းမှစ၍ ပဲခူးတိုင်းဒေသကြီး ၂၈ မြို့နယ်တွင် စတင်ကောက်ယူသည်။

တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးညဏ်ဝင်း၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းတင်နှင့် တိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးများ၊ တိုင်းဒေသကြီး တရားသူကြီးချုပ်၊ တိုင်းဒေသကြီးဥပဒေချုပ်နှင့် တိုင်းဒေသကြီး စာရင်းစစ်ချုပ် တို့ပါဝင်သောအဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် မြို့ပေါ် ၃၁ ရပ်ကွက်နှင့် မြို့နယ်အတွင်းရှိ ကျေးရွာများတွင် ၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူမှုတို့ကို လှည့်လည်ကြည့်ရှုကြသည်။

ပဲခူးမြို့နယ်တွင် ကောက်ကွက်ပေါင်း ၆၇၇ ကွက်၊ အဖွဲ့အစည်းပေါင်း ၃၇ ဖွဲ့၊ စာရင်းစစ်၊ စာရင်းကောက်သူ ၉၆၄ ဦးရှိပြီး ပဲခူးတိုင်းဒေသကြီးအနေဖြင့် ကောက်ကွက်ပေါင်း ၇၉၄၃ ကွက်၊ စာရင်းစစ်၊ စာရင်းကောက်ယူသူ ၁၁၃၄၁ ဦးဖြင့် သန်းခေါင်စာရင်းကောက်ယူလျက်ရှိကြောင်း သိရသည်။

(သတင်းစဉ်)

NRC ရုပ်သံလိုင်းထုတ်လွှင့်မှု အချိန်ပြောင်းလဲထုတ်လွှင့်မည်

မြန်မာ့အသံနှင့် ရုပ်မြင်သံကြား NRC ရုပ်သံလိုင်းထုတ်လွှင့်မှုကို ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှ မတ် ၃၁ ရက်အထိ နံနက် ၆ နာရီမှစတင်၍ ကယား၊ စကောကရင်၊ အနောက်ပိုးကရင်၊ အရှေ့ပိုးကရင်၊ ချင်း (လိုင်ဇိုး)၊ ချင်း(ချိုး)၊ မွန်၊ ရခိုင်၊ ရှမ်း၊ ‘ဝ’၊ ကချင်ဘာသာများကို မွန်းလွဲ ၂ နာရီခွဲအထိ ပထမအကြိမ်အဖြစ်လည်းကောင်း၊ မွန်းလွဲ ၂ နာရီခွဲမှ ည ၁၁ နာရီအထိ ဒုတိယအကြိမ်အဖြစ်လည်းကောင်း ထုတ်လွှင့်ခဲ့သည်။

ယခု NRC ရုပ်သံလိုင်းထုတ်လွှင့်ချိန်ကို ထပ်မံတိုးချဲ့ထုတ်လွှင့်ရန်အတွက် ထုတ်လွှင့်မှုကို ၂၀၁၄ ခုနှစ် ဧပြီ ၁ ရက်မှစ၍ မေ ၃၁ ရက်ထိ နံနက် ၆ နာရီမှ ၈ နာရီအထိ ကယားဘာသာအစီအစဉ်၊ နံနက် ၈ နာရီမှ ၉ နာရီအထိ စကောကရင်ဘာသာအစီအစဉ်၊ နံနက် ၉ နာရီမှ ၁၀ နာရီအထိ အနောက်ပိုးကရင်ဘာသာအစီအစဉ်၊ နံနက် ၁၀ နာရီမှ ၁၁ နာရီအထိ အရှေ့ပိုးကရင်ဘာသာအစီအစဉ်၊ နံနက် ၁၁ နာရီမှ ၁၂ နာရီ အထိ ချင်း(လိုင်ဇိုး)ဘာသာအစီအစဉ်၊ မွန်းတည့် ၁၂ နာရီမှ မွန်းလွဲ ၁ နာရီအထိ ချင်း(ချိုး) ဘာသာအစီအစဉ်၊ မွန်းလွဲ ၁ နာရီမှ ညနေ ၃ နာရီအထိ မွန်ဘာသာအစီအစဉ်၊ ညနေ ၃ နာရီမှ ၅ နာရီအထိ ရခိုင်ဘာသာအစီအစဉ်၊ ညနေ ၅ နာရီမှ ည ၇ နာရီအထိ ရှမ်းဘာသာ အစီအစဉ်၊ ည ၇ နာရီမှ ၉ နာရီအထိ ‘ဝ’ ဘာသာအစီအစဉ်၊ ည ၉ နာရီမှ ၁၁ နာရီအထိ ကချင်ဘာသာအစီအစဉ်တို့ကို ဘာသာအလိုက် အချိန်တိုးချဲ့ ထုတ်လွှင့်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အကြည့်ရဆိုးစေသည့် အလှပြင်မှားယွင်းနည်း ခြောက်မျိုး



လူတွေဘာကြောင့် အလှပြင်ကြသလဲ၊ အဖြေက ရိုးရိုးလေးနော်. . . လှချင်လို့ပါ။ လှသထက်လှအောင် အလှပြင်ကြသော်လည်း အလှပြင်နည်းမှားယွင်းခြင်းက အရုပ်ဆိုးအကျည်းတန်စေလို့ အောက်ပါ (၆)ရပ်ကို လေ့လာရင်း အချိန်မီပြုပြင်နိုင်ကြပါစေကြောင်း။

တစ်ပြေးတည်းအရောင်တင်ခြင်း။ အလှပြင်တယ်ဆိုတာ ဆေးရောင်စုံပန်းချီခြယ်သတဲ့ အနုပညာတစ်ရပ်ပါ။ အလှပြင်ပစ္စည်းတွေကို ကာလာတစ်ရောင်တည်းသုံးခြင်းက သွေးဆုတ်နေတဲ့ လူမမာပုံပေါ်နေပါတယ်။ အောက်ခံမိတ်ကပ်ကို မိမိအသားအရေအရောင်ထက် ကာလာတစ်ခုပိုရင့်တဲ့အရောင်သုံး၍ ကရင်မ်ပေါင်ဒါကိုတော့ ထိုမိတ်ကပ်အရောင်ထက် ကာလာတစ်ခုပိုတာကိုသုံးပါ။ ပါးနီကို မိတ်ကပ်အရောင်ထက် ကာလာနှစ်ခုပိုရင့်တဲ့အရောင်ကိုသုံးပြီး မျက်ခုံး၊ မျက်လုံး၊ နှုတ်ခမ်းတို့ကို သင့်တော်သလို အရောင်တင်ပေးခြင်းဖြင့် မျက်နှာတစ်ပြေးတည်း အရောင်မဖြစ်စေတော့ပါဘူး။

Concealer အရောင်မှားသုံးခြင်း။ မျက်ကွင်းညိုသူများ၊ ပါးမို့မို့ပေါ်က အမည်းစက်ပြောက်ရှိသူများနှင့် သက်ကြီးပိုင်းပေါ်လာတဲ့ မျက်နှာပေါ်က အမည်းအကွက်လေးများမသိသာစေဖို့အတွက် Concealer သုံး၍ အလှပြင်ကြရပါတယ်။ သို့သော် သုံးသင့်တဲ့ အရောင်ထက် ဖျော့သော(သို့မဟုတ်) ပိုရင့်သော Concealer ကို မှားယွင်းစွာမသုံးမိဖို့ အရေးကြီးပါတယ်။ အသင့်တော်ဆုံး Concealer ကတော့ မိမိပင်ကိုအသားအရေထက် ကာလာအရောင်တစ်ခု (သို့မဟုတ်) ၎င်းထက်ပိုနုသော အရောင်ကိုသုံးပေးပါ။

အိုင်းလိုင်နာ အမည်းရောင်သုံးခြင်း။ လူတိုင်းက အိုင်းလိုင်နာအမည်းရောင်နှင့် မလိုက်ဖက်ကြပါဘူး။ အကယ်၍ အိုင်းလိုင်နာအမည်းရောင်ကို သုံးဖို့လိုအပ်တဲ့အခါ waterproof eyeliner စာတန်းပါတဲ့ ရေစိုခံအမျိုးအစားကိုသာရွေး၍ အောက်မျက်ခမ်းမျက်တောင်လိုင်းတစ်လျှောက်နေရာကိုသာ အိုင်းလိုင်နာ ခပ်ဖွဖွဆွဲပေးပါ။ အိုင်းလိုင်နာတွေ အများကြီးသုံးမိတဲ့အခါ အရောင်တွေဘေးပြန့်ပြီး ဝက်ဝံမျက်လုံးသဖွယ် အကြည့်ရဆိုးပါတယ်။

ကရင်မ်ပေပ်ဖ်(သို့မဟုတ်) ပေါင်ဒါတွေ အသုံးများခြင်း။ ကရင်မ်ပေပ်ဖ်(သို့မဟုတ်) ပေါင်ဒါတွေ အထူကြီးလိမ်းတဲ့အခါ ချောကလက်မှုံတက်နေသလိုမျိုး မျက်နှာအသားအရေ ကြမ်းတမ်းတဲ့ပုံပေါ်စေပါတယ်။ ဒါ့ပြင် အရွယ်အိုရုပ်ရင့်နေတဲ့ အသွင်ဆောင်သွားပါတယ်။

အောက်ခံကရင်မ် မသုံးစွဲခြင်း။ မိတ်ကပ်မလိမ်းခင် နို့ရည်(သို့မဟုတ်) အောက်ခံကရင်မ်ကို မဖြစ်မနေ သုံးပေးခြင်းအားဖြင့် မိတ်ကပ်လိမ်းတဲ့အခါ ညက်ညောပြေပြစ်မှုရှိတာကြောင့် အသားအရေ လျော့ရဲအရေးအကြောင်းထင်တာတွေဖြစ်ခြင်းမှ သက်သာစေပါတယ်။ ဒါ့ပြင် မျက်နှာအသားအရေနှင့် ဓာတုမိတ်ကပ်တွေ တိုက်ရိုက်မထိတွေ့နိုင်တော့လို့ အသားအရေမပျက်စီးစေတော့ပါဘူး။ SPF နှင့် Moisturizer ပါတဲ့ အောက်ခံကရင်မ်မျိုးက မည်သည့်အသားအရေအတွက်မဆို သင့်တော်ပါတယ်။

အိုင်းလိုင်နာအရောင် ရွေးချယ်မှုမှားယွင်းခြင်း။ အသားဖြူလွန်းသူများက ကြေးနီရောင်(သို့မဟုတ်) ရွှေဝါရောင်ဆန်ဆန် အိုင်းလိုင်နာကို ရွေးချယ်မိတဲ့အခါ ဖြူရော်ရော်ဖြစ်ကာ မျက်စိအားနည်းနေတဲ့ ပုံပေါ်စေပါတယ်။ အသားအလွန်ညိုမှောင်သူများအဖို့ ငွေမင်ရောင် အိုင်းလိုင်နာသုံးခြင်းက ကြီးစွာသောအမှားကို ပြုမိပြီလို့ မှတ်ယူပါလေ။ **(တင်ထက်ထက်ဇော်)**

ဓာတ်အားခပြင်ဆင်ခြင်းအတွက် ဒလမြို့နယ်တစ်ခုလုံးသို့ လှမ်းခြုံပညာပေးမည်

ရန်ကုန် မတ် ၃၀

လျှပ်စစ်ဓာတ်အား သုံးစွဲနေကြသော ဒလမြို့နယ်အတွင်းမှ နေထိုင်သူများအတွက် လျှပ်စစ်ဓာတ်အားခ ပြင်ဆင်သတ်မှတ်ခြင်းနှင့်ပတ်သက်ပြီး ရှင်းလင်းနားလည်စေရန် အသိပညာပေးဟောပြောမှုများကို ကွင်းဆင်းလုပ်ဆောင်နေကြောင်း ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်ထွန်းက ပြောသည်။

"တော်တော်များများက သိပ်မသိကြဘူး၊ မီတာခတက်ရင် အကုန်တက်မယ်လို့ ထင်ကြတာ၊ အခုလိုဟောပြောဆွေးနွေးတဲ့အခါကျတော့ သူတို့ ရှင်းရှင်းလင်းလင်း သိနားလည်သွားကြမှာပါ"ဟု ၎င်းက ဆိုသည်။ ထိုသို့ ပညာပေးကွင်းဆင်းဟောပြောမှုကို ဒလမြို့နယ် တစ်ခုလုံးအတွင်းရှိ လျှပ်စစ်ဓာတ်အားသုံးစွဲသည့် ရပ်ကွက်များ အသီးသီးတွင် လှမ်းခြုံလုပ်ဆောင်သွားရန် စီစဉ်ထားခြင်းဖြစ်သည်။

ဒလမြို့နယ်အတွင်းတွင် ဓာတ်အားသုံးစွဲသူ ၁၅၀၀၀ ကျော်ရှိပြီး ယင်းအနက် တစ်ယူနစ်မှ ယူနစ်တစ်ရာအတွင်း သုံးစွဲသူမှာ ၁၂၀၀၀ ကျော်ရှိခြင်းကြောင့် ဒေသခံများမှ ပေးဆောင်ရမည့် ဓာတ်အားခသည် ၃၅ ကျပ်သာ ဖြစ်သည့်အတွက် ပြောင်းလဲမှုသိပ်မရှိကြောင်း၊ ယူနစ်နှစ်ရာအထိ သုံးစွဲသူများအနေဖြင့်လည်း ယခင်ကထက် ကျသင့်ငွေကြေး အနည်းငယ်သာ တိုးလာမည်ဖြစ်သဖြင့် ပြောင်းလဲမှုသိပ်မရှိနိုင်ကြောင်း သိရသည်။

မတ် ၂၆ ရက်က ဒလမြို့နယ်အတွင်းရှိ ညောင်ကုန်းရပ်ကွက် ရာဇသင်္ကြန်ရပ်ကွက်၊ ၆-နံပါတ်ရပ်ကွက်၊ ၁၁/၁၄ ရပ်ကွက်များသို့လည်းကောင်း၊ မတ် ၂၄ ရက်က ညောင်ချောင်းကျေးရွာနှင့် ဓနုတ်ဘုရားဓမ္မာရုံတွင် လည်းကောင်း၊ မတ် ၂၂ ရက်က ရဲချောင်းဝကျေးရွာတွင် လည်းကောင်း၊ မတ် ၂၁ ရက်က သပြေကုန်းကျေးရွာ ဗညားဒလရပ်ကွက်၊ ဘုရင့်နောင်ရပ်ကွက်၊ တပင်ရွှေထီးရပ်ကွက်၊ မတ် ၂၀ ရက်က ဆာပါချောင်ရပ်ကွက်တို့တွင် လည်းကောင်း ကွင်းဆင်းပညာပေးဟောပြောခဲ့ကြောင်း သိရသည်။

ထက်ခိုင်(စမ်းချောင်း)

မိုင်းဆတ်၌ သန်းခေါင်စာရင်း စတင်ကောက်ယူ

မိုင်းဆတ် မတ် ၃၀

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဆတ်ခရိုင်အတွင်းရှိ မြို့နယ်နှင့် မြို့နယ်ခွဲများတွင် ၂၀၁၄ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကို မတ် ၃၀ ရက် နံနက် ၇ နာရီက စတင်၍ စာရင်းစစ်၊ စာရင်းကောက်ဆရာ ဆရာမများက တစ်အိမ်တက်ဆင်း လိုက်လံစာရင်းကောက်ယူလျက်ရှိရာ ခရိုင်/မြို့နယ် သန်းခေါင်စာရင်းကောက်ယူရေး ကြီးကြပ်မှုကော်မတီဝင်များက ကွင်းဆင်းစစ်ဆေးပြီး လိုအပ်သည်များ ကူညီဆောင်ရွက်ပေးသည်။(ယာပုံ)

မိုင်းဆတ်ခရိုင်တွင် စာရင်းကောက်ကွက် ၂၁၇ ကွက်ရှိပြီး စာရင်းကောက်ဆရာ ဆရာမ ၂၃၁ ဦးနှင့် စာရင်းစစ်ဆရာ ဆရာမ ၇၅ ဦးတို့က သတ်မှတ်ရက်အပြီး စာရင်းများ ကောက်ယူသွားနိုင်ရေးအတွက် စနစ်တကျ စီစဉ်ဆောင်ရွက်ထားရှိကြောင်း သိရသည်။ **(ခရိုင်ပြန်/ဆက်)**

ဖိုင်ဘာဆက်ကြောင်း ရေတာရှည်မြို့နယ်တွင် တူးခဲ့တည်ဆောက်

ရေတာရှည် မတ် ၃၀

ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာ ဝန်ကြီးဌာန မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ မြေအောက်ဖိုင်ဘာ ချခင်းခြင်းလုပ်ငန်းကို ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်၌ စက်ယန္တရားများဖြင့် ရန်ကုန်-မန္တလေး ကားလမ်းတစ်လျှောက်တွင် စတင်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်ကို တွေ့ရသည်။ ဖိုင်ဘာဆက်ကြောင်း ချခင်းခြင်းလုပ်ငန်းအတွက် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ ကုမ္ပဏီနှစ်ခုကို လုပ်ကိုင်ခွင့်ပေးခဲ့ပြီး ASIA MEGA LINK ကုမ္ပဏီကို မူဆယ်-

မန္တလေးအတွက် လည်းကောင်း၊ မန္တလေး-နေပြည်တော်-ရန်ကုန်-ပုသိမ်-ငွေဆောင် ဖိုင်ဘာဆက်ကြောင်းလိုင်းအား MFOCN (Myanmar Fiber Optic Communication Network) ကုမ္ပဏီတို့မှ တာဝန်ယူဆောင်ရွက်ရမည်ဖြစ်ပြီး မေလအတွင်း လုပ်ငန်းများပြီးစီးအောင် ဆောင်ရွက်ရမည် ဖြစ်သည်။

ပြည်သူလူထုအတွင်း ဖုန်းသုံးစွဲမှု ပိုမိုများပြားလာသည်နှင့်အမျှ ဖုန်းသုံးစွဲရာတွင် လည်းကောင်း၊ အင်တာနက် သုံးစွဲရာတွင်လည်းကောင်း ယခုလက်ရှိထက် ကောင်းမွန်ရန် လိုအပ်ကြောင်း ဝေဖန်မှုများလည်းရှိသည်။ "အခုဒီလထဲမှာကို ဖုန်းလိုင်းတွေ တအားကျပ်တာခေါ်လို့လည်းမရ၊ ရပြန်တော့လည်း ပြောတော့ ဘာမှမကြားရဘူး။ ကုမ္ပဏီတွေ အပြိုင်အဆိုင်လုပ်တာ ကောင်းတယ်။ ဒါမှ ပြည်သူတွေအဆင်ပြေမှာ" ဟု ရေတာရှည်မြို့ခံတစ်ဦးက သူ၏အမြင်ကို ပြောပြသည်။

(၅၇၈)

အပူဒဏ်အန္တရာယ်ကာကွယ်ရေးနှိုးဆော်ချက်

ယခုအခါ နွေရာသီရောက်လာပြီဖြစ်သဖြင့် ရာသီဥတုပူပြင်းလာပြီဖြစ်ပါသည်။ ထိုအပူဒဏ်ကြောင့် ချွေးထွက်လွန်ပြီး ခန္ဓာကိုယ်အတွင်းရှိ ရေနှင့်ဓာတ်ဆားများ ဆုံးရှုံးမှုများပြားသည်။ ထိုသို့ ဆုံးရှုံးမှုကြောင့် မိတ်နှင့်ယားဖုများထွက်ခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း၊ မူးမော်ခြင်း၊ ကြွက်တက်ခြင်း၊ ချွေးခြောက်ပြီး ကိုယ်အပူချိန်တက်ခြင်း၊သတိလစ်ခြင်းတို့အပြင် အသက်အန္တရာယ်စိုးရိမ်ရသော အခြေအနေအထိ ဖြစ်တတ်သည်။

လိုက်နာဆောင်ရွက်ရန်

သို့ဖြစ်၍ အပူဒဏ်ကြောင့် မလိုလားအပ်သော အကျိုးဆက်များ မဖြစ်ပေါ်စေရန် အောက်ပါအချက်အလက်များကို လိုက်နာကြရန် နှိုးဆော်အပ်ပါသည်။

(၁) နံနက် ၁၀ နာရီမှ ညနေ ၅ နာရီအတွင်း လွင်တီးခေါင်ပြင်၊ မြစ်ကမ်းနား၊ ရေဆိပ်စသည်တို့တွင် ရေချိုးခြင်းမှ ရှောင်ကြဉ်၍ အရိပ်ရအေးမြသောနေရာများတွင် နေပါ။

(၂) နေပူထဲမှ ပြန်လာပြီး ချက်ချင်းရေချိုးခြင်းမှ ရှောင်ကြဉ်ပါ။

(၃) နေပူထဲတွင် ပြင်းထန်သော ကိုယ်လက်လှုပ်ရှားမှုများ မပြုလုပ်သင့်ပါ။

(၄) အရက်သောက်ခြင်းသည် အပူဒဏ်အန္တရာယ်ကို ဖြစ်ပေါ်လွယ်စေခြင်းနှင့် ဖြစ်ပွားပါက ပြင်းထန်စွာ ခံစားရခြင်းကြောင့် ရှောင်ကြဉ်သင့်ပါသည်။

(၅) နေ့ခင်းဘက် အပြင်ထွက်သည့်အခါတိုင်း အရိပ်လုံလောက်စွာ ရရှိနိုင်သည့် ထီး၊ ဦးထုပ်များ ဆောင်းပါ။

(၆) အလင်းရောင်ပြန်သော အဖြူရောင် သို့မဟုတ် အရောင်ဖျော့ဖျော့ အဝတ်အထည်များကို ဝတ်ဆင်ပါ။

(၇) ပွပွချောင်ချောင် ချည်ထည်များကို ဝတ်ဆင်ပါ။

(၈) ချွေးထွက်လွန်ပါက ကိုယ်တွင်းရှိ ရေနှင့်ဓာတ်ဆား ဆုံးရှုံးမှုကို ပြန်လည်ဖြည့်တင်းနိုင်ရန် ဓာတ်အားရည်သောက်ပါ။

(၉) ကိုယ်အပူချိန်တက်ပါက ရေအေးဖတ် နိုင်နိုင်တိုက်ပါ။

(၁၀) ဆီးချိုရောဂါ၊ နှလုံးရောဂါ၊ သွေးတိုးရောဂါအခံရှိသူများ၊ ကလေးသူငယ်များနှင့် သက်ကြီးရွယ်အိုများအနေဖြင့် နေ့လယ်နေ့ခင်းတွင် အရိပ်ရ၍ လေဝင်လေထွက်ကောင်းသော နေရာမျိုး၌ နားနေပါ။

(၁၁) မိတ်ဖု၊ ယားနာများထွက်ပါက ရေအေးဝတ်ကပ်ခြင်း၊ သနပ်ခါးလိမ်းခြင်းတို့ကို ပြုလုပ်ပါ။

(၁၂) အပူဒဏ်ကြောင့် ပင်ပန်းနွမ်းနယ်ခြင်း၊ ကိုယ်အပူချိန်တက်ခြင်း၊ သတိလစ်ခြင်းနှင့် အတက်ရောဂါဖြစ်လျှင် ဆေးရုံအရောက်နောက်ကျပါက အသက်ဆုံးရှုံးနိုင်သဖြင့် ဆေးရုံသို့ အမြန်ဆုံးပြသကြရန် နှိုးဆော်အပ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

ငွေဆောင်ကမ်းခြေ၌ ဈေးသည်များ စည်းကမ်းတကျရောင်းချရေး ဆောင်ရွက်

ငွေဆောင် မတ် ၃၀။ ။ ငွေဆောင်ကမ်းခြေလုံခြုံရေးနှင့် သန့်ရှင်းသာယာလှပရေးအတွက် ကမ်းခြေစည်းကမ်းထိန်းသိမ်းရေးကော်မတီအဖွဲ့နှင့် အထောက်အကူပြုကော်မတီများ၊ ရပ်မိရပ်ဖများ၊ အုပ်ချုပ်ရေးမှူးများ ပါဝင်သော ပူးပေါင်းအဖွဲ့သည် မတ် ၂၉ ရက် နံနက် ၉ တွင် ငွေဆောင်ကမ်းခြေ၌ ဈေးရောင်းချသူများ၏ ဈေးဆိုင်များနှင့် ရောင်းချသည့်ပစ္စည်းများအား သတ်မှတ်ထားသည့် စည်းကမ်းချက်များအတိုင်း ရောင်းချခြင်း ရှိ မရှိ စစ်ဆေးခဲ့သည်။ ဆက်လက်၍ စည်းကမ်းနှင့် မညီညွတ်သော ပုံကျဆောက်လုပ်ထားသည့် ဈေးဆိုင်များအား အဆိုပါအဖွဲ့က ရှင်းလင်းဖယ်ရှားခဲ့ကြောင်း သိရသည်။ **(မြို့နယ်ခွဲ ပြန်/ဆက်)**







ဝန်ထမ်းအမြန်အလိုရှိသည်

Ari-Con;Repairing ,Installation & Servicing Works လုပ်ငန်းတွင် လုပ်ကိုင်ရန် အောက်ပါဝန်ထမ်းများအမြန်အလိုရှိသည်။

(1) Service Engineer Exp(above 5yrs)salary-(300,000/) M(1)Posts

(2) Service Technician(Leader) Exp(above 3yrs) M(5)Posts salary-(150,000/~200,000/)

(3) Assistant Technician(2nd Leader) Exp(1~2yrs) M(5)Posts salary-(80,000/~150,000/)

(4) Helper salary-(Under 80,000/) M(10)Posts

လျှောက်ထားလိုသူများသည် လိုအပ်သောစာရွက်စာတမ်းအပြည့်အစုံတို့နှင့်အတူ ၃-၄-၂၀၁၄ ရက်နောက်ဆုံးထား၍ TODAY Engineering Service အမှတ်(၄၀)၊ မြေညီထပ်၊ (၇)လမ်း၊လမ်းမတော်မြို့နယ်၊ရန်ကုန်မြို့သို့ လူကိုယ်တိုင်လာရောက်လျှောက်ထားနိုင်ပါသည်။

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ လသာမြို့နယ်၊ (၁၉)လမ်း၊ အမှတ်(၈၇/၉၁)၊ ၆-လွှာ၊ ပေ(၃၅×၅၀)ကို တိုက်ခန်းပိုင်ဆိုင်သူ ဦးဆန်းဦး[၉/ပမန(နိုင်)၀၂၆၂၃၈]ထံမှကျွန်ုပ်၏မိတ်ဆွေ ဦးဝင်းထိန်[၁၂/လသန(နိုင်)၀၀၁၃၆၂]က အပြီးအပိုင်ဝယ်ယူရန် တိုက်ခန်းတန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေပေးချေပြီးဖြစ်ပါသဖြင့် အဆိုပါတိုက်ခန်းနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက ပိုင်ဆိုင်မှု မူရင်းအထောက်အထားနှင့်တကွ(၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးမျိုးချစ်(**LL.B**)စဉ်-၁၉၉၇၃
ဥပဒေအကြံပေးနှင့်ဥပဒေအကျိုးဆောင်
ရွှေစံမြတ် အထွေထွေဝန်ဆောင်မှုလုပ်ငန်း
အမှတ်(၃၁)၊ မြေညီ၊ (၉)လမ်း၊လမ်းမတော်မြို့နယ်။
ဖုန်း-၀၁-၂၂၇၅၀၀၊ ၀၉-၅၁၀၇၅၄၇

မြန်မာအမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးအသင်း (ဝက်ပါ) စေတနာ မူလတန်းကြိုကျောင်း၏ အကြိမ် (၃၀)မြောက် ညဏစွမ်းရည်ပြိုင်ပွဲကို မတ် ၃၀ ရက်က ဗဟန်းမြို့နယ် ဝက်ပါလမ်းရှိ မူကြိုကျောင်းဆောင်သစ်ခန်းမ၌ ကျင်းပရာ မူကြိုကလေးငယ်များက အကအလှများဖြင့် ဖျော်ဖြေတင်ဆက်စဉ်။ (ကြေးမုံ)

Terminator ပဉ္စမမြောက်ဇာတ်လမ်းတွဲတွင် ပါဝင်သရုပ်ဆောင်မည့် အာနိုး

မင်းသားကြီးအာနိုးက နာမည်ကျော် Terminator ဇာတ်လမ်းတွဲများ၏ ပဉ္စမမြောက်ဇာတ်လမ်းတွဲဖြစ်သည့် Terminator Genesis တွင် ပါဝင်သရုပ်ဆောင်သွားမည်ဖြစ်ကြောင်း ထုတ်ဖော်ကြေညာခဲ့သည်။

အဆိုပါ Terminator ဇာတ်ကားသစ်ကို ဒါရိုက်တာ အယ်လန်တေလာက လာမည့်ဧပြီလတွင် စတင်ရိုက်ကူးပုံဖော်သွားမည်ဖြစ်ပြီး ၂၀၁၅ ခုနှစ် ဇူလိုင်လတွင် ရုံတင်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

ယင်းဇာတ်ကားတွင် အာနိုးနှင့်အတူ အဓိကဇာတ်ဆောင်များအဖြစ် မင်းသမီး အမ်မီလီယာကလပ်၊ Jai Courtney နှင့် J.K.Simmons တို့လည်း ပါဝင်သရုပ်ဆောင်ကြမည်ဖြစ်ကြောင်းနှင့် "အသက် (၆၀)ကျော်မှ အက်ရှင်ဇာတ်ကားတွေ သရုပ်ဆောင်ရတာ အသက်(၃၀)၊ (၄၀)လောက်တုန်းကနဲ့တော့ ကွာခြားမှုရှိပါတယ်၊ ဒါက လုံးဝအက်ရှင်ဇာတ်ကားစစ်စစ်ပါ၊ ဒါရိုက်တာအသစ်နဲ့ဆိုတော့ စိန်ခေါ်မှုတွေရှိနိုင်ပါတယ်"ဟု အသက် (၆၆)နှစ်အရွယ် ဝါရင့်မင်းသားကြီး အာနိုးက ဆိုသည်။

မျိုးစန္ဒာမောင် - စုစည်းသည်

Spice Girls ပြန်လည်ပေါင်းစည်းရေး ဆန္ဒမရှိသည့် ဗစ်တိုးရီးယားဘက်ခမ်း

မကြာမီက ကမ္ဘာကျော်ဖက်ရှင်ဒီဇိုင်နာ ဗစ်တိုးရီးယားဘက်ခမ်းပါဝင်သော Spice Girls ဂီတအဖွဲ့ ပြန်လည်ပေါင်းစည်းတော့မည်ဟူသော သတင်းထွက်ပေါ်ခဲ့ပြီး ယခုအခါ ယင်းအဖွဲ့ပြန်လည်ပေါင်းစည်းရေးတွင် ဗစ်တိုးရီးယားက ပါဝင်လိုသည့်ဆန္ဒမရှိဘဲ ၎င်းမပါဘဲ ကျန်အဖွဲ့ဝင်လေးဦးနှင့်သာ ပြန်လည်ပေါင်းစည်းနိုင်ရေးသာ ဆုတောင်းပေးခဲ့သည်။

Spice Girls အဖွဲ့မှ Mel C က "ဗစ်တိုးရီးယားအနေနဲ့ ဖက်ရှင်လောကမှာ ပြိုင်စံရှားဖြစ်ပြီး ဖက်ရှင်ကို သူရူးသွပ်တယ်ဆိုတာ အပြည့်အဝနားလည်ပေးထားပါတယ်။ ဒါပေမယ့် အဖွဲ့မှာ သူပါဝင်နေခြင်းကလည်း ကျွန်မတို့အဖွဲ့အတွက် ဂုဏ်ယူစရာတစ်ခုပါ"ဟု ဒေးလီးမေးလ်သို့ ပြောကြားခဲ့သည်။

ဖက်ရှင်ဒီဇိုင်နာ ဗစ်တိုးရီးယားဘက်ခမ်းသည် ၂၀၁၂ ခုနှစ် အိုလံပစ်ပွဲတော်တွင် ၎င်း၏ဂီတမိတ်ဖက်ဟောင်းများနှင့်အတူ ပါဝင်ဖျော်ဖြေခဲ့ပြီး Spice Girls ပြန်လည်ပေါင်းစည်းရန်မှာ မဖြစ်နိုင်ကြောင်း ပြောကြားခဲ့သော်လည်း Mel C က ဖွဲ့မလျှော့ဘဲ ဗစ်တိုးရီးယားအား ဆက်လက်စည်းရုံးသွားမည်ဖြစ်ကြောင်း ဆိုသည်။

လက်ရှိတွင် Mel C သည် ၎င်း၏ Cool as You အမည်ရှိ တစ်ကိုယ်တော်အယ်လ်ဘမ်သစ်အတွက် ပြင်ဆင်လျက်ရှိကြောင်းနှင့် "ကျွန်မရဲ့ နံပါတ်တစ်က ဖျော်ဖြေရေးပါပဲ၊ ဒါကိုပဲ အမြဲတမ်းလုပ်နေချင်ပါတယ်၊ လက်ရှိ ဦးစားပေးလုပ်ငန်းကတော့ ကျွန်မရဲ့နွေဦးဂီတဖျော်ဖြေပွဲခရီးစဉ်နဲ့ အယ်လ်ဘမ်သစ်ပါပဲ" ဟု Mel C က ပြောကြားခဲ့သည်။

ယနေ့ရုပ်မြင်သံကြားအစီအစဉ်အကျဉ်း

၃၁-၃-၂၀၁၄ (တနင်္လာနေ့)

MRTV

၆း၀၀ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၁၂း၂၅ ဆေးရောင်စုံရုပ်ရှင် "မယ်သီတာလိုမိန်းကလေး" (ရန်အောင်၊ရဲအောင်၊ မို့မို့မြင့်အောင်) (ဒါရိုက်တာ-မောင်နှင်းမိုး)
၄း၃၀ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -ဒုတိယနှစ်(သတ္တဗေဒအထူးပြု) (သတ္တဗေဒ)
၄း၄၅ "၂၀၁၃-၂၀၁၄ ပညာသင်နှစ် အားကစားကာယသိပ္ပံ (ရန်ကုန်/မန္တလေး) ကျောင်းသားအားကစားပြိုင်ပွဲ အကြောင်း"
၆း၂၀ မြန်မာ့ဓလေ့ ရိုးရာလက်ဖွဲ့
၈း၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
၈း၃၅ လပတ်မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်
၈း၄၅ ပြည်သူတို့ရဲ့စကားသံများ
၉း၀၀ ပြည်တွင်းသတင်း၊ -မှတ်မှတ်ထင်ထင်မြန်မာ့ရုပ်ရှင် "ကညာပျိုနဲ့ဇရာအို" (အပိုင်း-၁) (ဒါရိုက်တာ-ကြည်စိုးထွန်း) -"အရေးကြုံရင် ကြေးမုံရှိတယ်"

MRTV-4

၅း၀၀ ပဋ္ဌာန်းပါဠိတော် + ရတနသုတ်
၅း၄၀ "လေးပါးချမ်းသာရအောင်ရှာ" တရားတော် (သစ္စာရွှေစည် ဆရာတော်အရှင်ဥတ္တမ)
၆း၄၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အချစ်ရူး" (အပိုင်း-၄၄)
၉း၁၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "သားတို့အိမ်ကလေး" (အပိုင်း-၃)
၁၂း၁၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ကျွန်တော်ရဲ့ဗီးနပ်စ်" (အပိုင်း-၂၉)
၂း၀၀ MRTV-4 သတင်း
၂း၂၀ မြန်မာရုပ်သံဇာတ်လမ်းတွဲ "ထာဝရမန္တလေး" (အပိုင်း-၃၅)
၆း၁၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အချစ်ရူး" (အပိုင်း-၄၅)
၇း၁၀ မြန်မာရုပ်သံဇာတ်လမ်းတွဲ "ထာဝရမန္တလေး" (အပိုင်း-၃၆)
၈း၀၀ MRTV-4 သတင်း
၈း၄၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "သားတို့အိမ်ကလေး" (အပိုင်း-၄)
၉း၃၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ကျွန်တော်ရဲ့ဗီးနပ်စ်" (အပိုင်း-၃၀)

MWD

၆း၀၂ နိုင်ငံတော်သီချင်း
၆း၀၃ တရားတော်
၆း၅၅ မြန်မာသံစဉ်ချိုနားဝင်
၈း၀၀ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ရှေးဟောင်းသုတ
၈း၃၅ မြဝတီနေ့စဉ်သတင်း
၉း၁၀ သူနှင့်သူ၏သီချင်းများ
၄း၀၅ တစ်ပတ်အတွင်း မွေးမြူရေးသတင်း
၄း၃၀ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄း၃၅ ဇာတ်လမ်းတို
၅း၀၅ သာယာသီကြွေးခေတ်ဆန်းတေး
၅း၁၅ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -မာရီမာ အပိုင်း(၁၃)
၅း၂၂ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ကြွေလွှာထက်က တော်ဝင်လက်ရာ အပိုင်း(၁၆)
၆း၀၀ မြဝတီရုပ်မြင်သံကြားသတင်း
၆း၂၀ သံစဉ်လမ်းကလင်းလက်ကြယ်
၇း၀၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -မိုးကောင်းကင်သမားတော် အပိုင်း(၄)
၈း၀၀ မြဝတီရုပ်မြင်သံကြားသတင်း





အမေရိကန်၏ ကမ္ဘာ့အဆင့်(၁)တင်းနစ်မယ် ဆရီနာဝီလျံ ဆိုနီအိုးပင်းတင်းနစ်ဖလား ခုနစ်ကြိမ်မြောက်ဆွတ်ခူး

အမေရိကန်နိုင်ငံ မီယာမီ၌ယှဉ်ပြိုင်ကစားခဲ့သော ဆိုနီအိုးပင်းတင်းနစ်ဖလားပြိုင်ပွဲ၏ အမျိုးသမီးတစ်ဦးချင်း တင်းနစ်ဗိုလ်လုပွဲတွင် အမေရိကန်၏ ကမ္ဘာ့အဆင့်(၁)နေရာရှိ ဆရီနာဝီလျံနှင့် တရုတ်၏ ကမ္ဘာ့အဆင့်(၂)တင်းနစ်မယ် လီနာတို့ယှဉ်ပြိုင်ကစားခဲ့ရာ အမေရိကန်တင်းနစ်မယ် ဆရီနာဝီလျံက တရုတ်တင်းနစ်မယ်လီနာအား အနိုင်ရရှိကာ ဆိုနီအိုးပင်းတင်းနစ်ဖလား၏ အမျိုးသမီးတင်းနစ်ချန်ပီယံဆုကို ဆွတ်ခူးရရှိခဲ့ပြီဖြစ်သည်။

အမေရိကန်တင်းနစ်မယ် ဆရီနာဝီလျံသည် တရုတ်တင်းနစ်မယ်လီနာအား ၇-၅၊ ၆-၁ ဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်ပြီး ဆရီနာဝီလျံသည် ယခင်က ဆိုနီအိုးပင်းတင်းနစ်ပြိုင်ပွဲ၏ အမျိုးသမီးတစ်ဦးချင်းချန်ပီယံဆုကို ခြောက်ကြိမ်အထိ ဆွတ်ခူးရရှိထားခြင်းကြောင့် ယခုတစ်ကြိမ်သည် ဆရီနာဝီလျံအတွက် ဆိုနီအိုးပင်းအမျိုးသမီးတစ်ဦးချင်း တင်းနစ်ဆုဖလား ခုနစ်ကြိမ်မြောက်ဆွတ်ခူးခဲ့ခြင်းလည်း ဖြစ်သည်။

ဆရီနာဝီလျံသည် ဆိုနီအိုးပင်းတင်းနစ်ဖလားပြိုင်ပွဲ၏ နောက်ဆုံးဗိုလ်လုပွဲကို ၁၄ ကြိမ်အထိ တက်လှမ်းနိုင်ခဲ့ပြီး ယခင်က ၂၀၀၂၊ ၂၀၀၃၊ ၂၀၀၄၊ ၂၀၀၇၊ ၂၀၀၈နှင့် ၂၀၁၃ တို့တွင် ဖလားဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။ ယင်းသို့ ဖလားရရှိရေးအတွက် ပြိုင်ဘက်တင်းနစ်မယ်များအဖြစ် ရှာရာပိုဗာ၊ ဂျန်ကိုဗစ်၊ ဂျက်စတင်ဟီနင်၊ ဒီမန်တီဗာတို့ကို အနိုင်ရရှိခဲ့ခြင်းဖြစ်ပြီး ကက်ပရီရာတီကိုမူ ဆိုနီအိုးပင်းနောက်ဆုံးဗိုလ်လုပွဲတွင် နှစ်ကြိမ်တိုင်တိုင်အနိုင်ကစားနိုင်ခဲ့သည်။

အမေရိကန်တင်းနစ်မယ်ဆရီနာဝီလျံ၏ ဆိုနီအိုးပင်းနောက်ဆုံးဗိုလ်လုပွဲရှုံးခဲ့သည့် ပွဲစဉ်များမှာ ၁၉၉၉ ခုနှစ်က ညီမဖြစ်သူ ဗီးနပ်ဝီလျံကိုလည်းကောင်း၊ ၂၀၀၉ ခုနှစ်က ဗစ်တိုးရီးယားအဇာရန်ကာကိုလည်းကောင်း ရှုံးနိမ့်ခဲ့ခြင်းဖြစ်သည်။ တရုတ်တင်းနစ်မယ် လီနာသည် ဇန်နဝါရီလအတွင်းက ဩစတြေးလျအိုးပင်းတင်းနစ်ပြိုင်ပွဲ၏ အမျိုးသမီး တစ်ဦးချင်း ပြိုင်ပွဲတွင် အနိုင်ရရှိကာ ဩစတြေးလျအိုးပင်းတင်းနစ်ဖလားကို ဆွတ်ခူးနိုင်ခဲ့သော်လည်း ယခုဆိုနီအိုးပင်း နောက်ဆုံးဗိုလ်လုပွဲတွင်မူ ကမ္ဘာ့အဆင့်(၁)နေရာရှိ ဆရီနာဝီလျံအား ယှဉ်ပြိုင်နိုင်စွမ်းလျော့ကျခဲ့ရပြီး ဒုတိယဆုနှင့်ပင် ကျေနပ်ခဲ့ရသည်။

မက်ဆီ၏တစ်လုံးတည်းသောဂိုးဖြင့် ဘာစီလိုနာနိုင်ပွဲရ

စပိန်လာလီဂါ၏ လက်ရှိချန်ပီယံ ဘာစီလိုနာအသင်းသည် အသင်း၏ အားထားရသည့် တိုက်စစ်မှူးမက်ဆီ၏ တစ်လုံးတည်းသောဂိုးဖြင့် အက်စ်ပန်ညိုအသင်းအား တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

အက်စ်ပန်ညိုအသင်းနှင့် ဘာစီလိုနာအသင်းတို့၏ ပွဲစဉ်တွင် ပထမပိုင်း၌ ဂိုးမရှိသရေရလဒ်ထွက်ပေါ်ခဲ့သော်လည်း ဒုတိယပိုင်းပွဲကစားချိန် ၇၇ မိနစ်တွင် ရရှိလာခဲ့သည့် ပင်နယ်တီပြစ်ဒဏ်ဘောမှတစ်ဆင့် တိုက်စစ်မှူးမက်ဆီက ဂိုးအဖြစ်ပြောင်းလဲပေးနိုင်ခဲ့ခြင်းကြောင့် ဘာစီလိုနာအသင်းက အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။ တိုက်စစ်မှူးမက်ဆီသည် ယင်းပွဲစဉ်တွင် တစ်ဂိုးသွင်းယူနိုင်ခဲ့ခြင်းကြောင့် ယခုနှစ်ဘောလုံးရာသီတွင် သွင်းဂိုးစုစုပေါင်း ၃၆ ဂိုးအထိ သွင်းယူထားနိုင်ခဲ့ပြီဖြစ်သည်။ အက်စ်ပန်ညိုအသင်းမှာမူ ယင်းပွဲစဉ်တွင် ဧည့်သည်ဘာစီလိုနာအသင်း၏ ဦးဆောင်ကစားမှုကိုခံခဲ့ရသည့်အပြင် ပွဲကစားချိန် ၈၂ မိနစ်တွင် အက်စ်ပန်ညိုဂိုးသမား တိုက်ရိုက်အနီကတ်ဖြင့် ထုတ်ပယ်ခံခဲ့ရသည်။

ဗလက်ကာနိုအား ငါးဂိုးပြတ်အနိုင်ယူကာ နှစ်ပွဲဆက်တိုက်ရှုံးပွဲကြုံမှုကို ရီးယဲလ်မက်ဒရစ် အဆုံးသတ်

ရီးယဲလ်မက်ဒရစ်အသင်းသည် စပိန်လာလီဂါပွဲစဉ်(၃၁)အဖြစ် ဗလက်ကာနိုအသင်းအား အိမ်ကွင်းတွင် ယှဉ်ပြိုင်ကစားခဲ့ရာ၌ ငါးဂိုးပြတ်ဖြင့် အနိုင်ရရှိခဲ့ခြင်းကြောင့် နှစ်ပွဲဆက်တိုက်ရှုံးပွဲကြုံခဲ့မှုကို အဆုံးသတ်နိုင်ခဲ့ပြီဖြစ်သည်။

ယင်းပွဲစဉ်တွင် ရီးယဲလ်မက်ဒရစ်အသင်းသည် စီရိုနယ်လ်ဒို၊ ဂါရတ်ဘေးလ်၊ ဘင်ဇီမာ၊ ဒီမာရီယာ စသည့် ကစားသမားများအပါအဝင် ကစားသမားကောင်းများကို ပွဲထွက်ကစားစေခဲ့ပြီး ပွဲကစားချိန် ၁၅ မိနစ်တွင် စီရိုနယ်လ်ဒိုက ရီးယဲလ်မက်ဒရစ်အသင်းအတွက် အဖွင့်ဂိုးသွင်းယူပေးခဲ့ရာ ပထမပိုင်းတွင် အိမ်ကွင်းဘာနေဗျူး၌ တစ်ဂိုး-ဂိုးမရှိဖြင့် ဦးဆောင်ကစားနိုင်ခဲ့သည်။ ထို့နောက်ဒုတိယပိုင်းတွင် နောက်ခံလူ ကာဗာဂျယ်ကတစ်ဂိုး၊ တိုက်စစ်မှူး ဂါရတ်ဘေးလ်က ၆၈ မိနစ်နှင့် မိနစ် ၇၀ တို့တွင် နှစ်ဂိုးနှင့် ဘင်ဇီမာအစားဝင်လာသည့် မိုရက်တာက ၇၈ မိနစ်တွင် တစ်ဂိုးသွင်းယူပေးခဲ့သဖြင့် ရီးယဲလ်မက်ဒရစ်အသင်းက ဗလက်ကာနိုအသင်းအား ငါးဂိုးပြတ်အနိုင်ရရှိခဲ့သည်။

ငွေကြယ်

ဘိုင်ယန်မြူးနစ်သည် ဥရောပကို လွှမ်းမိုးနိုင်ကြောင်း ရော်ဘင်ပြောကြား

ဂျာမန်ဘွန်ဒက်လီဂါကလပ် ဘိုင်ယန်မြူးနစ်အသင်းသည် ဥရောပဘောလုံးလောကကို အလွှမ်းမိုးနိုင်ဆုံးအသင်းအဖြစ် ပြသရန်စိတ်အားထက်သန်လျက်ရှိကြောင်း တောင်ပံကစားသမား အာဂျန်ရော်ဘင်က ဖွင့်ဟပြောကြားခဲ့သည်။ ဘိုင်ယန်မြူးနစ်အသင်းသည် ယခုနှစ်ဘောလုံးရာသီတွင် ဘွန်ဒက်လီဂါဖလားချန်ပီယံအဖြစ် အစောဆုံး ရယူသိမ်းပိုက်နိုင်ခဲ့ပြီး ယင်းဆုဖလားသည် ဘိုင်ယန်မြူးနစ်အသင်းအတွက် ၂၄ လုံးမြောက် ဘွန်ဒက်လီဂါဖလားလည်း ဖြစ်လာခဲ့သည်။

ဘိုင်ယန်မြူးနစ်အသင်းသည် ပြီးခဲ့သည့်ဘောလုံးရာသီက တစ်နှစ်တည်း ဖလားသုံးလုံးကို ရယူဆွတ်ခူးနိုင်ခဲ့သည့်အပြင် ယခုနှစ်တွင်လည်း ချန်ပီယံလိဂ်ဖလားကို ထပ်မံသိမ်းပိုက်ရန် ပစ်မှတ်ထားလျက်ရှိကြောင်း တောင်ပံကစားသမား အာဂျန်ရော်ဘင်က ဖွင့်ဟပြောကြားခဲ့သည်။



ဂုဏ်ယူဝမ်းမြောက်ခြင်း

၂၀၁၄ ခုနှစ်၊ မတ်လ ၂၆ရက်မှ ၂၈ရက်အထိ ရန်ကုန်မြို့ Strand Hotel တွင်ကျင်းပသောမြန်မာနိုင်ငံဓာတ်ပုံအသင်း၏ နှစ်(၅၀)ပြည့်ရွှေရတု အထိမ်းအမှတ် မြန်မာနိုင်ငံလုံးဆိုင်ရာ ဓာတ်ပုံပြိုင်ပွဲ၊ဓာတ်ပုံပွဲတော်နှင့် ဆုချီးမြှင့်ပွဲအခမ်းအနားတွင် ဓာတ်ပုံဆု (၇)ဆုရရှိခြင်း၊၂၀၁၃ခုနှစ်အတွက် အကောင်းဆုံးဓာတ်ပုံပညာရှင်ဆုရရှိခြင်းနှင့်မတ်လ(၃၀)ရက်တွင် မြန်မာနိုင်ငံဓာတ်ပုံအသင်း နှစ်ပတ်လည်ညီလာခံက ချီးမြှင့်သည့် မြန်မာ့အမြင့်ဆုံးဓာတ်ပုံပညာဆိုင်ရာဘွဲ့ (P.MPS)အားချီးမြှင့်ခံရသည့် ထားဝယ်ဇာတိဖွား ဓာတ်ပုံပညာရှင် ဦးပြည်စိုးထွန်း(ပန်းချီ)အား လှိုက်လှဲစွာ ဝမ်းမြောက်ဂုဏ်ယူမိပါသည်။

နောက်အနာဂတ်တွင်လည်း ဓာတ်ပုံပညာဆိုင်ရာ ပြည်တွင်းပြည်ပဆုများ ဆက်လက်ဆွတ်ခူးရရှိ၍ ဓာတ်ပုံပညာဖြင့် နိုင်ငံ့အကျိုး၊ အများအကျိုးသယ်ပိုးထမ်းရွက်နိုင်ပြီး ဓာတ်ပုံပညာရပ်များ ပြန့်ပွားစေရေးဆတက်ထမ်းပိုးတိုး၍ ထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။

တနင်္သာရီရေတပ်စခန်းဌာနချုပ်
အရာရှိ စစ်သည်များ





ပခုက္ကူမြို့တွင် ထော်လာဂျီတိမ်းမှောက် အမျိုးသမီး နှစ်ဦး သေဆုံး

ပခုက္ကူ မတ် ၃၀

ပခုက္ကူမြို့ ပြည်သူ့ဆေးရုံတွင် မတ် ၂၈ ရက် မွန်းလွဲ ၂ နာရီက ယာဉ်တိမ်းမှောက်မှုကြောင့် ဒဏ်ရာရ လူနာများ ရောက်ရှိလာကြောင်း သတင်းအရ ပခုက္ကူမြို့ရဲစခန်းမှူးနှင့်အဖွဲ့ အခင်းဖြစ်နေရာသို့ သွားရောက်စစ်ဆေးခဲ့ရာ အဆိုပါနေ့ နံနက် ၁၀ နာရီခွဲက ယာဉ်မောင်း ဟိန်းကို ပခုက္ကူမြို့နယ်နေသူ မောင်းနှင်သော ထော်လာဂျီယာဉ်သည် ပြောင်းအိတ် ၅၀ နှင့် ခရီးသည် ၁၆ ဦးအား တင်ဆောင်လျက် ကျောစီ-ပခုက္ကူကားလမ်းအတိုင်း မောင်းနှင်လာရာ မန္တလေးတိုင်းဒေသကြီး တောင်သာမြို့နယ် ကျောစီကျေးရွာ မိုင်တိုင်အမှတ် (၂၀/၁) အရောက်တွင် ယာဘက်နောက်ဘီးပေါက်၍ တိမ်းမှောက်သွားခဲ့ကြောင်း၊ ယာဉ်တိမ်းမှောက်မှုကြောင့်ယာဉ်ပေါ်ပါ အမျိုးသမီးနှစ်ဦး သေဆုံးခဲ့ပြီး ကျန် ၁၄ ဦးဒဏ်ရာ အသီးသီးရရှိခဲ့ကြောင်းသိရသည်။

(ကျော်ဇေယျ-မကွေး)

ဝါးတင်ကားတစ်စီး မြောင်းအတွင်း အရှိန်လွန်ထိုးကျ

ရေတာရှည် မတ် ၃၀

ရေတာရှည်မြို့ မြောက်ဘက်သုံးမိုင်ခန့်အကွာရန်ကုန်-မန္တလေးကားလမ်း အနောက်ဘက်ခြမ်းရှိ ပေ ၂၀ ခန့်နက်သည့်ရေမြောင်းထဲသို့ မတ်၂၉ ရက် နံနက် ၇ နာရီ ၄၅ မိနစ်ခန့်က ဝါးတင်ယာဉ်တစ်စီး အရှိန်လွန်ကာထိုးကျတိမ်းမှောက်သွားခဲ့ကြောင်း သိရသည်။ ဖြစ်စဉ်မှာ ရန်ကုန်ဘက်မှ မန္တလေးဘက်သို့ ဦးဝင်းရွှေ(၅၅)နှစ် အမှတ်(၁)ရပ်ကွက် ရေတာရှည်မြို့နေသူ မောင်းနှင်ပြီး ရည်မွန်ကျော်(၁၈)နှစ် ကရင်ချောင်းကျေးရွာ တောင်ငူမြို့နယ်၊ ကျော်နိုင်လင်း(၂၇)နှစ် ပိန္နဲပင်ကျေးရွာ ရေတာရှည်မြို့နယ်၊ ကျော်လင်းအောင်(၂၃)နှစ် အင်ဒိုင်ကျေးရွာ ရေတာရှည်မြို့နယ်နေသူတို့ လိုက်ပါလာသော ၁က/---ဟီးနိုးခေါင်းတိုခြောက်ဘီးယာဉ်သည် မိုင်တိုင်အမှတ် (၁၉၄/၄)နှင့်(၁၉၄/၅) အကြားတွင် အရှိန်မထိန်းနိုင်ဘဲ ကားလမ်းအနောက်ဘက်ရှိ ချောင်းထဲသို့ ထိုးကျတိမ်းမှောက်သွားခဲ့ကြောင်းသိရသည်။

(၅၇၈)

ချင်းတွင်းမြစ်အတွင်း ရေယာဉ်နှစ်စင်းတိုက်မိ ရေယာဉ်မောင်းသူတစ်ဦး ဒဏ်ရာရ

ခန္တီး မတ် ၃၀

စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးခရိုင် ပဒူးမုန်းကျေးရွာဟောင်းအနီး ချင်းတွင်းမြစ်ကြောင်းတွင် ရေယာဉ်နှစ်စင်းတိုက်မိရာမှ ရေယာဉ်မောင်းသူတစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း ခန္တီးမြို့မရဲစခန်းမှ ရဲတပ်ဖွဲ့ဝင်တစ်ဦးက ပြောပြသည်။ ရေယာဉ်နှစ်စင်း တိုက်မိသည့်နေရာသို့ စခန်းမှူး ဒုရဲမှူးတင်မောင်သက်နှင့်အဖွဲ့ သွားရောက်စစ်ဆေးခဲ့ရာ ခန္တီးမြို့နယ် ရွှေမြင့်ကျေးရွာနေ ဦးကံငွေး မောင်းနှင်လာသည့်ရေယာဉ်နှင့် ခန္တီးမြို့နယ် ကင်းတော်ကျေးရွာနေ မမြင့်မြင့်သန်း မောင်းနှင်လာသည့် ရေယာဉ်တို့ မတ်၂၈ ရက် ည ၈ နာရီက တိုက်မိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ အဆိုပါ ရေယာဉ်နှစ်စင်းသည် အင်ဂျင်ပါဝါ ၁၃ ကောင် ဟွန်ဒါအမျိုးအစား စက်တပ်ရေယာဉ်များဖြစ်ပြီး ရေယာဉ်တိုက်မိမှုကြောင့် မမြင့်မြင့်သန်းမှာ ဘယ်လက်ဖျံရိုးကျိုး၊ မေးစေ့ ယာဒူးပေါက်ပြဲဒဏ်ရာများ ရရှိခဲ့သဖြင့် ခန္တီးဆေးရုံတွင် ဆေးကုသမှုခံယူလျက်ရှိသည်။ အလားတူ ရေယာဉ်နှစ်စင်းတိုက်မိခဲ့သည့်ဖြစ်စဉ်ယခုလအတွင်းရှိခဲ့ပြီး ချင်းတွင်းမြစ်ကြောင်းအတွင်း မုံရွာခရီးသည်တင် အမြန်ရေယာဉ်တစ်စင်းပေါ်မှ ခရီးသည် တစ်ဦးပြုတ်ကျသေဆုံးခဲ့ကြောင်း တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံး၏ မှုခင်းမှတ်တမ်းများ၌ ဖော်ပြထားကြောင်း သိရသည်။

(တိုးတိုးဝင်း)

တောင်ငူ၌အက်စစ်ရောင်းချခြင်းမပြုရန် တားမြစ်

ရေတာရှည် မတ် ၃၀

သင်္ကြန်ကာလတဖြည်းဖြည်းနီးကပ်လာသည်နှင့်အမျှ ပြဿနာဖြစ်ပွားမှုမရှိစေရန် တောင်ငူခရိုင်အတွင်းရှိ မြို့နယ်အသီးသီးတွင် အက်စစ်ရောင်းချမှုများမရှိစေရန် ခရိုင်အထွေထွေအုပ်ချုပ်ရေးမှူးရုံးမှ တားမြစ်မိန့်ထုတ်ပြန်ထားကြောင်း သိရသည်။

“ခါတုန်းအက်စစ်ရောင်းတဲ့ ဆိုင်တွေကို ရောင်းချခြင်းမရှိအောင် စိစစ်ဖို့ ခရိုင်က ညွှန်ကြားထားတယ်၊ ဘာအတွက်ဆိုတာတိတိကျကျ မပြောပေမယ့် သင်္ကြန်ကာလအတွက်လို့ ထင်ရတာပဲ”ဟု မြို့နယ်အုပ်ချုပ်ရေးမှူးရုံးမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

(ကိုလွင်-ဆွာ)

ယင်းမာပင်မြို့နယ် ကုန်းရွာကျေးရွာ၌ မီးကြွင်းမီးကျန်မှုတစ်ဆင့် မီးလောင်မှုဖြစ်ပွား

ယင်းမာပင် မတ် ၃၀

ယင်းမာပင်ခရိုင် ယင်းမာပင်မြို့နယ် ကုန်းရွာကျေးရွာနေ ဦးစန်းရွှေ၏ နေအိမ်တွင် မတ် ၃၀ရက် နံနက် ၁၁ နာရီ ၁၅ မိနစ်က မီးကြွင်းမီးကျန်မှုတစ်ဆင့် ဝါးထရံသို့ မီးကူးစက်လောင်ကျွမ်းသဖြင့် နေအိမ်တစ်လုံး ဆုံးရှုံးခဲ့ရပြီး လူ ခုနစ်ဦး အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရသည်။

ပေ့ါဆမီးကြောင့် မီးလောင်ခဲ့ခြင်းဖြစ်ပြီး အခြားအိမ်သို့ကူးစက်လောင်ကျွမ်းမှုမရှိဘဲ ထန်းလက်မိုးထန်းလက်ကာ နှစ်ခန်းပါ အိမ်တစ်လုံးမီးလောင်ကျွမ်းခဲ့၍ မီးပေ့ါဆသူတရားခံဦးစန်းရွှေအား ယင်းမာပင်မြို့နယ်ရဲစခန်းမှတာဝန်ရှိသူကအမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်းသိရသည်။

ထွန်းကိုကို(ယင်းမာပင်)

CAREER OPPORTUNITY: FOR JOINING LUXURY CAR OPERATION

No	Job Title	Experience	Age	Qualification	No of Requirement
1	Sales Manager	3 years experience in Sales and Team Management	between 25-50 years old	Any Graduate (or) Preferable to MBA/ BBA / DBA	1 person (Male / Female)
2	Sales Consultant	at least 2 years experience in related field	between 22-35 years old	Any Graduate	6 person (Male / Female)
3	Parts Manager	at least 3 years experience in related field, Strong Knowledge of Parts, Logistics process and system	between 30-50 years old	M.E / B.E / A.G.T.I / G.T.I / B.Tech	1 person (Male / Female)
4	Service Advisor	at least 2 years experience in related field	between 25-35 years old	M.E / B.E / A.G.T.I / G.T.I / B.Tech	2 person (Male / Female)
5	Service Technician	at least 2 years experience in related field, Basic Computer and English Speaking	between 22-35 years old	M.E / B.E / A.G.T.I / G.T.I / B.Tech	10 people (Male / Female)
6	Trainer	at least 3 years experience in related field, Good Teaching Skills person and Good Skill for English speaking, computer	between 30-50 years old	Any Graduate	2 people (Male / Female)

Please send your CV, copy of degree certificate, NRC, Labour Registration card (if any) and recent (3) photos to:

Prestige Automobiles Co.,Ltd

No.42-47, Corner of Yangon-Pathein Road and YTU Street,Hlaing Tharyar Township, Yangon,Myanmar.

Tel: 09-49342295, 09-73065032

E-Mail: hr@cis-scania.com

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်းဥပဒေပြဋ္ဌာန်း

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်းဥပဒေ
(၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၁၇ ။)
၁၃၇၅ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၃ ရက်
(၂၀၁၄ ခုနှစ်၊ မတ်လ ၂၈ ရက်)

နိဒါန်း

နိုင်ငံတော်တွင် စိုက်ပျိုးရေးကို ပိုမိုတိုးတက်အောင်ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံ ထူထောင်ရေးနှင့် ကဏ္ဍစုံ ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များ အချိုးကျ မျှတစွာ ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူလူထု တစ်ရပ်လုံး ရရှိခံစားနိုင်မည့် လူမှုစီးပွားရေးနယ်ပယ်အသီးသီးဖွံ့ဖြိုးတိုးတက်ရေး၊စာရင်းအင်းကိန်းဂဏန်းများ အရည်အသွေး ပြည့်ဝရေးစသည့် စီးပွားရေးမူဝါဒ(၄)ရပ်ကို ချမှတ်ဆောင်ရွက်လျက်ရှိရာ ဆင်းရဲချမ်းသာ ကွာဟမှု လျှော့နည်းရေး၊ ပြည်သူလူထု၏ လူနေမှု အဆင့်အတန်း မြင့်မားတိုးတက်ရေး၊ သန့်ရှင်းသော အစိုးရနှင့် ကောင်းမွန်သော အုပ်ချုပ်မှုစနစ် ဖြစ်ပေါ်ရေးစသည့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ အုပ်ချုပ်ရေး မျှော်မှန်းချက်များကို အကောင်အထည်ဖော်နိုင်ရန် အလို့ငှာ ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

အခန်း(၁)
အမည်၊စတင်အာဏာတည်ခြင်းနှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ (က) ဤဥပဒေကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်း ဥပဒေဟု ခေါ်တွင် စေရမည်။
(ခ) ဤဥပဒေသည် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အတွက် ၂၀၁၄ ခုနှစ် ဧပြီလ(၁)ရက်နေ့မှ စတင်အာဏာတည်စေရမည်။

၂။ ဤဥပဒေသည်၂၀၁၁-၂၀၁၂ဘဏ္ဍာနှစ်မှ၂၀၁၅-၂၀၁၆ဘဏ္ဍာနှစ်အထိပထမ ငါးနှစ် စီမံကိန်း၏ စတုတ္ထနှစ်အတွက် အမျိုးသားစီမံကိန်းဥပဒေဖြစ်သည်။

၃။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ် သက်ရောက်စေရမည်-
(က) **အမျိုးသားစီမံကိန်း** ဆိုသည်မှာ တစ်မျိုးသားလုံး၏ လူမှုစီးပွားရေး တစ်ရပ်လုံး အတွက်ဖြစ်စေ၊ ကဏ္ဍအလိုက်ဖြစ်စေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက်ဖြစ်စေ သတ်မှတ်ထားသည့် အချိန်ကာလအတွင်း မည်ရွေ့မည်မျှတိုးတက်ရမည်ဆိုသည့် ပြည်ထောင်စုအစိုးရအဖွဲ့၏ ရည်မှန်းချက်များနှင့် လုပ်ငန်းအစီအစဉ်များ ဖြစ်သည်။ စီမံကိန်းများ၌ အနှစ် ၂၀ နှစ်ရှည် စီမံကိန်း၊ ငါးနှစ်ကာလတိုစီမံကိန်း၊ အဆိုပါ စီမံကိန်းများကို နှစ်စဉ်အကောင်အထည်ဖော်မည့် နှစ်စဉ်စီမံကိန်းများ ပါဝင်ပါသည်။ အမျိုးသားစီမံကိန်းတွင် ကဏ္ဍအလိုက်ဖြစ်စေ၊ တိုင်းဒေသကြီးနှင့်ပြည်နယ် အလိုက်ဖြစ်စေ ဝိသေသပြုရေးဆွဲချမှတ်သော လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းများ၊ လုပ်ငန်း စီမံကိန်းများ၊ စက်မှုဇုန်များ၊ အထူးစီးပွားရေးဇုန်များနှင့် မြို့ပြ စီမံကိန်းများ၊ စက်မှုဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများ၊ ရင်းနှီးမြှုပ်နှံမှု ဖွံ့ဖြိုးရေး စီမံကိန်းများ၊ ကျေးလက်ဒေသ ဖွံ့ဖြိုးရေး စီမံကိန်းများ၊ နယ်စပ်ဒေသဖွံ့ဖြိုးရေး စီမံကိန်းများ စသည့် စီမံကိန်းများ ဘက်စုံ ဆက်စပ်အကျုံးဝင်သည်ဟု မှတ်ယူရမည်။
(ခ) **စီမံကိန်းရည်မှန်းချက်** ဆိုသည်မှာ သတ်မှတ်ကာလအတွင်း စီးပွားရေး တစ်ရပ်လုံးအတွက်ဖြစ်စေ၊ ကဏ္ဍအလိုက်ဖြစ်စေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် အလိုက်ဖြစ်စေ မည်ရွေ့မည်မျှ ဖွံ့ဖြိုးတိုးတက်စေရမည်ဟု ရည်မှန်းလျာထားချက်များ ဖြစ်သည်။
(ဂ) **ပုံမှန်စျေးနှုန်း** ဆိုသည်မှာ အခြေခံနှစ် ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်တွင် ဖြစ်ပေါ်သော ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုများ၏ စျေးနှုန်းဖြစ်သည်။
(ဃ) **နှစ်အလိုက်စျေးနှုန်း** ဆိုသည်မှာ သက်ဆိုင်ရာ ဘဏ္ဍာရေးနှစ်အလိုက် ဖြစ်ပေါ်သော ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုများ၏ စျေးနှုန်းဖြစ်သည်။
(င) **သက်ဆိုင်ရာဌာနနှင့် အဖွဲ့အစည်းများ** ဆိုသည်မှာ အမျိုးသားစီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်သည့် ဗဟိုအဖွဲ့အစည်းများ၊ ပြည်ထောင်စု ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရ အဖွဲ့များ၊ စည်ပင်သာယာရေး ကော်မတီများနှင့် စည်ပင်သာယာရေး အဖွဲ့များကို ဆိုသည်။

အခန်း(၂)
စီမံကိန်းရည်မှန်းချက်များ

၄။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် စီမံကိန်း၏ အရေးကြီးသည့် ရည်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-
(က) တစ်မျိုးသားလုံး၏ ပြည်တွင်း အသားတင်ထုတ်လုပ်မှုနှင့်ဝန်ဆောင်မှု တန်ဖိုး(GDP) ကို ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ် ပုံမှန်စျေးနှုန်းများအရ ၉. ၁ ရာခိုင်နှုန်း တိုးတက်ရန်၊
(ခ) ပုံမှန်စျေးနှုန်းများအရ -
(၁) လယ်ယာကဏ္ဍတွင် ၂. ၇ ရာခိုင်နှုန်း တိုးတက်ရန်၊
(၂) သားငါးကဏ္ဍတွင် ၈. ၇ ရာခိုင်နှုန်း တိုးတက်ရန်၊
(၃) ပတ်ဝန်းကျင် ထိန်းသိမ်းရေးကို အလေးထား ဆောင်ရွက်လျက်ရှိသဖြင့် သစ်တောကဏ္ဍတွင်၂၉. ၄ ရာခိုင်နှုန်း လျော့နည်း ဖြစ်ပေါ်ရန်၊
(၄) စွမ်းအင်ကဏ္ဍတွင် ၁၃. ၄ ရာခိုင်နှုန်း တိုးတက်ရန်၊
(၅) သတ္တုနှင့်တွင်းထွက်ပစ္စည်းကဏ္ဍတွင် ၈. ၈ ရာခိုင်နှုန်း တိုးတက်ရန်၊
(၆) စက်မှုလက်မှုကဏ္ဍတွင် ၉. ၅ ရာခိုင်နှုန်း တိုးတက်ရန်၊
(၇) လျှပ်စစ်ဓာတ်အားကဏ္ဍတွင် ၁၁. ၆ ရာခိုင်နှုန်းတိုးတက်ရန်၊
(၈) ဆောက်လုပ်မှုကဏ္ဍတွင် ၁၄. ၁ ရာခိုင်နှုန်း တိုးတက်ရန်၊
(၉) ပို့ဆောင်ရေးကဏ္ဍတွင် ၇. ၆ ရာခိုင်နှုန်း တိုးတက်ရန်၊
(၁၀) ဆက်သွယ်ရေးကဏ္ဍတွင် ၆၈. ၉ ရာခိုင်နှုန်း တိုးတက်ရန်၊
(၁၁) ငွေရေးကြေးရေးကဏ္ဍတွင်၂၃. ၉ ရာခိုင်နှုန်း တိုးတက်ရန်၊
(၁၂) လူမှုရေးနှင့် စီမံခန့်ခွဲရေးကဏ္ဍတွင် ၂၁. ၂ ရာခိုင်နှုန်း တိုးတက်ရန်၊
(၁၃) ငှားရမ်းခနှင့် အခြားဝန်ဆောင်မှုကဏ္ဍတွင် ၁၁. ၇ ရာခိုင်နှုန်း တိုးတက်ရန်၊
(၁၄) ကုန်သွယ်မှုကဏ္ဍတွင် ၅. ၄ ရာခိုင်နှုန်း တိုးတက်ရန်၊
(ဂ) တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက် တိုးတက်မှုနှုန်းများမှာ ပုံမှန်စျေးနှုန်းများအရ -
(၁) ကချင်ပြည်နယ်တွင် ၂. ၀ ရာခိုင်နှုန်း တိုးတက်ရန်၊
(၂) ကယားပြည်နယ်တွင် ၁၀. ၁ ရာခိုင်နှုန်း တိုးတက်ရန်၊
(၃) ကရင်ပြည်နယ်တွင် ၁၅. ၄ ရာခိုင်နှုန်း တိုးတက်ရန်၊
(၄) ချင်းပြည်နယ်တွင် ၂၆. ၄ ရာခိုင်နှုန်း တိုးတက်ရန်၊
(၅) စစ်ကိုင်းတိုင်းဒေသကြီးတွင် ၉. ၆ ရာခိုင်နှုန်း တိုးတက်ရန်၊
(၆) တနင်္သာရီတိုင်းဒေသကြီးတွင် ၉. ၄ ရာခိုင်နှုန်း တိုးတက်ရန်၊
(၇) ပဲခူးတိုင်းဒေသကြီးတွင် ၈. ၇ ရာခိုင်နှုန်း တိုးတက်ရန်၊
(၈) မကွေးတိုင်းဒေသကြီးတွင် ၈. ၂ ရာခိုင်နှုန်း တိုးတက်ရန်၊
(၉) မန္တလေးတိုင်းဒေသကြီးတွင် ၁၂. ၄ ရာခိုင်နှုန်း တိုးတက်ရန်၊
(၁၀) မွန်ပြည်နယ်တွင် ၁၀. ၄ ရာခိုင်နှုန်း တိုးတက်ရန်၊
(၁၁) ရခိုင်ပြည်နယ်တွင် ၅. ၇ ရာခိုင်နှုန်း တိုးတက်ရန်၊
(၁၂) ရန်ကုန်တိုင်းဒေသကြီးတွင် ၉. ၃ ရာခိုင်နှုန်း တိုးတက်ရန်၊
(၁၃) ရှမ်းပြည်နယ်တွင် ၅. ၀ ရာခိုင်နှုန်း တိုးတက်ရန်၊
(၁၄) ဧရာဝတီတိုင်းဒေသကြီးတွင် ၆. ၂ ရာခိုင်နှုန်း တိုးတက်ရန်၊
(၁၅) နေပြည်တော်ကောင်စီနယ်မြေတွင် ၂၈. ၂ ရာခိုင်နှုန်း တိုးတက်ရန်၊
(ဃ) တစ်မျိုးသားလုံး၏ ပြည်တွင်းအသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှု တန်ဖိုးတွင် နှစ်အလိုက်စျေးနှုန်းများအရ လယ်ယာကဏ္ဍကြီး၏ ပါဝင်မှုအချိုးအစားကို ၂၉. ၉ ရာခိုင်နှုန်းမှ ၂၈. ၆ ရာခိုင်နှုန်းသို့လည်းကောင်း၊ စက်မှုကဏ္ဍကြီး၏ ပါဝင်မှု အချိုးအစားကို ၃၃. ၈ ရာခိုင်နှုန်း မှ ၃၅. ၀ ရာခိုင်နှုန်းသို့လည်းကောင်း၊ ဝန်ဆောင်မှုကဏ္ဍကြီး၏ ပါဝင်မှု အချိုးအစားကို ၃၆. ၃ ရာခိုင်နှုန်းမှ ၃၆. ၄ ရာခိုင်နှုန်းသို့ လည်းကောင်း အသီးသီးဖြစ်ပေါ်ရန်၊
(င) နှစ်အလိုက်စျေးနှုန်းများအရ စုစုပေါင်းစားသုံးမှုတန်ဖိုးကို ကျပ် ၄၈,၈၀၉. ၇ ဘီလီယံ ဖြစ်ပေါ်ရန်၊
(စ) နှစ်အလိုက်စျေးနှုန်းများအရ စုစုပေါင်း ရင်းနှီးမြှုပ်နှံမှုတွင် နိုင်ငံပိုင် အခန်းမှ အချိုးအစားအားဖြင့် ၂၉. ၄ ရာခိုင်နှုန်း၊ သမဝါယမပိုင် အခန်းမှ အချိုးအစားအားဖြင့် ၀. ၀၁ ရာခိုင်နှုန်း၊ ပုဂ္ဂလိကပိုင်အခန်းမှ အချိုးအစားအားဖြင့် ၇၀. ၆ ရာခိုင်နှုန်း ရင်းနှီးမြှုပ်နှံရန်၊
(ဆ) နှစ်အလိုက်စျေးနှုန်းများအရ ပြည်ပပို့ကုန်ကို ကျပ် ၁၂,၄၄၆. ၀ ဘီလီယံ တင်ပို့ရန်နှင့် ပြည်ပသွင်းကုန်ကို ကျပ်၁၂,၇၄၀. ၀ ဘီလီယံ တင်သွင်းရန်၊
(ဇ) လူတစ်ဦးစီ၏ ပျမ်းမျှ ပြည်တွင်းအသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှု တန်ဖိုး (Per capita GDP)မှာ နှစ်အလိုက်စျေးနှုန်းများအရ ကျပ် ၉၆၂,၂၄၀ မှ ကျပ် ၁,၀၆၅,၂၇၇ သို့ ဖြစ်ပေါ်လာရန်၊

အခန်း(၃)
အထွေထွေ

၅။သက်ဆိုင်ရာဌာနနှင့် အဖွဲ့အစည်းများသည် ပူးတွဲ (၁)၊ (၂)၊ (၃)၊ (၄)၊ (၅)၊ (၆) နှင့် (၇)တို့တွင် ဖော်ပြထားသော စီမံကိန်းရည်မှန်းချက်များကို အဆက်အစပ်မိမိပေါင်းစပ်ဖွဲ့စည်း အကောင်အထည်ဖော်ကြရန်ဖြစ်သည်။ သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများအလိုက်၊ ဒေသအလိုက် လိုအပ်သော လုပ်ငန်းအစီအစဉ်များနှင့် ညွှန်ကြားချက်များကို အသေးစိတ် ရေးဆွဲဆောင်ရွက်နိုင်သည်။

၆။ သက်ဆိုင်ရာဌာနနှင့် အဖွဲ့အစည်းများသည် စီမံကိန်းများ အကောင်အထည် ဖော်ဆောင်ရွက်ရာတွင် စီမံကိန်းများအား လေ့လာဆန်းစစ်၍ နိုင်ငံတော်နှင့် နိုင်ငံသားများ အကျိုးစီးပွားအတွက် အမှန်တကယ် အကျိုးဖြစ်ထွန်းစေမည့် စီမံကိန်းများအား ဆက်လက်အကောင်အထည်ဖော်ရမည်။ သို့ရာတွင် အကျိုးစီးပွား ဖြစ်ထွန်းမှုမရှိသော စီမံကိန်းများအား ငြင်းပယ်ခြင်း၊ ဆိုင်းငံ့ခြင်း၊ လျှော့၍ ခွင့်ပြုခြင်းများ ဆောင်ရွက်ရမည်။

၇။ သက်ဆိုင်ရာဌာနနှင့်အဖွဲ့အစည်းများသည် စီးပွားရေး စီမံကိန်းများကို ဆောင်ရွက်ရာတွင် လက်ငင်း၊ရေတိုအတွက် အကျိုးဖြစ်ထွန်းစေသော စီမံကိန်းများကို ဦးစားပေးရမည်။ ထို့ပြင် ရေရှည်အကျိုးရှိသော စီမံကိန်းများကိုလည်း မျှတစွာ ထည့်သွင်းစီမံ ဆောင်ရွက်ရမည်။

၈။ သက်ဆိုင်ရာဌာနနှင့် အဖွဲ့အစည်းများသည် နိုင်ငံတော်နှင့် နိုင်ငံသားများ၏ လက်ငင်း၊ ရေတိုနှင့် ရေရှည်အကျိုးဖြစ်ထွန်းစေသော နိုင်ငံတော်နှင့် နိုင်ငံသားများအတွက် ထာဝရရှင်သန်စေမည့် အမျိုးသားဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းဖြစ်သော လူသားအရင်းအမြစ်များ ဖွံ့ဖြိုးရေး စီမံကိန်းအတွက် ရင်းနှီးမြှုပ်နှံမှုကိုလည်း အလေးထားဆောင်ရွက်ရမည်။

၉။ သက်ဆိုင်ရာဌာနနှင့် အဖွဲ့အစည်းများသည် စီမံကိန်းများ တင်ပြဆောင်ရွက်ရာတွင် သတ်မှတ်ထားသော အင်္ဂါရပ်များ၊ ဆန်းစစ်ချက်များ ပြည့်စုံမှ သာလျှင် ဆောင်ရွက်ရမည်။

၁၀။ အမျိုးသားစီမံကိန်းတွင် တိုင်းရင်းသား စည်းလုံးညီညွတ်ရေး၊ အမျိုးသားစည်းလုံးညီညွတ်ရေး၊ ပြည်တွင်းငြိမ်းချမ်းရေးကို ဖော်ဆောင်သော စီမံကိန်းများနှင့် တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့ကို အထောက်အကူပြုသော စီမံကိန်းများ ပါဝင်ရမည်။

၁၁။ သက်ဆိုင်ရာဌာနနှင့်အဖွဲ့အစည်းများသည် အမျိုးသားစီမံကိန်းတွင် နိုင်ငံပိုင် စီးပွားရေးလုပ်ငန်းများအနက် ပုဂ္ဂလိက လုပ်ပိုင်ခွင့်အဖြစ် လွှဲပြောင်းပေးသင့်သော စီးပွားရေးလုပ်ငန်းများကို နှစ်အလိုက် လွှဲပြောင်းပေးမည့် စီမံကိန်းများအဖြစ် ထည့်သွင်းရေးဆွဲရမည်။

၁၂။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်မည့် လုပ်ငန်းစီမံကိန်းများသည် ဖြစ်မြောက်နိုင်စွမ်း ရှိ မရှိ၊ စီးပွားရေးအရ တွက်ခြေကိုက်မှု ရှိ မရှိ၊ ပြည်သူများအတွက် အကျိုး ရှိ မရှိ ၊ ဒေသဖွံ့ဖြိုးရေးကို အထောက်အကူ ပြု မပြု၊ ပတ်ဝန်းကျင်ကို ထိခိုက်မှု ရှိ မရှိ စသည်တို့ကို ဘက်စုံလေ့လာ ဆန်းစစ်ပြီး ပြည်ထောင်စု အစိုးရအဖွဲ့၏ သဘောတူ ခွင့်ပြုချက်ရရှိထားပြီးသော လုပ်ငန်းစီမံကိန်းများ ဖြစ်ရမည်။

၁၃။သက်ဆိုင်ရာဌာနနှင့်အဖွဲ့အစည်းများသည် ဤဥပဒေအရထုတ်ပြန်သည့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်း ရင်းနှီးမြှုပ်နှံမှု လျာထားချက်တွင် ပါရှိသည့် နိုင်ငံပိုင်အခန်း ဆောင်ရွက်မည့် လုပ်ငန်းစီမံကိန်းများနှင့် ရင်းနှီးမြှုပ်နှံမှု လျာထားချက်တွင်ပါရှိသော ဆောင်ရွက်မည့် လုပ်ငန်းစီမံကိန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် တည်ဆဲဥပဒေ၊ နည်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေအရကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်းအရ
ကဏ္ဍကြီးများအလိုက် အသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးရည်မှန်းချက်
(၂၀၁၀-၂၀၁၁ဘဏ္ဍာနှစ်၊ ပုံမှန်စျေးနှုန်းများအရ)

ပူးတွဲ-၁

(တန်ဖိုး-ကျပ်သန်း)

အမှတ်စဉ်		ကဏ္ဍကြီး	၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် (အမျိုးသားစီမံကိန်း) တန်ဖိုး	ပါဝင်မှုအချိုး (ရာခိုင်နှုန်း)	တိုးတက်မှုနှုန်း (ရာခိုင်နှုန်း)	၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် (အမျိုးသားစီမံကိန်း) တန်ဖိုး	ပါဝင်မှုအချိုး (ရာခိုင်နှုန်း)	တိုးတက်မှုနှုန်း (ရာခိုင်နှုန်း)
၁		၂	၃	၄	၅	၆	၇	၈
၁		လယ်ယာကဏ္ဍကြီး	၁၅,၈၆၅,၂၉၆·၇	၃၁·၈	၃·၃	၁၆,၄၈၉,၃၀၈·၂	၃၀·၃	၃·၉
	၁	လယ်ယာ	၁၁,၆၃၃,၁၂၈. ၃	၂၃. ၃	၂. ၃	၁၁,၉၄၄,၀၈၇. ၈	၂၁. ၉	၂. ၇
	၂	သားငါး	၄,၀၈၂,၈၄၄. ၆	၈. ၂	၆. ၇	၄,၄၃၉,၈၀၉. ၉	၈. ၂	၈. ၇
	၃	သစ်တော	၁၄၉,၃၂၃. ၈	၀. ၃	-၆. ၁	၁၀၅,၄၁၀. ၅	၀. ၂	-၂၉. ၄
၂		စက်မှုကဏ္ဍကြီး	၁၄,၃၃၈,၅၇၃·၉	၂၈·၈	၁၃·၃	၁၅,၈၂၇,၆၁၂·၇	၂၉·၁	၁၀·၄
	၁	စွမ်းအင်	၇၀,၉၉၈. ၉	၀. ၂	၅. ၅	၈၀,၅၂၄. ၁	၀. ၂	၁၃. ၄
	၂	သတ္တုနှင့်တွင်းထွက်ပစ္စည်း	၄၁၅,၁၂၆. ၈	၀. ၈	၂၄. ၆	၄၅၁,၆၇၈. ၆	၀. ၈	၈. ၈
	၃	စက်မှုလက်မှု	၁၀,၇၇၈,၇၃၆. ၅	၂၁. ၆	၁၀. ၉	၁၁,၈၀၂,၁၈၄. ၁	၂၁. ၇	၉. ၅
	၄	လျှပ်စစ်ဓာတ်အား	၅၇၃,၈၀၄. ၄	၁. ၂	၁၃. ၈	၆၄၀,၂၀၆. ၈	၁. ၂	၁၁. ၆
	၅	ဆောက်လုပ်မှု	၂,၄၉၉,၉၀၇. ၃	၅. ၀	၂၂. ၇	၂,၈၅၂,၈၁၉. ၁	၅. ၂	၁၄. ၁
၃		ဝန်ဆောင်မှုကဏ္ဍကြီး	၁၉,၆၆၄,၉၄၂·၇	၃၉·၄	၁၀·၇	၂၂,၁၁၁,၃၄၂·၄	၄၀·၆	၁၂·၄
	၁	ပို့ဆောင်ရေး	၆,၂၀၅,၈၅၄. ၁	၁၂. ၄	၅. ၁	၆,၆၇၅,၂၉၃. ၇	၁၂. ၃	၇. ၆
	၂	ဆက်သွယ်ရေး	၁,၅၄၇,၇၂၅. ၁	၃. ၁	၅၇. ၂	၂,၆၁၄,၁၇၉. ၅	၄. ၈	၆၈. ၉
	၃	ငွေရေးကြေးရေး	၁၀၃,၀၇၁. ၄	၀. ၂	၉၂. ၇	၁၂၇,၆၆၀. ၄	၀. ၂	၂၃. ၉
	၄	လူမှုရေးနှင့် စီမံခန့်ခွဲရေး	၁, ၁၄၄, ၂၉၆. ၀	၂. ၃	၂၇. ၈	၁, ၃၈၆,၉၃၉. ၇	၂. ၆	၂၁. ၂
	၅	ငှားရမ်းခနှင့် အခြားဝန်ဆောင်မှု	၁,၁၁၉,၆၇၃. ၆	၂. ၃	၁၅. ၇	၁,၂၅၁,၁၃၁. ၄	၂. ၃	၁၁. ၇
	၆	ကုန်သွယ်မှု	၉,၅၄၄,၃၂၂. ၅	၁၉. ၁	၆. ၆	၁၀,၀၅၆,၁၃၇. ၇	၁၈. ၄	၅. ၄
၄		အသားတင်ထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုး(ဂျီဒီပီ)	၄၉,၈၆၈,၈၁၃·၃	၁၀၀·၀	၈·၉	၅၄,၄၂၈,၂၆၃·၃	၁၀၀·၀	၉·၁

စာမျက်နှာ ၁၆ သို့

စာမျက်နှာ ၁၅ မှ

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်းအရ
ကဏ္ဍအလိုက်အသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးရည်မှန်းချက်
(၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်၊ ပုံမှန်ဈေးနှုန်းများအရ)

ပူးတွဲ-၂

(တန်ဖိုး-ကျပ်သန်း)

[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]

တိုင်းဒေသကြီးနှင့်ပြည်နယ်များ၏
၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် စီမံကိန်းအရ
အသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးရည်မှန်းချက်
(၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်၊ ပုံမှန်ဈေးနှုန်းများအရ)

ပူးတွဲ-၃

(တန်ဖိုး-ကျပ်သန်း)

[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်းအရ
ကဏ္ဍကြီးများအလိုက်အသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးရည်မှန်းချက်
(နှစ်အလိုက်ဈေးနှုန်းများအရ)

ပူးတွဲ-၄

(တန်ဖိုး-ကျပ်သန်း)

[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်းအရ
ကဏ္ဍအလိုက်အသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးရည်မှန်းချက်
(နှစ်အလိုက်ဈေးနှုန်းများအရ)

ပူးတွဲ-၅

(တန်ဖိုး-ကျပ်သန်း)

[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]

တိုင်းဒေသကြီးနှင့် ပြည်နယ်များ၏
၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် စီမံကိန်းအရ
အသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးရည်မှန်းချက်
(နှစ်အလိုက်ဈေးနှုန်းများအရ)

ပူးတွဲ-၆

(တန်ဖိုး-ကျပ်သန်း)

[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]

စာမျက်နှာ ၁၇ သို့

စာမျက်နှာ ၁၆ မှ

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းအရ ပိုင်ဆိုင်မှုအခန်းအလိုက်ရင်းနှီးမြှုပ်နှံမှုလျာထားချက်

အမှတ်စဉ်	အကြောင်းအရာ	၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် (အမျိုးသားစီမံကိန်း)		၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် (အမျိုးသားစီမံကိန်း)	
		တန်ဖိုး (ကျပ်သန်း)	ပါဝင်မှု (ရာခိုင်နှုန်း)	တန်ဖိုး (ကျပ်သန်း)	ပါဝင်မှု (ရာခိုင်နှုန်း)
၁	၂	၃	၄	၅	၆
၁	နိုင်ငံပိုင်	၄,၉၂၈,၈၂၄.၀*	၂၅.၅	၆,၈၅၉,၉၂၂.၅*	၂၉.၄
၂	သမဝါယမပိုင်	၁,၆၇၃.၇	၀.၀၁	၂,၀၅၇.၇	၀.၀၁
၃	ပုဂ္ဂလိကပိုင်	၁၄,၄၁၂,၁၆၇.၇	၇၄.၅	၁၆,၄၃၇,၁၁၃.၀	၇၀.၆
	စုစုပေါင်း	**၁၉,၃၄၂,၆၆၅.၄**	**၁၀၀.၀**	**၂၃,၂၉၉,၀၉၃.၂**	**၁၀၀.၀**

***နိုင်ငံခြားချေးငွေနှင့် အထောက်အပံ့အပါအဝင်ဖြစ်ပါသည်။**

ကနီမြို့တွင် နွေရာသီ ယဉ်ကျေးလိမ္မာသင်တန်းဖွင့်

ကနီ မတ် ၃၀

စစ်ကိုင်းတိုင်းဒေသကြီး ကနီမြို့ ဟိတပုညကျန်းမာရေးနှင့်လူမှုကူညီရေးအသင်းက ကြီးမှူး၍ ကျောင်းသားကျောင်းသူများ နွေရာသီကျောင်းပိတ်ချိန်ကို အကျိုးရှိစွာအသုံးချတတ်စေရန်နှင့် လိမ္မာယဉ်ကျေးသောကလေးများဖြစ်စေရန်အတွက် ယဉ်ကျေးလိမ္မာသင်တန်းကို အမှတ်(၂)ရပ်ကွက် မင်းကျောင်း ကျောင်းတိုက်မြေမှာရှိ၌ မတ် ၂၆ ရက် နံနက် ၈ နာရီတွင် ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်းသိရသည်။

သင်တန်းဖွင့်လှစ်မှုနှင့်ပတ်သက်၍ "အခုလိုနွေရာသီကျောင်းပိတ်ရက်တွေမှာ ကျောင်းသားကျောင်းသူလေးတွေကို ယဉ်ကျေးလိမ္မာတဲ့ကလေးတွေ၊ လူကြီးမိဘကိုရိုသေတဲ့ကလေးတွေဖြစ်စေဖို့နဲ့ ယနေ့ ကမ္ဘာသုံးစကားဖြစ်တဲ့ အင်္ဂလိပ်စာကို တတ်စေချင်တာရယ်၊ ယာဉ်စည်းကမ်း လမ်းစည်းကမ်းတွေကို သိရှိလိုက်နာတတ်အောင် အခုလိုသင်တန်းဖွင့်ပေးတာပါ"ဟု သင်တန်းမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

အဆိုပါ ယဉ်ကျေးလိမ္မာသင်တန်းတွင် ဗုဒ္ဓစာပေ၊ သဒ္ဒါ၊ သင်္ဂြိုဟ်၊ အင်္ဂလိပ်သဒ္ဒါနှင့် ယာဉ်စည်းကမ်း လမ်းစည်းကမ်းများကို ရက်သတ္တနှစ်ပတ်ကြာသင်ကြားပေးသွားမည်ဖြစ်ပြီး အဆိုပါ သင်တန်းသို့ သင်တန်းသား သင်တန်းသူ ၈၅ ဦး တက်ရောက်လျက်ရှိကြောင်း သိရသည်။

(သန်းဌေးအောင်-ကနီ)

မီးဘေးကြိုမြင် သတိယှဉ်

ကောင်းနန္ဒကျော်(ကြေးမုံ)

aE0;umv av½;rxr aqmi;tue aEtul; þv&mo0;wi r;ab; tE&m,ui;a0;avatmi...

ယခုလို ပူပြင်းလှသည့် နွေရာသီတွင် စာရေးသူတို့နိုင်ငံအတွင်း နေရာအနှံ့မီးလောင်မှုဖြစ်စဉ်များကို ကြားနေ၊ တွေ့နေရသဖြင့် စိတ်မချမ်းမြေ့ဖွယ်ဖြစ်သည်။

ကမ္ဘာဦးကျောက်ခေတ်လူသားများ သားစိမ်း၊ ငါးစိမ်းစားသောက်ပြီး ရိုင်းစိုင်းနေသည့် လူနေမှုဘဝမှကျောက်တုံးချင်းပွတ်တိုက်ရာက မီးပွင့်လာသည်ကိုမြင်တွေ့ကြပြီး မီးကိုစတင်အသုံးပြုလာကြသည်။ မီးဖြင့်ချက်ပြုတ်စားသောက်ကာ လူနေမှုဘဝမြင့်မားလာခဲ့ကြသည်။ မီးကိုအကျိုးရှိရှိအသုံးချတတ်လာကြခြင်းကြောင့် မီးသည်သူတို့အတွက် အသုံးတည့်လာကြပြီး မီးကိုတန်ဖိုးထားလာတတ်ကြသည်။ မီးသည်သူတို့အတွက် မိတ်ဆွေဖြစ်လာကြသည်။ ကမ္ဘာဦးလူသားများပင် မီးကိုသူတို့၏မိတ်ဆွေအဖြစ် အသုံးချတတ်နိုင်လျှင် စာရေးသူတို့ ယနေ့လူသားအားလုံးက အသိဉာဏ်ဖွံ့ဖြိုးတိုးတက်လာသူများဖြစ်ကြသဖြင့် ကျောက်ခေတ်လူသားများထက် မီးကိုပိုမိုအကျိုးရှိစွာအသုံးချတတ်သူများ၊ တန်ဖိုးရှိစွာသုံးတတ်သူများဖြစ်သင့်သကဲ့သို့ မီးကိုဆင်ဆင်ခြင်ခြင်အသုံးပြုတတ်သင့်ပေသည်။

မီးလောင်ကျွမ်းရသည့် အကြောင်းရင်းကို လေ့လာကြည့်သော် ခြင်ဆေးခွေမီး၊ ဖယောင်းတိုင်မီး၊ အမွှေးတိုင်မီး၊ ဆေးလိပ်တိုမဆင်မခြင်စွန့်ပစ်မီး၊ ဘက်ထရီအားသွင်းရာမှ အပူလွန်ကဲမီး၊ Save Guard များ၊ ဝါယာကြိုးများအပူလွန်ကဲခြင်းနှင့်ရှော့ခ်ဖြစ်ခြင်းမီး၊ ချက်ပြုတ်စားသောက်ရာမှ မီးကြွင်း မီးကျန်ကြောင့်ဖြစ်သည့်မီး၊ မသမာသူများရှို့မီး၊ တောမီးလောင်ရာမှ ကူးစက်မီးအပြင် အခြားသောလူတို့ပေါ့ပေါ့ဆဆ နေထိုင်သုံးစွဲခြင်းကြောင့်ဖြစ်ပေါ်လာသော မီးလောင်မှုများကြောင့် နိုင်ငံ၊ မြို့ရွာအသီးသီးရှိပြည်သူများ အိုးမဲ့အိမ်မဲ့ဖြစ်လာကြရသည်။ မဆုံးရှုံးသင့်ဘဲ ဆုံးရှုံးမှုများဖြစ်ခဲ့ကြရသည့်အပြင် မိမိကြောင့်မီးလောင်ဆုံးရှုံးမှုများဖြစ်ခဲ့ပါလျှင်လည်း တရားဥပဒေကြောင်းအရပါရင်ဆိုင်ဖြေရှင်းကြရမည့် နောက်ဆက်တွဲဒုက္ခမျိုးစုံတို့ကိုပါ ခံစားကြရပေမည်။

သို့ကြောင့်ပင် မီးနှင့်ပတ်သက်သည့် "မီးလောင်ရာလေပင့်" "အမှိုက်ကစပြာသာဒ်မီးလောင်" "မီးဘေးရှောင်မလောင်ခင်တား" "သုံးတတ်တော့ မိတ်ဆွေ မသုံးတတ်တော့ ရန်သူ" စသည်ဖြင့် ရှေးလူကြီးများဆိုစကားရှိခဲ့သည်။ ထို့အပြင် အဆိုတော် ဦးထွန်းရွှေ သီဆိုခဲ့သည့် "ရန်သူငါးပါးထဲမှာ မညှာမတာ ဘယ်သူ့မှမထောက်တဲ့ သူခိုးထက်ဆိုးတဲ့ရန်သူဟာ ဤဗုဗ္ဗုတစ်ခွင်မှာ ရန်သူမီး ကိုအစဉ်အမြဲသတိပြုကြပါ။ ဝမ်းနည်းစရာကောင်းလှအောင် တွေ့ကြုံရတာ မီးမရှိသေသူတစ်ဦးကြောင့် ကုန်ဆုံးလှတဲ့ အိမ်ပေါင်းများစွာရန်သူမီးကို အစဉ်အမြဲသတိပြုပါ၊ အမှိုက်ကစလောင်တတ်တာမို့ အိမ်တွင်းအိမ်ပြင် သန့်ရှင်းစေချင်တာ၊ လူတိုင်း လူတိုင်းမီးကိုသတိပြုကြပါ" သီချင်းလေးမှာ စာရေးသူတို့ငယ်စဉ်ဘဝကပင် နားရည်ဝခဲ့ကြသည့် သီချင်းလေးဖြစ်၍ "တောရော မြို့ပါမကျန် လူသားအားလုံးလိုက်နာဖွယ်ကောင်းသည့် မီးဘေးအန္တရာယ်ကာကွယ်ရေးတေးသီချင်းပင်ဖြစ်တော့သည်။

သို့ပါ၍ နွေဦးကာလ လေရူးမထမီ ဆောင်းအကုန်နွေအကူး ဤလိုရာသီဦးတွင် မီးဘေးအန္တရာယ်ကင်းဝေးလေအောင် မီးနှင့်ပတ်သက်သည့်ဆောင်ရန်/ရှောင်ရန်တို့ကို အထူးသတိထားလိုက်နာကြရန်နှင့် အိမ်တိုင်းတွင် မရှိမဖြစ်ထားရှိကြရမည့် မီးသတ်ဘူး၊ မီးသတ်ရေပုံး၊ မီးချိတ်နှင့် မီးကတ်၊ သဲပုံး၊ ရေတိုင်ကီများကို အသင့်ဆောင်ထားကြပါရန်နှင့် မီးဘေးအန္တရာယ်ကြုံတွေ့လာပါကလည်း နီးစပ်ရာမီးသတ်တပ်ဖွဲ့၊ မီးသတ်ဦးစီးဌာနများသို့ အချိန်နှင့်တစ်ပြေးညီ အကြောင်းကြားဆက်သွယ်ကြပြီး စုပေါင်း၍ ညီညာဖျဖျ တားဆီးကြကာ "မီးဘေးကြိုမြင် သတိယှဉ်"ခဲ့ကြပါလျှင် မီးဘေးအန္တရာယ်မှ ကင်းဝေးကြမည်ဖြစ်ပါကြောင်း စေတနာကောင်းဖြင့် ရေးသားလိုက်ရပါတော့သည်။ ။

အသေးစား အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုဆပ်ကော်မတီ (Delivery Unit) မှ ဆောင်ရွက်ချက်များအား ထုတ်ပြန်ကြေညာခြင်း

အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ၏ ငွေကြေးအရင်းအနှီးများကို အထောက်အကူပြုရန်အတွက် အသေးစားနှင့်အလတ်စားစက်မှုလုပ်ငန်းဖွံ့ဖြိုးရေးဘဏ်မှ ချေးငွေများကို တစ်နှစ်လျှင် ၈ ဒသမ ၅ ရာခိုင်နှုန်း အတိုးနှုန်းဖြင့် ထုတ်ချေးလျက်ရှိရာ လာရောက်လျှောက်ထားသူ ပြည်နယ်နှင့်တိုင်းဒေသကြီးအလိုက် လုပ်ငန်းရှင်များကို အောက်ပါအတိုင်းထုတ်ချေးထားပါသည်-

စဉ်	ပြည်နယ်/တိုင်းဒေသကြီး	လုပ်ငန်းအမျိုးအစား	လုပ်ငန်းစုစုပေါင်း
၁။	ရန်ကုန်တိုင်းဒေသကြီး	၉ မျိုး	၂၇ ခု
၂။	မန္တလေးတိုင်းဒေသကြီး	၄ မျိုး	၁၅ ခု
၃။	ပဲခူးတိုင်းဒေသကြီး	၃ မျိုး	၈ ခု
၄။	ဧရာဝတီတိုင်းဒေသကြီး	၁ မျိုး	၄ ခု
၅။	မကွေးတိုင်းဒေသကြီး	၂ မျိုး	၃ ခု
၆။	တနင်္သာရီတိုင်းဒေသကြီး	၁ မျိုး	၁ ခု
၇။	စစ်ကိုင်းတိုင်းဒေသကြီး	၂ မျိုး	၂ ခု
၈။	နေပြည်တော်	၁ မျိုး	၁ ခု
၉။	ရခိုင်ပြည်နယ်	၁ မျိုး	၁ ခု
	စုစုပေါင်း		၆၂ ခု

ယခုအခါ ချေးငွေရယူရန်ဆက်လက်လျှောက်ထားတင်ပြလာသောလုပ်ငန်းများကိုလည်း အသေးစားနှင့်အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဗဟိုဌာနမှ စစ်ဆေးပေးလျက်ရှိပြီး အသေးစားနှင့်အလတ်စားစက်မှုလုပ်ငန်းဖွံ့ဖြိုးရေးဘဏ်သို့ လိပ်မူလျက် မှန်ကန်စွာဆောင်ရွက်နေသော လုပ်ငန်းရှင်များအတွက် ထောက်ခံချက်များဆက်လက်ထုတ်ပေးလျက်ရှိပါသည်။

အသေးစားနှင့်အလတ်စားလုပ်ငန်းများကို ချေးငွေပိုမိုထောက်ပံ့နိုင်ရန် ဂျာမနီနိုင်ငံမှ KFW အဖွဲ့အစည်း၊ ကိုရီးယားနိုင်ငံမှ KIF အဖွဲ့အစည်းနှင့် ဂျပန်နိုင်ငံ JICA အဖွဲ့အစည်းမှ Two-Step Loan စနစ်အရ နည်းပညာနှင့်ငွေကြေးရရှိရေးကိုလည်း ညှိနှိုင်းပြင်ဆင်ဆောင်ရွက်လျက်ရှိပါကြောင်းနှင့် ချေးငွေရယူလိုသူများ ဆောင်ရွက်ရသည့် လုပ်ထုံး လုပ်နည်းများကိုသိရှိနိုင်ရန်အတွက် အောက်ပါလိပ်စာအတိုင်း ဆက်သွယ်စုံစမ်းနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

အသေးစားနှင့်အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဗဟိုဌာန
အမှတ်(၃၅-ဘီ)/၁၅၊ တက္ကသိုလ်ရိပ်သာလမ်းသစ်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။
ဆက်သွယ်ရန်ဖုန်း- ၀၁-၅၅၉၂၃၉
ဆက်သွယ်ရမည့်သူများ
၁။ ဒေါ်ရီရီခိုင်(ဒုတိယညွှန်ကြားရေးမှူး)
၂။ ဒေါ်ခင်သော်တာဝင်း(လက်ထောက်ညွှန်ကြားရေးမှူး)



ရွှေဘိုမြို့တွင် တစ်ဦးတည်းသာ ကျန်တော့သည့် အာရှလူငယ်အစည်းအရုံးဝင် အမေဒေါ်သန်းမေ

ကျန်းမာရေးဆောင်းပါး

aumfZm(vSyd&bJ)

ဇရာထောင်းလို့ ရွက်ဟောင်းတွေ ကြွေခဲ့ပေမယ့် အမေဒေါ်သန်းမေတစ်ယောက်မှာတော့ အသက် ၈၈ နှစ်ကျော် ၉၀ တွင်းရောက်သော်လည်း တက်ကြွတုန်း၊ နိုးကြားတုန်း၊ နိုင်ငံတော်အရေးကို ပြောပြမိပြီဆိုရင်လည်း အမေ့မျက်လုံးတွေက တောက်ပဆဲအားမာန်ပြည့်ဆဲပါပဲ။

ပြီးခဲ့တဲ့နှစ် ဂုဏ်ပြုပွဲတုန်းက အမေဒေါ်သန်းမေနဲ့အတူ အာရှလူငယ် အမေဒေါ် မြမြစိမ်းလည်း ပါဝင်ခဲ့ပါသေးတယ်။ ဒီနှစ်မှာတော့ အမေဒေါ်မြမြစိမ်းက ကွယ်လွန်သွားပြီဖြစ်တဲ့အတွက် ရွှေဘိုမြို့မှာ ဂျပန်ခေတ် အာရှလူငယ်အဖွဲ့အစည်းအရုံးဝင်ဆိုလို့ အမေဒေါ်သန်းမေတစ်ဦးတည်းပဲ ကျန်ပါတော့တယ်။ ရွှေဘိုမြို့နယ် စာရေးဆရာအသင်းက မတ် ၂၇ ရက် တပ်မတော်နေ့ရောက်တိုင်း နှစ်စဉ်ဆိုသလို အမေတို့ကို ဂါရဝပြု ဂုဏ်ပြုပွဲလေးလုပ်နေကြဖြစ်ပါတယ်။ ဒီနှစ်မှာတော့ အမေဒေါ်သန်းမေတစ်ဦးတည်းသာ ဂုဏ်ပြုခွင့်ရခဲ့ပါတယ်။

အမေဒေါ်သန်းမေရဲ့ အသက်၁၇နှစ် ပတ်ဝန်းကျင်ကပဲ ဂျပန်ခေတ်အတွင်းမှာ ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်ဖွဲ့စည်းခဲ့တဲ့ အာရှလူငယ်အစည်းအရုံးထဲကို ဝင်ခဲ့တာပါ။ အင်မတန်ကြပ်တည်း ခက်ခဲပြီး အစစအရာရာ စိုးရိမ်ထိတ်လန့်နေရတဲ့ ဂျပန်ခေတ်မှာ ရွှေဘိုသူပီပီ သတ္တိရှိရှိ နိုင်ငံရေး အဖွဲ့အစည်းထဲမှာ ပါဝင်လှုပ်ရှားတယ်ဆိုတာ တော်ရုံတန်ရုံ ရဲရင့်မှုမဟုတ်ခဲ့ပါဘူး။

သူ့ကျွန်မခံ၊ မျိုးမာန်မချ၊ မသူ့အောက်၊ မမြောက်သူ့လက်၊ မမက်ကျွန်ဆု၊ မမူကျွန်ဘွဲ့၊ မငဲ့ကိုယ်ကျိုး . . . ဆိုတဲ့အတိုင်း မျိုးချစ်စိတ်ရဲရဲနီတဲ့ အမေဟာ ဗိုလ်ချုပ်ရဲ့ဦးဆောင်မှုနောက်ကို ယုံယုံကြည်ကြည် လိုက်ပါဆောင်ရွက်ခဲ့တဲ့ သူတစ်ယောက်ပါပဲ။

ဗိုလ်ချုပ်က သူ့ရဲ့ထုံးစံအတိုင်း တိုတိုတုတ်တုတ်နဲ့လိုရင်းဖြစ်တဲ့ 'တိုင်းကျိုးပြည်ပြုလုပ်ငန်းများကို ကိုယ်ကျိုးစွန့်ပြီး လုပ်ပေးကြရမယ်၊ အနစ်နာခံပြီး လုပ်ရဲတဲ့သတ္တိရှိမှ ဒီအာရှလူငယ်အစည်းအရုံးကို ဝင်ပါ၊ လူထုအပေါ် စေတနာမပါဘဲ၊ လုပ်ပေးတာမျိုးကို အလိုမရှိဘူး၊ စေတနာ၊ အနစ်နာခံပြီး စွန့်လွှတ်ရဲတဲ့ လူငယ်လူရွယ်တွေကိုသာ အလိုရှိတယ်" လို့ ရဲရဲတောက် မိန့်ခွန်းတိုလေးပြောလိုက်တာနဲ့ပဲ မြန်မာတစ်ပြည်လုံးမှာရှိတဲ့ မြို့နယ်အသီးသီးက ဗိုလ်ချုပ်နဲ့ထပ်တူခံစားကြတဲ့ လူငယ်အသီးသီးက အာရှလူငယ်အစည်းအရုံးထဲကို တစ်ယောက်ပြီးတစ်ယောက်၊ တစ်စုပြီးတစ်စုဝင်ကြတော့တာပါပဲ။

ထူးခြားတာကတော့ အာရှလူငယ်အဖွဲ့အရုံးထဲကို ယောကျ်ားလေးတွေတင်မကဘဲ မိန်းကလေးအများစုပါ ဝင်ကြတာပါပဲ။ မန္တလေးက လမ်း ၈၀ မှာ နေသွားခဲ့တဲ့ MA ဒေါ်အုန်းဆိုရင်လဲ အာရှလူငယ်အစည်းအရုံးထဲမှာ ရဲရဲတောက်ဆရာမကြီးပါပဲ။

ဗိုလ်ချုပ်အစိုးရလက်ထက် ပညာရေးဝန်ကြီး ဆရာကြီးဦးရာဇတ်က တာဝန်ပေးလို့ မန္တလေး တက္ကသိုလ် (ထိုစဉ်က မန္တလေး ဥပစာကောလိပ်) ပါဠိဌာနမှာ ပါမောက္ခလုပ်သွားခဲ့တာ၊ အခုတော့ MA ဒေါ်အုန်းလဲ မရှိတော့ပါဘူး။ ၂၀၀၃ ခုနှစ်က အသက် ၉၂ နှစ်အရွယ်မှာပဲ ကွယ်လွန်သွားခဲ့ရှာပါတယ်။

အခုချိန်ဆိုရင် အာရှလူငယ်အစည်းအရုံးဝင်ဆိုတာ အင်မတန် ရှားပါး သွားပါပြီ အမေ ဒေါ်သန်းမေကတော့ သက်ရှိထင်ရှားရှိနေဆဲမို့ ကျေးဇူးတင်ရပါတယ်။ အခုလက်ရှိ ရွှေဘိုမြို့ လမ်းမတော် (အောင်ဇေယျ) လမ်းမှာ သားဖြစ်တဲ့ ဦးနေဝင်းသန်းနဲ့အတူနေထိုင်လျက်ရှိပါတယ်။

မတ်လ ၂၇ ရက် ညနေငါးနာရီမှာ အမေဒေါ်သန်းမေကို ဂါရဝပြုကြဖို့ ရွှေဘိုက စာရေးဆရာ၊ သတင်းစာဆရာတွေနဲ့ အခြားဖိတ်ကြားထားသူအချို့တို့ သွားရောက်ခဲ့ကြပါတယ်။အခုချိန်ထိ အမေက ရှင်ရှင်ပြုပြု တက်တက်ကြွကြွ ပြောနိုင်ဆိုနိုင်တုန်းပါပဲ။ ဒါကိုမြင်ရတာကိုက ဝမ်းသာခဲ့ရပါတယ်။

"သားတို့တတွေ အခုလိုလာပြီး အသိအမှတ်ပြုကြတာ အမေ့အနေနဲ့ အတိုင်းမသိ ဝမ်းသာပါတယ်။ ဒီလိုမျိုး ဂုဏ်ပြုကြမယ်လို့ လဲမမျှော်လင့်ခဲ့ဘူးပါဘူး။ အဲဒီတုန်းက အမေတို့ခေတ်ပေါ့လေ။ လွန်ခဲ့တဲ့အနှစ် ၆၀ လောက်ကဆိုတော့ ခုလိုဘယ်ဟုတ်လိမ့်မတုန်း။ ကျန်းမာသန်းစွမ်းကြံ့ခိုင်တုန်းဆိုတော့ စိတ်သွားတိုင်း ကိုယ်ပါ ခဲ့တာပေ့ါ။အမေတို့က ဗိုလ်ချုပ်ရဲ့အငေးရောက်တပည့်တွေလေ။ ဗိုလ်ချုပ်ပြောခဲ့တဲ့စကားအတိုင်း လုပ်ကြကိုင်ကြတာပေ့ါ။ ဖက်ဆစ်ဂျပန်ကိုတော်လှန်တော့ အမေတို့ကိုယ်တိုင် ကျရာနေရာကနေပြီး တော်လှန်ခဲ့ရတာ။ ကြောက်ရကောင်းမှန်းလဲမသိဘူး။ ကိုယ့်ထမင်းကိုယ်စားပြီးလုပ်ခဲ့ရတာတွေလေ။ ကိုယ့်နိုင်ငံတော်အတွက် လုပ်ရတာဆိုတော့ အမေတို့ပျော်လဲပျော်တယ်။ ကျေလဲကျေနပ်တယ်။အသက်အရွယ်ရလာလို့ စဉ်းစားတော့မှ အမေဟာနိုင်ငံတော်ရဲ့တာဝန်ကြီးကို ကိုယ်ကျိုးလုံ့လမဖက်ဘဲ ဆောင်ရွက်ခွင့်ရခဲ့ပါလားဆိုပြီး ပီတိဖြစ်မိတာပဲရှိတယ်။ ဗိုလ်ချုပ်တို့ကျဆုံးသွားတုန်းက အမေတို့ငိုလိုက်ရတာလေ၊ ကိုယ်ရဲ့မိဘ အရင်းကွယ်လွန်သွားတဲ့အတိုင်းပဲ။ တွေးမိတိုင်းလွမ်းတုန်းပါပဲကွယ်" လို့ အမေက လွမ်းဆွတ်တဲ့ မျက်နှာနဲ့ ပြောပြခဲ့ပါတယ်။

အမေဒေါ်သန်းမေကို ကန်တော့တဲ့ အခမ်းအနားကိုတော့ တက်ရောက်ကြတဲ့ ပရိသတ်နဲ့အတူတွဲဖက်ပြီး ဗိုလ်ချုပ်ပေးလိုက်တဲ့ စာသားများကို သီချင်းရေးဆရာ ရွှေတိုင်ညွန့်ရေးသားခဲ့တဲ့ 'တပ်မတော်အင်အား'သီချင်းကို အမေကိုယ်တိုင် လိုက်ပါသီဆိုပြီး ရုပ်သိမ်းလိုက်ပါတော့တယ်။

စစ်ကိုင်းမြို့ မိုးဇာရပ်ကွက်ရှိ ကုက္ကိုပင်ခြောက်ကြီးမှာ အချိန်မရွေးလဲပြိုနိုင်သည့် အနေအထားသို့ ရောက်ရှိနေပြီးလျှပ်စစ်ဓာတ်ကြိုးများကြောင့်သစ်ပင်ကြီးကို အန္တရာယ်မကျရောက်ခင် သက်ဆိုင်ရာအဖွဲ့မှကွင်းဆင်း၍ အမြန်ဆုံးရှင်း လင်းရန် မြို့လူထုမှ လိုလားလျက်ရှိသည်။ သတင်းနှင့်ဓာတ်ပုံ- ခိုင်ဇေယျ

ယင်းတိုက်ငူမီးဘေးသင့်ပြည်သူများအား ထောက်ပံ့ပစ္စည်းပေးအပ်

ကျောင်းကုန်း၊ မတ် ၃၀

ပုသိမ်ခရိုင်၊ ကျောင်းကုန်းမြို့နယ် ရေတာကြီးကျေးရွာအုပ်စု။ ယင်းတိုက်ငူကျေးရွာ မီးဘေးသင့် ပြည်သူများအား ကျောင်းကုန်းမြို့နယ်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းထွန်းနှင့် ကျောင်းကုန်းပြည်ခိုင်ဖြိုး အတွင်းရေးမှူးဦးကျော်ဝင်းစိန်နှင့်အဖွဲ့တို့က ထောက်ပံ့ပစ္စည်းများကို မတ် ၂၈ ရက်က ပေးအပ်ခဲ့သည်။

ကျောင်းကုန်းမြို့နယ် မဲဆန္ဒနယ်လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းထွန်းက အလှူငွေ ကျပ် ၅၀၀၀၀၊ ကျောင်းကုန်းပြည်ခိုင်ဖြိုးပါတီ အတွင်းရေးမှူး ဦးကျော်ဝင်းစိန်နှင့်အဖွဲ့က အိမ်ထောင်စုတစ်စုလျှင် ခြင်ထောင်တစ်လုံး၊ စတီးဇလုံ နှစ်လုံး၊ စတီးဇွန်း တစ်ဒါဇင်တို့ကို ပေးအပ်လှူဒါန်းခဲ့သည်။

အဆိုပါမီးဘေးသင့် အိမ်ထောင်စု ၁၄ စုတို့ကို စုစုပေါင်းတန်ဖိုး ၁၈၀၀၀၀ လှူဒါန်းခဲ့ပြီး မီးလောင်ပြင်အား အမှတ်(၅၀၅)အမြောက်တပ်မှ ဗိုလ်ကြီးထွန်းကိုကိုပိုင်နှင့် ရဲဘော် ၁၂ ဦးနှင့် ကျေးရွာ အရန်မီးသတ်တပ်ဖွဲ့ဝင်တို့မှ သစ်ပင်များ ခုတ်ထွင်ရှင်းလင်းပေးပြီး အမှတ်(၆၃) အိမ်မဲတပ်မှဆေးဗိုလ်ကြီး လှထွန်းဦးက ဆေးဝါးကုသမှုများ ပြုလုပ်ပေးခဲ့ကြောင်းသိရသည်။

မြို့နယ်ပြန်/ဆက်

မြင်းမူမြို့ မြောက်ပိုင်းရပ်ကွက် တပင်ရွှေထီးရပ်ရှိ အ-မ-က(၇)ကျောင်းဆောင် ပြုပြင်ပြီးစီး

မြင်းမူ မတ် ၃၀

စစ်ကိုင်းတိုင်းဒေသကြီး မြင်းမူမြို့ မြောက်ပိုင်းရပ်ကွက် တပင်ရွှေထီးရပ်ရှိ အ-မ-က(၇)မူလတန်းကျောင်းအား ပညာရေးဝန်ကြီးဌာန၏ ပြင်ဆင်စရိတ်ခွင့်ပြုအနေဖြင့် ကျောင်းဆောင်နံရံအားနံကပ်အုတ်တက်ခြင်း၊ မျက်နှာကြက်တပ်ဆင်ခြင်း၊ ကျောင်းဆောင်ပြတင်းပေါက်အသစ်ပြုလုပ်ခြင်း၊ ကျောင်းဆောင်အတွင်းအပြင် ဆေးသုတ်မွန်းမံခြင်းလုပ်ငန်းများအား ကျောင်းအကျိုးတော်ဆောင်အဖွဲ့ ရပ်မိရပ်ဖများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးအဖွဲ့များ၏ ကြီးကြပ်မှုဖြင့် ပြီးခဲ့သည့် ဒီဇင်ဘာလ ၁၅ ရက်ကစတင်ဆောင်ရွက်ခဲ့ကြောင်းသိရသည်။

ယခုနှစ် ဖေဖော်ဝါရီ လ ၁၅ ရက်တွင် အားလုံးပြီးစီးသွားပြီး ၎င်းအပြင် အဆိုပါ အ-မ-က(၇) မူလတန်းကျောင်းမှာပင် ပြည်ထောင်စုလွှတ်တော်၏ ဒေသဖွံ့ဖြိုးမှုစီမံချက်များအရ မြင်းမူမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဇော်ဝင်းအောင်၊ တိုင်းဒေသကြီးလွှတ်တော်ကိုစားလှယ် ဦးသောင်းမြင့်၊ ဦးသိန်းဆွေတို့၏ ကြီးကြပ်လမ်းညွှန်မှုဖြင့် ဂါလန် ၆၀၀ ဆံ့ သောက်သုံးရေကန်နှင့် စက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ရာ ယခုအချိန်တွင် အားလုံးပြီးစီးသွားသဖြင့် ရပ်ကွက်နေပြည်သူအပေါင်းမှ နိုင်ငံတော်ကို ကျေးဇူးတင်လျက်ရှိကြောင်း သိရသည်။

ကိုကိုနိုင်(မြင်းမူ)

GOUSHI KAISHA SHIVAH SAWA SHOJI COMPANY

HTAY FAMILY GENERAL TRADING COMPANY LIMITED

(B.A.,H.G.P., R.L.)

(L.L.B., D.B.L., D.I.L.)

ပြည်လုံးကျွတ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရာတွင် မိရိုးဖလာတိုင်းရင်းသားများသို့ ပန်ကြားချက်

သင့်ကြောင့် မီးမလောင်ပါစေနှင့်

atmif*vm ta0;ajy;0ifwGif oluef;cufwGifxo,mOfrsm; twGif;n,fur,frsm;ajymvlum;

ရန်ကုန်၊ မတ် ၃၀

အောင်မင်္ဂလာ အဝေးပြေးဝန်းရှိ ရန်ကုန်တိုင်းဒေသကြီး မထသ (အဝေးပြေး) ဥက္ကဋ္ဌက မတ် ၃၁ ရက်တွင် ရန်ကုန်တိုင်းဒေသကြီးအခြေပြု ယာဉ်များအသင်းနှင့် အခြားတိုင်းနှင့် ပြည်နယ်အခြေပြုယာဉ်များအသင်းအား သင်္ကြန်ရက်များအတွင်းဆောင်ရန်ရှောင်ရန် စည်းကမ်းများအား အသိပေးပြောကြားမည်ဖြစ်ကြောင်း တိုင်းဒေသကြီး မထသ (အဝေးပြေး) က သိရသည်။

"မတ် ၃၁ ရက် မနက် ၁၀ နာရီလောက်မှာ ရန်ကုန်တိုင်းအခြေပြုယာဉ်အသင်းနဲ့ မွန်းလွဲ ၁ နာရီလောက်မှာ အခြားတိုင်းနဲ့ပြည်နယ်အခြေပြုယာဉ်အသင်းတွေကို နှစ်ပိုင်းခွဲပြီး အောင်မင်္ဂလာမထသ အစည်းအဝေးခန်းမမှာ ဥက္ကဋ္ဌကိုယ်တိုင် ပြောကြားမှာ ဖြစ်ပါတယ်"ဟု အောင်မင်္ဂလာယာဉ်ရပ်နားစခန်းရှိ ရန်ကုန်တိုင်းဒေသကြီး မထသ(အဝေးပြေး)၏ တာဝန်ရှိသူတစ်ဦးက ပြောသည်။

အဆိုပါ မထသယာဉ်အသင်းများမှ သက်ဆိုင်ရာ တာဝန်ခံများအား ရန်ကုန်တိုင်းဒေသကြီး မထသ (အဝေးပြေး) ၏ ဥက္ကဋ္ဌဖြစ်သူမှ သင်္ကြန်ရက်များတွင် ကြုံတွေ့နိုင်မည့် လက်မှတ်များအား လုပ်ထုံး လုပ်နည်းအတိုင်း စစ်ဆေးခြင်း၊ ယာဉ်စီးခပိုမိုမကောက်ခံရေးနှင့် လိုက်ပါစီးနင်းမည့် ခရီးသည်များအား ပြေပြစ်စွာဆက်ဆံနိုင်ရေးအတွက် အဓိကပညာပေးပြောကြားမည်ဖြစ်ပြီးယခင်နှစ်များတွင် တာဝန်ရှိသူများမှ ယာဉ်လိုင်းများအား စစ်ဆေးဆောင်ရွက်ခဲ့ကြောင်း သိရှိရသည်။

"သင်္ကြန်ရက်တွေမှာ ယာဉ်လိုင်းကို ဧပြီလ ၁၂ ရက်ကနေ ၁၈ ရက်ထိ ခေတ္တနားပါမယ် ။ ဒါပေမယ့်သင်္ကြန်ရက်နားအနီးမှာ ထွက်မယ့်ယာဉ်လိုင်းတွေရဲ့ ယာဉ်စီးခကိုတော့ ပုံမှန်အတိုင်းပဲကောက်ခံပါတယ်။ တိုးမြှင့်ထားတာမျိုးမရှိပါဘူး"ဟု ရန်ကုန်မှ ရမ်းဗြဲနှင့် ကျောက်ဖြူသို့ပြေးဆွဲသည့်မာန်သစ္စာယာဉ်လိုင်းမှ တာဝန်ရှိသူတစ်ဦး က ပြောသည်။

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်ရှိ အောင်မင်္ဂလာယာဉ်ရပ်နားစခန်းတွင် ရန်ကုန်တိုင်းဒေသကြီး အခြေပြု မထသယာဉ်လိုင်း ၁၀၀ ကျော်နှင့် အခြားတိုင်းနှင့်ပြည်နယ် အခြေပြုယာဉ်လိုင်းပေါင်း ၁၀၀ ကျော်ရှိပြီး လက်ရှိတွင် ပြေးဆွဲနေကြောင်း ရန်ကုန်တိုင်းဒေသကြီး မထသ (အဝေးပြေး) ၏ တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။

စိုးအောင်ဖေ

အင်းလေးမြိုင်နှင့် ကုန်းဖောက် ရပ်ကွက် သွားလာဆက်သွယ်မှုလွယ်ကူ

မြိတ်၊ မတ် ၃၀

မြိတ်မြို့ မြိတ်တောင်ကျေးရွာတွင် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် နယ်စပ်ရေးရာဝန်ကြီးဌာန ရန်ပုံငွေဖြင့် အင်းလေးမြိုင်ရပ်ကွက်နှင့် ကုန်းဖောက်ရပ်ကွက်ကို ဆက်သွယ်ထားသော ကွန်ကရစ်တံတားတစ်စင်းကို ဖေဖော်ဝါရီ ၃ ရက် နံနက် ၁၀ နာရီက တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကိုနှင့် တိုင်းဒေသကြီးဝန်ကြီးများ တာဝန်ရှိသူများက ဖွင့်လှစ်ပေးခဲ့သည်။

ယခင်က အဆိုပါရပ်ကွက်နှစ်ခုကို သစ်သားတံတားဖြင့်ထိုးထားကာ စက်ဘီးနှင့်ဆိုင်ကယ်များသာ သွားလာနိုင်ပြီး ထော်လာဂျီနှင့် မော်တော်ကားများ သွားလာနိုင်ခြင်းမရှိသဖြင့် အရေးပေါ် ကျန်းမာရေးအခြေအနေများနှင့် ကုန်ပစ္စည်း သယ်ယူပို့ဆောင်ရေးတို့တွင် များစွာအခက်အခဲရှိခဲ့သည်။

ယခုဖွင့်လှစ်ခဲ့ပြီးသော တံတားသည် ကွန်ကရစ် တံတားဖြစ်ပြီး အလျား ၁၀၀ ပေ အမြင့် ၂၀ ပေနှင့် တစ်ဖက်လျှင် လူသွားလမ်း လေးပေစီပါဝင်ကာ စုစုပေါင်း တံတားအကျယ် ၂၂ ပေခန့်ရှိပြီး တန်ဖိုးငွေကျပ် ၉၅၀ သိန်းခန့် ကုန်ကျခဲ့သည်။

ကျေးရွာနှစ်ရွာအား ဆက်သွယ်ထားသောကွန်ကရစ်တံတားအားတွေ့ရစဉ်။

ကျေးလက်နေပြည်သူများဘဝ ဖွံ့ဖြိုးတိုးတက်ရေးနှင့် လမ်းပမ်းဆက်သွယ်မှု လွယ်ကူချောမွေ့စေရေးအတွက် တာဝန်ရှိသူများက ကျေးရွာများအထိကွင်းဆင်း၍ ပြည်သူတို့၏ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ထိုကုန်းဖောက်ကွန်ကရစ်တံတားကြောင့် အင်းလေးမြိုင်ရပ်ကွက်မှ တဆင့် ကုန်းဖောက်ရပ်ကွက်ကိုဖြတ်ကာ မြိတ်လေဆိပ်၊ မြိတ်ဆေးရုံနှင့် မြိတ်တက္ကသိုလ်တို့ကို အချိန်တိုအတွင်း အလွယ်တကူ သွားရောက်နိုင်ပြီး ကုန်ပစ္စည်းများကို အလွယ်တကူ သယ်ယူပို့ဆောင်နိုင်သဖြင့် ကျေးရွာနေပြည်သူများနှင့် ကျောင်းသား၊ ကျောင်းသူများအတွက် လူမှုရေး၊ ပညာရေးနှင့် ကျန်းမာရေး အတွက် များစွာအထောက်အကူရကြောင်း သိရသည်။

ဇော်မျိုးနိုင်(ပြန်/ဆက်)

သတင်းတို

အသေးစားနှင့်အလတ်စားစက်မှုလုပ်ငန်းဖွံ့ဖြိုးရေးဘဏ် ဘဏ်ခွဲဖွင့်

လုပ်ငန်းဖွံ့ဖြိုးရေးဘဏ် (ပုသိမ်ဘဏ်ခွဲ) ဖွင့်ပွဲအခမ်းအနားကို မတ် ၂၈ ရက်က ဖွင့်လှစ်ခဲ့သည်။ အဆိုပါအခမ်းအနားသို့ အသေးစားနှင့်အလတ်စား စက်မှုလုပ်ငန်းဖွံ့ဖြိုးရေးဘဏ်ဥက္ကဋ္ဌ (၁) စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်၊ ဧရာဝတီတိုင်း ဒေသကြီးအစိုးရအဖွဲ့ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီး ဦးဝင်းကိုကို၊ အသေးစားနှင့် အလတ်စား စက်မှုလုပ်ငန်းဖွံ့ဖြိုးရေးဘဏ်ဥက္ကဋ္ဌ (၂) အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ ဒေါက်တာသန်းထွန်း၊ အသေးစားနှင့် အလတ်စား စက်မှုလုပ်ငန်းဖွံ့ဖြိုးရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူး ဦးတင်မောင်ဌေးနှင့် တိုင်းအဆင့်ဌာနဆိုင်ရာများ၊ ဘဏ်ဝန်ထမ်းများ နှင့်ဧည့်ပရိသတ်များတက်ရောက်ကြသည် ။အခမ်းအနားတွင် ဧရာဝတီတိုင်း ဒေသကြီးအစိုးရအဖွဲ့ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီး ဦးဝင်းကိုကို၊ အဂ္ဂမဟာသီရိသုဓမ္မ မဏိဇောတဓရ ဒေါက်တာ သန်းထွန်း၊ ဦးတင်မောင်ဌေး တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးခဲ့သည်။

ခရိုင်(ပြန်/ဆက်)

အင်းတော်မြို့နယ် သက္ကယ်ကျင်းကျေးရွာအနီး ယာဉ်တိမ်းမှောက်မှုကြောင့် နှစ်ဦးသေ၊ ၁၉ ဦးဒဏ်ရာရ

အင်းတော်၊ မတ် ၃၀

စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာခရိုင်၊ အင်းတော်မြို့နယ်၊ သက္ကယ်ကျင်းကျေးရွာအနီး ကားလမ်းတွင် ယာဉ်တစ်စီးတိမ်းမှောက်ခဲ့သဖြင့် လူနှစ်ဦးသေဆုံးပြီး ၁၉ ဦး ဒဏ်ရာအသီးသီးရရှိခဲ့ကြောင်း သိရသည်။

ယာဉ်မောင်း မြင်းချီး (ခ) စိုးမင်းခိုင် မောင်းနှင်လာသည့် ဒေါင်ဖန်းအမျိုးအစား ခြောက်ဘီး အစိမ်းပုတ်/ခဲရောင်၊ နံပါတ်မပါ (လိုင်စင်စိစစ်ဆဲ) ယာဉ်သည် ထီးချိုင့်မြို့မှ အင်းတော်မြို့နယ်၊ ဥသျှစ်ကုန်းရွာအလှူပွဲသို့ ဆိုင်းတီးရန် တီးဝိုင်းပစ္စည်းများနှင့် လူ ၂၅ ဦးခန့် တင်ဆောင်ပြီး မောင်းနှင်လာစဉ် မတ် ၂၅ ရက် ညနေ ၆ နာရီကျော်အချိန်ခန့်က အင်းတော်မြို့နယ်၊ သက္ကယ်ကျင်းကျေးရွာအနီး အရောက် ကုန်းအတက်တွင် ယာဉ်မှာ မတက်နိုင်ဘဲ နောက်သို့ပြန်လျှောကျပြီး တိမ်းမှောက်သွားခဲ့ရာ ယာဉ်ပေါ်ပါလာသူ ၂၅ ဦးအနက် ၂၁ ဦးမှာ ဒဏ်ရာများ အသီးသီးရရှိခဲ့သဖြင့် အင်းတော်ပြည်သူ့ဆေးရုံသို့ ဆေးဝါးကုသရန်ပို့ဆောင်စဉ် ဒဏ်ရာရရှိသူများအနက်မှ ဦးဒေါင်းညွှန့် ၆၀ နှစ်၊ မအူကုန်းလယ်ပြင်ရွာ၊ အင်းတော်မြို့နယ်မှာ ဦးခေါင်းပေါက်ပြဲ၊ ရင်ဘတ်ပွန်းပဲ့ဒဏ်ရာ၊ ဦးဝင်းဇော်ဦး ၄၂ နှစ်၊ တည်တောရွာ၊ ထီးချိုင့်မြို့နယ်မှာ ဦးခေါင်းပေါက်ပြဲဒဏ်ရာများဖြင့် သေဆုံးသွားခဲ့ကြောင်း သိရသည်။

ယာဉ်မောင်း မြင်းချီး(ခ)စိုးမင်းခိုင် ရပ်ကွက်(၁)၊ စံပြရပ်၊ ထီးချိုင့်မြို့နေသူအား အင်းတော်မြို့ မရဲစခန်းမှ (ပ) ၁၁/၂၀၁၄ ပြစ်မှု ၂၇၉/၃၃၈/၃၀၄ (က) ဖြင့် စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

တောင်ကတုံးစေတီထီးတင်ပွဲနှင့် ရေစက်ချပွဲကျင်းပ

ရွှေသောင်ယံ၊ မတ် ၃၀

ပုသိမ်ခရိုင်၊ ရွှေသောင်ယံမြို့နယ်ခွဲ သဲကျင်းကျေးရွာရှိ ပေါ်တော်မူဘုရားတည်ရှိရာ တောင်ကတုံး ရင်ပြင်၌ တည်ထားကိုးကွယ်သော ဉာဏ်တော်ကိုးတောင်ရှိ တောင်ကတုံးစေတီတော် မြတ်ကြီးတွင် မဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲများကို မတ် ၂၇ရက်မှ ၃၁ ရက်နေ့အထိ စည်ကားသိုက်မြိုက်စွာကျင်းပခဲ့သည်။

ထို့တောင်ကတုံး စေတီတော်မြတ်ကြီးတွင် ရွှေထီးတော်တင်ပွဲ၊ ဘုရားအနေကဇာတင်ပွဲနှင့် ရေစက်ချ အခမ်းအနား တို့ကို မတ် ၂၇ ရက်မှ ၃၁ ရက်နေ့အထိ ကျင်းပခဲ့ပြီး မတ် ၂၈ ရက်နှင့် ၂၉ ရက်နေ့ ညများမှာလည်း ကြယ်စင်လင်း ဇာတ်သဘင်အဖွဲ့ဖြင့် ဖျော်ဖြေတင်ဆက်သွားခဲ့ကြောင်း သိရသည်။

မြို့နယ်ခွဲ ပြန် /ဆက်

အများသိစေရန်ကြေညာချက်

ဖောင်းကြွပျောက်ဆုံးခြင်း

ရောင်းမည်

(1)ဂျပန် Dump 2Ton (ခတ်)

(မြို့တွင်းသုံးရန် အလွန်သင့်တော်)

(2)Probox (AYY)

(3)Delica 1 Ton Diesel (ခတ်)

Ph-09-73092373,09-5139420,09-25007675

မုံရွာစက်မှုဇုန်နှင့် သလ္လာရပ်ကွက်တို့တွင် ဓာတ်အားခ ပြောင်းလဲကောက်ခံမှုနှုန်းထားများ ရှင်းလင်း

မုံရွာ၊ မတ် ၃၀

လျှပ်စစ်ဓာတ်အားခ ပြင်ဆင်သတ်မှတ်ခြင်းနှင့်ပတ်သက်၍ လျှပ်စစ်အင်ဂျင်နီယာ ဦးဝင်းနိုင်စိုးက အသိပေးရှင်းလင်းဆွေးနွေးပွဲများကို မုံရွာမြို့ရှိ မုံရွာစက်မှုဇုန်နှင့် သလ္လာရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများတွင် မတ် ၂၆ ရက်က ကျင်းပခဲ့ရာထိုသို့လျှပ်စစ်ဓာတ်အားခပြောင်းလဲမှုအပေါ် အားလုံးနီးပါး လက်ခံခဲ့ကြပြီး ၂၄ နာရီ လျှပ်စစ်မီးရရှိရေးကိုသာ သက်ဆိုင်ရာက ဆောင်ရွက်ပေးပါရန် အကြံပြုမှုများရှိခဲ့ကြောင်း မြို့နယ်လျှပ်စစ်အင်ဂျင်နီယာထံမှ သိရသည်။

၎င်းက မီတာသုံးစွဲသူဒေသခံများကို ဓာတ်အားခယူနစ် အလွှာ လိုက်နှုန်းထားများအား ဧပြီ ၁ ရက်မှ ၃၀ ရက်အထိ တစ်လသုံးစွဲ ယူနစ် များကို မေလ ၁ ရက်မှစ၍ မီတာဖတ်ရှု ပြီးနောက်ပိုင်း ပေးချေရမည် ဖြစ်သည်။

"အခုလို မုံရွာစက်မှုဇုန်နဲ့ သလ္လာရပ်ကွက်တွေမှာ လျှပ်စစ် ဓာတ်အားခနဲ့ ပတ်သက်ပြီး ရှင်းလင်းဆွေးနွေးတာမျိုး ပွဲတွေကို မုံရွာမြို့မှာရှိတဲ့ ရပ် ကွက်တွေကို အလျဉ်းသင့်သလို ဆောင်ရွက်သွားမှာပါ"ဟု ၎င်းက ပြောသည်။

"ကျွန်တော်တို့အနေနဲ့ လျှပ်စစ်အတွက် မီးစက်တွေမောင်းရရင် ဆီဖိုးက မသက်သာလှပါဘူး။ အဲဒီကုန်ကျမယ့် ဆီဖိုးတွေနဲ့စာလိုက်ရင် အခုဈေးနှုန်းတက်ပါတယ်ဆိုတဲ့ လျှပ်စစ်ဓာတ်အားခက သက်သာလှပါတယ်။ စက်မှုဇုန်လုပ်ငန်းရှင်တွေအနေနဲ့ အခုလိုတိုးပေးရတာကို ဘာမှဝန်တာမကြီးကြပါဘူး"ဟု မုံရွာစက်မှုဇုန်လုပ်ငန်းရှင်တစ်ဦးက ပြောသည်။

မုံရွာမြို့ရှိ ရပ်ကွက်နှင့် ကျေးရွာများ၊ စက်မှုဇုန်အပါအဝင်တို့တွင် လျှပ်စစ်သုံးစွဲသူပေါင်း ၄၄၀၀၀ ကျော်ရှိကြောင်း မုံရွာမြို့နယ်လျှပ်စစ် အင်ဂျင်နီယာ ဦးဝင်းနိုင်စိုးကဆက်လက်ပြောသည်။

မျိုးဝင်းထွန်း(မုံရွာ)

မိတ္ထီလာမြို့တွင် ယခုနှစ် သင်္ကြန်ပြန်လည်စည်ကားမည်ဟု ခန့်မှန်း

မိတ္ထီလာ၊ မတ် ၃၀

မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ကာလ မကြာမီကျရောက်တော့မည်ဖြစ်ရာ နိုင်ငံတစ်ဝန်း ဈေးများတွင် ရေကစားပစ္စည်းများအရောင်းအဝယ် ဖြစ်လျက်ရှိပြီး မိတ္ထီလာခရိုင် မိတ္ထီလာမြို့ဈေးကြီး အတွင်း၌လည်း သင်္ကြန်ပစ္စည်းများ အရောင်းအဝယ်သွက်လျက်ရှိကြောင်း ဈေးရောင်းသူများထံမှ သိရသည်။

အဆိုပါ မိတ္ထီလာမြို့၏ အခြေအနေမှာ ၂၀၁၃ ခုနှစ်ဧပြီလကစတင်ပြီး အခြေအနေမှာ အေးအေး ချမ်းချမ်းဖြစ်လာခဲ့ပြီး ယခုနှစ် မဟာသင်္ကြန်ကာလ တွင် စည်ကားစွာ ကျင်းပနိုင်မည်ဖြစ်ကြောင်းသိရသည်။

"မိတ္ထီလာသင်္ကြန် မနှစ်က သိပ်မစည်လိုက်ဘူး။ ဒီနှစ်တော့ စည်မယ်ထင်ပါတယ်။ ဒါကြောင့် သင်္ကြန်ပစ္စည်းလည်း မနှစ်ကထက်ပိုပြီးတော့အရောင်းအဝယ် သွက်နေတာ။ ကျေးရွာတွေဘက်ကလာတဲ့ ဈေးဝယ်တွေက မြို့ပေါ်ရပ်ကွက်တွေကလာတဲ့ ဈေးဝယ်ထက် ပိုပြီးတော့ သင်္ကြန်ပစ္စည်းကို ဝယ်ယူကြတယ်" ဟု မိတ္ထီလာ မြို့မှ ဒေသခံတစ်ဦးကပြောသည်။

"ဒါကြောင့်ကျေးရွာတွေက အများဆုံး ဈေးဝယ်လာကြတဲ့ အခါဈေး (မဟာသင်္ကြန်ကာလ မတိုင်မီ ရက်ပိုင်းအလို) ဆို ဈေးသည်တွေကလည်း သူ့ထက်ငါအပြိုင်ဆိုင်ရောင်းချကြတာမို့ မိတ္ထီလာဈေးကြီး နှစ်စဉ်တိုင်းအခါဈေးဆို စည်စည်ကားကားဖြစ်တယ်။ သင်္ကြန်ပစ္စည်းရောင်းချတဲ့သူတွေလည်း ဈေးရောင်းကောင်းတာပေါ့" ဟု မိတ္ထီလာဈေးအတွင်းမှ ဈေးရောင်းချသူအမျိုးသမီးတစ်ဦးက ပြောသည်။

မိတ္ထီလာဈေးကြီးအတွင်းရောင်းချသည့် သင်္ကြန်ပစ္စည်း ရေကစားပစ္စည်းများကို မန္တလေးမြို့ ဈေးချိုတော်မှာ သွားရောက်ဝယ်ယူပြီးတစ်ဆင့်ပြန်လည်ရောင်းချခြင်းဖြစ်ကာ ပလတ်စတစ်ရေပြွတ်၊ ရေပိုက်၊ ရေသေနတ်၊ ရေပန်ကာစသည့် ကလေးကစားစရာပစ္စည်းများအား ကျပ် ၅၀၀၊ ကျပ် ၆၀၀၊ ကျပ် ၇၀၀ မှ ကျပ် ၁၀၀၀ကျော်အထိ ရောင်းချကြောင်း သိရသည်။

ချမ်းသာ (မိတ္ထီလာ)

မိတ္ထီလာမြို့မဈေးကြီးအတွင်း သင်္ကြန်ပစ္စည်းများရောင်းချနေစဉ်။

တွံတေးမြို့နယ်ရှိ လယ်ဧက ၁၀၀၀ ခန့်ကို မူလပိုင်ရှင်များစိစစ်၍ဧပြီလအတွင်း တပ်မှပြန်လည်ပေးအပ်မည်

ရန်ကုန်၊ မတ် ၃၀

ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ်အတွင်းမှ ကျေးရွာနှစ်ရှိ လယ်ဧက ၁၀၀၀ ခန့်ကို မူလပိုင်ရှင်များ စိစစ်ခြင်း၊ လယ်ဧကအရည်အတွက် အမှန်စစ်ဆေးခြင်းများ ပြုလုပ်ပြီး ဧပြီလအတွင်း တပ်မှပြန်လည်ပေးအပ်သွားမည်ဖြစ်ကြောင်း တွံတေးမြို့နယ်အတွင်းရှိ လယ်သမားအရေးဆောင်ရွက်ပေးနေသူ ဦးမန်းအုန်းမြင့်သိန်းက ပြောသည်။

"မတ် ၂၄ ရက်က မြို့နယ်အုပ်ချုပ်ရေးမှူးက ခေါ်ပြောတယ် စစ်ထောက်ချုပ်ရုံးက ပြန်ပေးလိုက်ပြီဆိုတာ။ အခု သင်္ကြန်မကျခင် တင်ပြထားတဲ့စာရင်းတွေနဲ့ မြေပြင်မှာရှိတဲ့စာရင်းတွေကို မြို့နယ်မြေစာရင်းနဲ့ မြို့နယ်အုပ်ချုပ်ရေးမှူးက ပြန်စစ်ဆေးပြီး ဧပြီလထဲမှာပဲ အပြီးပြန်ပေးသွားမှာ"ဟု ၎င်းက ပြောသည်။

အဆိုပါလယ်မြေ ပြန်လည်ပေးအပ်မည့်ကျေးရွာများမှာ ရေတွင်းကုန်းကျေးရွာနှင့် မဝန်းကျေးရွာအုပ်စုတို့မှ လယ်သမား ၇၂ ဦး၏ ပိုင်ဆိုင်သော လယ်ဧက ၉၀၃ ဧကဖြစ်ပြီး ၎င်းကျေးရွာနှစ်ရွာ၏ စစ်ထောက်ချုပ်ရုံးမှ ပြန်လည်ပေးအပ်သော လယ်ဧက စာရင်းမှာ ၉၆၉ ဧကရှိကြောင်းနှင့် လက်ရှိအချိန်တွင် သင်္ကြန်ကာလမတိုင်မီ လယ်သမားများအား မိမိတို့၏ လယ်ယာမြေစာရင်းများကို တင်ပြရန် အကြောင်းကြားထားပြီးဖြစ်ကြောင်း သိရသည်။

ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ်အတွင်း၌ တပ်မတော်မှ သိမ်းယူထားသည့် လယ်ဧကများမှာ ရေတွင်းကုန်းကျေးရွာအုပ်စု၊ မဝန်းကျေးရွာအုပ်စု၊ ခတ္တိယတိုက်နယ်ကျေးရွာ၊ ချောင်းကြီးကျေးရွာအုပ်စုတို့မှ လယ်ဧက ၂၃၀၀ ကျော်ရှိပြီး ယခုအခါ ဧက ၁၀၀၀ ခန့် ပြန်လည်ပေးအပ်ရန် စီစဉ်နေခြင်းဖြစ်ကြောင်း ဦးမန်းအုန်းမြင့်သိန်းက ထပ်မံရှင်းပြသည်။

ကျန်ရှိသည့် ခတ္တိယတိုက်နယ်ကျေးရွာနှင့် ချောင်းကြီးကျေးရွာအုပ်စုတို့ လယ်ယာမြေများသည် လက်ရှိအချိန်တွင် ငါးမွေးမြူရေးကန်များ လုပ်ကိုင်မှုများ ရှိနေခြင်းကြောင့် နောက်ထပ် ပြန်လည်ပေးအပ်မည့် အသုတ်တွင်မှ ရရှိနိုင်လိမ့်မည်ဟု ၎င်းက ရှင်းပြသည်။

တပ်မတော်အနေဖြင့် လက်ရှိအချိန်တွင် ယခင်က သိမ်းယူထားခဲ့သော လယ်ယာမြေများအား ပြန်လည်စွန့်လွှတ်နိုင်ရန်အတွက် စနစ်တကျစီစဉ်ဆောင်ရွက်လျက်ရှိနေပြီး သက်ဆိုင်ရာတိုင်းဒေသကြီး ပြည်နယ်အလိုက် ပြန်လည်လွှဲပြောင်းပေးအပ်လျက်ရှိနေကြောင်း သိရသည်။

တင်မောင်ဦး

သတင်းတိုများ

ပေါတော၌ 3MBG သုံးလပတ်အစည်းအဝေးကျင်းပ

ပုသိမ်ခရိုင်၊ ငပုတောမြို့နယ် ကျန်းမာရေးဦးစီးဌာနနှင့် Save The Children တို့ ပူးပေါင်း အကောင်အထည်ဖော်ဆောင်ရွက်သော မိခင်၊ မွေးကင်းစနှင့် ငါးနှစ်အောက်ကလေးကျန်းမာရေးစီမံချက် (3MBG) ၏ ဆောင်ရွက်မည့်လုပ်ငန်းများအား ဆွေးနွေးညှိနှိုင်းပွဲ သုံးလပတ်အစည်းအဝေးကို မတ်လ ၂၈ ရက် နံနက်ကမြို့နယ်ကျန်းမာရေးဦးစီးဌာနရုံးခန်းမ၌ ကျင်းပခဲ့သည်။ အဆိုပါ အစည်းအဝေးသို့ သက်ဆိုင်ရာဌာနများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ လူမှုရေး အသင်းအဖွဲ့များတက်ရောက်ခဲ့ကြောင်း သိရသည်။

မြို့နယ်ပြန်/ဆက်

ပြည်သူ့ဝန်ဆောင်မှု အပြုသဘောဆောင်ရွက်

ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းသည် ပုတ်ခတ်ရေးသားသောလုပ်ငန်းမဟုတ်၊ ပြည်သူ့ကို အောက်ကျို့၍ ဝန်ဆောင်မှုကို ကောင်းစွာခံယူပြီး အပြုသဘော ဆောင်ရွက်ခြင်းဖြစ်ကြောင်း မြင်းခြံခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ ပြည်သူ့ဗဟိုပြု အများပြည်သူ့ဝန်ဆောင်မှုမီဒီယာသင်တန်း ၁/၂၀၁၄ တွင်ခရိုင် ပြန်/ဆက်ဦးစီးမှူးဒေါ်နှင်းရည်က ပြောကြားသည်။ ပြည်သူ့အကျိုးအတွက်စွမ်းဆောင်ရည်မြင့်မားအောင်ပြည်သူလူထုကိုဗဟိုပြုသော မူဝါဒဖြင့် ဦးဆောင်နိုင်ရန် ကြိုးစားဆောင်ရွက်ကြရမည်ဟု ၎င်းက ဆက်လက်ပြောသည်။

ဇွေးမြင့်မောင်

အမြန်ရောင်းမည်
ဆောင်ခန်း (၁၅၃)
နံနက်-၀၉-၅၅၁၂၂၂၂ (?)
(၅၇)သိန်း

ကွန်ပျူတာပုရောဟိတ်

(၆)ထပ်တိုက် ရောင်းမည်။
100 KVA
05-73017594

မြေငှားပါမစ်မူရင်းများပြန်လည်အပ်နှံရန်ကြေညာခြင်း

စဉ်	ပိုင်ရှင်အမည်	မှတ်ပုံတင်အမှတ်	မြို့နယ်	မြေတိုင်းရပ်ကွက်	မြေကွက်အမှတ်
၁။	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၂။	[illegible]	[illegible]	[illegible]	[illegible]	[illegible]

EDE OBD II ကားကွန်ပြူတာဘောက် (၂ လ) သင်တန်း
ဧပြီလ(၁)ရက်နေ့တွင် တန်းခွဲသစ်ဖွင့်လှစ်မည်
Engine Doctor Engineering
No. 103, 53rd St. Yangon
09 4211 444 95
09 4211 444 96
09 4211 444 97

အမြန်ရောင်းမည်
(ပိုင်ရှင်)

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သင့်အတွေးမြင့်အသက်တယ်ပါ

ကြော်ငြာ

[illegible]

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၇/ရှေ့)၊ မြေကွက်အမှတ်(၉၈၇/ခ)၊ မြေကွက်တည်နေရာအမှတ်(၉၈၇/ခ)၊အောင်သပြေ(၁၂)လမ်း၊ (၇/အရှေ့)၊ သာကေတမြို့နယ် ဦးကျော်ရှိန် အမည်ပေါက် နှစ်(၆၀) ဂရန်မြေအား အမည်ပေါက် ဦးကျော်ရှိန်(ဖခင်)နှင့် ဒေါ်တင်စိန်(မိခင်)ကွယ်လွန်သဖြင့် တစ်ဦးတည်းသော သားဖြစ်သူ ဦးသိန်းလွင်[၁၂/သကတ(နိုင်)၁၀၃၉၄၅]က သေစာရင်း၊ ကျမ်းကျိန်လွှာ၊ ဂရန်ပျောက်ဆုံးကြောင်း ထောက်ခံချက်တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၈/ဝါဆို၊ မြေကွက်အမှတ်-၃၃၈၊ မြေကွက်တည်နေရာအမှတ်(၇)၊ ကန်သာယာလမ်း၊ ဝါဆိုရပ်ကွက်၊ ဒေါပုံ၊ ဒေါ်ကျင်ထွေး အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ၂၀၁၂ ခုနှစ်တွင် စွဲဆိုခဲ့သော တရားမကြီးမှုအမှတ်(၄၆၀/၁၂) အနိုင်ဒီကရီတရားမဇာရီမှုအမှတ်(၈၇/၂၀၁၃)နှင့် ဘီလစ်အရာရှိခန့်အပ်ကြောင်း အကြောင်းကြားစာနှင့် ဂရန်မူရင်းတင်ပြ၍ တရားရုံး(ဒေါ်ကျင်ထွေးနှင့် ဒေါ်စန်းဦး)တို့ကိုယ်စား ဘီလစ်ဒေါ်နှင်းဝင့်ဝင့်ဖြူ[၈/ဆဖန(နိုင်)၀၅၁၂၄၃]မှ အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားရာ ခိုင်လုံသောအထောက်အထားများဖြင့် (၇) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

စွမ်းအင်ဝန်ကြီးဌာန
မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)
(၇/၂၀၁၄)

၁။ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းအတွက် အောက်ဖော်ပြပါ ရေနံတူးဖော်/ထုတ်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများအား နိုင်ငံခြားငွေ(အမေရိကန်ဒေါ်လာ)/မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

စဉ်	တင်ဒါအမှတ်	ပစ္စည်းအမျိုးအမည်	မှတ်ချက်
(၁)	IFB-207(13-14)	5KW Diesel Engine Driven Generating Set	US$
(၂)	IFB-208(13-14)	Maintenance Requirement for Pipeline Centre(PLC-Daw Nyein)	US$
(၃)	IFB-209(13-14)	Universal Fuel Pump Test Stand	US$
(၄)	IFB-210(13-14)	Spares for CAT D 3512 Dita & CAT D 3406 C Engine	US$
(၅)	DMP/L-068(13-14)	Spares for Komatsu Dozer	KS
(၆)	DMP/L-069(13-14)	315/80 R 22.5 Tubeless Tyres	KS
(၇)	DMP/L-070(13-14)	Cylinderical Roller Bearings for FA-1600 Mud Pump	KS
(၈)	DMP/L-071(13-14)	1 1/4" Pitch Quardruble Chain & Offset Link	KS
(၉)	DMP/L-072(13-14)	Fuel Bowser(3200 Gals Capacity)	KS
(၁၀)	DMP/L-073(13-14)	Electronic Private Branch Exchange and Telephones	KS

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ကြော်ငြာပါသည့်နေ့မှစ၍ရုံးချိန်အတွင်း စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ်(၄၄)၊ နေပြည်တော်တွင် လာရောက်ဝယ်ယူနိုင်ပါသည်။

၃။ အဆိုပါအိတ်ဖွင့်တင်ဒါများကို ၂၈-၄-၂၀၁၄ရက် ၁၆း၃၀နာရီတွင် နောက်ဆုံးထား၍ ပစ္စည်းစီမံဌာန၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ်(၄၄)၊ နေပြည်တော်သို့ **(လူကိုယ်တိုင်)** လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။

မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း
ဖုန်း-၀၆၇-၄၁၁၀၉၇၊ ၄၁၁၂၀၆

ရထားပို့ဆောင်ရေးဝန်ကြီးဌာန
ကုန်းလမ်းပို့ဆောင်ရေး
အင်ဂျင်နီယာဌာန
(အခြေစိုက်အလုပ်ရုံ-၃၊ မရမ်းကုန်း)

အခြေခံယာဉ်မောင်းသင်တန်းကို ၂-၄-၂၀၁၄ ရက်နှင့် စနေ/တနင်္ဂနွေ အထူးသင်တန်းကို ၅-၄-၂၀၁၄ ရက်တွင် ဖွင့်ပါမည်။ ၂၁-၃-၂၀၁၄ ရက်မှစ၍ စာရင်းပေးသွင်းနိုင်သည်။

သင်တန်းသားဦးရေ ကန့်သတ်ထားသည်။

အခြေခံလျှပ်စစ် ဂဟေဆက်သင်တန်း၊ အင်ဂျင်သင်တန်း၊ တွင်ခုံသင်တန်းများကို ၂-၅-၂၀၁၄ ရက်တွင် ဖွင့်လှစ်ပါမည်။

ဆက်သွယ်ရန်
ဖုန်း-၆၆၀၈၅၁

စီးပွားဖြစ်မှိုမျိုးစုံ စိုက်ပျိုးရေး(၇)ရက် ရက်တိုသင်တန်း

၁။ သင်တန်းဖွင့်မည့်ရက်များ
(က) အမှတ်စဉ်(၂/၂၀၁၄) ၅-၅-၂၀၁၄ ရက်မှ ၁၂-၅-၂၀၁၄ ရက်ထိ
၂။ သင်တန်းကြေး ၃၅၀၀၀ ကျပ်၊ အဆောင်ကြေး ၃၅၀၀ ကျပ်
၃။ သင်ကြားပို့ချမည့်ဘာသာရက်များ
(က) မှိုအမျိုးမျိုး မွေးမြူစိုက်ပျိုးနည်း

တိုင်းဦးစီးမှူးရုံး
စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာန
လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
(၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့
ဖုန်း-၀၉-၄၂၀၀၈၂၂၀၀၊၀၉-၇၃၁၀၁၉၉၃၊ ၀၉-၄၂၀၅၁၅၇၉၊
လမ်းညွှန်-မင်္ဂလာဒုံကားစီး၍ အေဝမ်းမှတ်တိုင်တွင်ဆင်းပါ။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း ဓာတ်အားပို့လွှတ်ရေးစီမံကိန်းများဌာနမှတောင်တွင်းကြီး-ရွှေတောင် ၂၃၀ ကေဗွီ နှစ်ထပ်ဓာတ်အားလိုင်းအတွက် လိုအပ်သော တာဝါတိုင်များအား နိုင်ငံခြားငွေဖြင့် တင်ဒါခေါ်ဆိုဝယ်ယူလိုပါသည်။

တင်ဒါပုံစံရောင်းချမည့်ရက်	- ၃၁-၃-၂၀၁၄ ရက်
တင်ဒါပိတ်မည့်ရက်	- ၃၀-၅-၂၀၁၄ ရက်
တင်ဒါပိတ်မည့်အချိန်	- ၁၂း၀၀ နာရီ

တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
တင်ဒါကြီးကြပ်ရေးအဖွဲ့
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန
ရုံးအမှတ်(၂၇)၊ နေပြည်တော်။
ဖုန်း-၀၆၇-၄၁၀၂၀၉၊ ၄၁၀၂၈၂

လူမှုဝန်ထမ်းဦးစီးဌာန၏အစီအစဉ်
ဂျပန်နည်းပညာစင်တီမီတာဖြင့်
စက်ချုပ်သင်တန်းခေါ်ယူခြင်း

- စင်တီမီတာဖြင့် အင်္ကျီဆွဲနည်း
- မိန်းမဝတ် ရင်စေ့ပုံစံအမျိုးမျိုး
- မိန်းမဝတ် ခေတ်ပေါ်ပုံအမျိုးမျိုး
- မိန်းမဝတ် ရင်ဖုံးပုံအမျိုးမျိုး

စနေ/တနင်္ဂနွေ ပိတ်ရက် နံနက် ၉း၃၀ နာရီမှ ညနေ ၃ နာရီထိ ဖွင့်လှစ်မည်။

သင်တန်းကာလ (၈)ပတ်၊ သင်တန်းဖွင့်မည့်နေ့ ၂၆-၄-၂၀၁၄ ရက်

စိတ်ပါဝင်စားသူများ သင်တန်းလျှောက်လွှာများကို အောက်ပါလိပ်စာတွင် ရယူနိုင်ပါသည်။

စုံစမ်းရန်လိပ်စာ - ကျောင်းအုပ်၊ မသန်စွမ်းသက်ကြီးသင်တန်းကျောင်း အမှတ်(၆၅)၊ ကျိုက်ဝိုင်းဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၁-၉၆၆၁၇၁၂၊ ၀၉-၇၃၀၁၆၂၈၈၊ ၀၉-၇၃၀၇၄၈၅၆၊ ၀၉-၂၅၀၁၇၀၀၂၃

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၂၃/စက်မှုဇုန်၊ မြေကွက်အမှတ်(၃၉၄)၊ မြေကွက်တည်နေရာအမှတ်(၃၉၄)၊ မန္တလေးလမ်း၊ (၂၃)ရပ်ကွက်၊ ဒဂုံတောင်၊ ဦးခင်ရွှေ(AG-၁၉၃၉၆၆)၊ ဦးသန်းလှ အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဖခင်ဦးခင်ရွှေမိခင်ဒေါ်ကြီးအိန်တို့ ကွယ်လွန်၍ ဦးသန်းလှ(AG-၁၉၃၉၆၇)မှ တစ်ဦးတည်းသော တရားဝင်သားဖြစ်ကြောင်း ကျမ်းကျိန်လွှာတို့တင်ပြ၍ ပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

